# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၄ ခုနှစ် ၊ တန်ဆောင်မုန်းလဆန်း (၃) ရက် ၊ ကြာသပတေးနေ့ ၊ (27-10-2022) ၊ အတွဲ (၃၁) ၊ အမှတ် (၁၈၀)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်**

(၁) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

(၂) လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် ကိုဗစ်-၁၉ ကပ်ရောဂါကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

(၃) ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့်စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

(၄) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါသဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

(၅) အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အားလွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း

## တိုက်ကြီးနှင့်မော်ဘီတပ်နယ်တို့မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များကို တွေ့ဆုံအမှာစကားပြောကြား



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း မော်ဘီတပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်စဉ်။

**နေပြည်တော် အောက်တိုဘာ ၂၆**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့်တာဝန်ရှိသူများလိုက်ပါ၍ ယနေ့တွင် တိုက်ကြီးနှင့်မော်ဘီတပ်နယ်တို့မှ အရာရှိ၊စစ်သည်၊မိသားစုဝင်များကို တပ်နယ်ခန်းမများတွင် သီးခြားစီတွေ့ဆုံ၍ အမှာစကားပြောကြားသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)က အမှာစကားပြောကြားရာတွင် နိုင်ငံတော်နှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့် ဦးတည်ချက်(၉)ရပ်အပေါ် အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများ၊ အမျိုးသားရည်မှန်းချက် နှစ်ရပ်အဖြစ် တိုင်းပြည်သာယာဝပြောရေး၊ စားရေရိက္ခာဖူလုံရေးနှင့် နိုင်ငံရေးလုပ်ငန်းစဉ် နှစ်ရပ်အဖြစ် စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုတည်ဆောက်ရေးတို့ကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ရခြင်းအကြောင်းရင်းနှင့် ဆောင်ရွက်နေမှုအခြေအနေများ၊

စာမျက်နှာ ၁၆ ကော်လံ ၁ ➩


ASEAN TOURISM AWARDS(2022)၏ ASEAN MICE Venue Standardတွင် **Exhibition Venue Award**ရရှိခဲ့သော

မန္တလေးမြို့၏ ဂုဏ်ကျက်သရေဆောင်

**ရတနာပုံ ခန်းမ**

**ရရှိနိုင်သောဝန်ဆောင်မှုများ**

ဖိုရမ်များ၊ဆွေးနွေးပွဲများ၊အလုပ်ရုံဆွေးနွေးပွဲများ၊အစည်းအဝေးများ၊
ရှင်ပြုရဟန်းခံ နားထွင်းနားသ အလှူပွဲများ၊မင်္ဂလာဆောင်ပွဲများ၊မွေးနေ့ပွဲများ၊
အထိမ်းအမှတ်ညစာစားပွဲများ၊ ဈေးရောင်းပွဲတော်များ၊ အရောင်းမြှင့်တင်ရေးပွဲများ၊
နိုင်ငံတကာကုန်စည်ပြပွဲများ၊ အငြိမ့်ပွဲ ၊ပဒေသာကပွဲ၊ တေးဂီတဖျော်ဖြေပွဲများ၊
အလှဓာတ်ပုံရိုက်ကူးခြင်းများ အတွက် ခန်းမများ ငှားရမ်းခြင်းနှင့် ဝန်ဆောင်မှုများဆောင်ရွက်ပေးလျက်ရှိပါသည်၊
(၇၈)လမ်းနှင့် (၃၈)လမ်းထောင့်၊မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့၊ ဖုန်း - ၀၂-၄၀၃၀၄၃၈၊ ၀၂-၄၀၃၀၄၃၉၊၀၉ - ၆၆၇၈၉၉၉၉၁၊ ၀၉ - ၆၆၇၈၉၉၉၉၂





ရတနာပုံ

၂၀၂၂ ခုနှစ် အောက်တိုဘာ ၂၇ ရက်

အယ်ဒီတာ့အာဘော်

# သတင်းအမှားများအန္တရာယ် တားဆီးကာကွယ်

ယနေ့ခေတ်တွင် ဒစ်ဂျစ်တယ်နည်းပညာများ အရှိန်အဟုန်ဖြင့် တိုးတက်မြန်ဆန်လာခြင်းသည် လူတို့၏ဘဝနေထိုင်မှုပုံစံကို များစွာပြောင်းလဲစေသည်။ လူတို့သည် သတင်းအချက်အလက်များ သိရှိခြင်း၊ ဖျော်ဖြေရေးအစီအစဉ်များ ရယူခြင်းတို့အတွက် လက်ကိုင်ဖုန်းမှတစ်ဆင့် အွန်လိုင်းမီဒီယာကိုအသုံးပြုကြသည်။ ထိုသို့ အွန်လိုင်းမီဒီယာအသုံးပြုသူများပြားလာသည်နှင့်အမျှ သတင်းအမှား၊ ကောလာဟလများ၊ အမုန်းစကားများကို မသမာသောရည်ရွယ်ချက်အမျိုးမျိုးဖြင့် ဖော်ပြနေသောလုပ်ကြံသတင်းအတုများရှိလာသည့်အတွက် ပြည်သူများအနေဖြင့် သတင်းမှား၊ သတင်းမှန်ကို ခွဲခြားသိမြင်ရန်လိုအပ်သည်။

သတင်းတု၊ သတင်းမှားများသည် တိုင်းရင်းသားပြည်သူများအချင်းချင်း စိတ်ဝမ်းကွဲမှုများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်အစိုးရတာဝန်ရှိသူများနှင့် ပြည်သူများအကြား စည်းလုံးညီညွတ်မှုကို ပျက်စီးယိုယွင်းမှုများ ဖြစ်ပေါ်စေပြီး ယုံစားမိသည်နှင့်အမျှ စိုးရိမ်ထိတ်လန့်ကာ စိတ်ဒဏ်ရာများ၊ အမုန်းတရားများ နက်နက်ရှိုင်းရှိုင်းဖြစ်ပေါ်စေသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် နိုင်ငံ့အကျိုးအတွက် နိုင်ငံတော်အစိုးရနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် လူပုဂ္ဂိုလ်အဖွဲ့အစည်းများ၏ လုပ်ဆောင်ချက်များအပေါ် မမှန်သတင်းများ အမြဲထုတ်လွှင့်နေသည့် တရားမဝင်မီဒီယာတစ်ခုဖြစ်သည့် **Khit Thit Media** အနေဖြင့် ဗန်းမောက်မြို့နယ်အတွင်းရှိ ဆေးရုံနှစ်ခုကို တပ်မတော်မှ လေကြောင်းဖြင့် ဗုံးကြဲတိုက်ခိုက်ခဲ့ကြောင်း မဟုတ်မမှန်သတင်းအား အောက်တိုဘာ ၂၃ ရက်တွင် လူမှုကွန်ရက်များပေါ်၌ ကောလာဟလသတင်းများ ထုတ်လွှင့်ခဲ့သည်ကို နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြထားသည်ကို တွေ့ရသည်။ ၎င်းဖြစ်စဉ်ကို လျှို့ဝှက်ဆက်သွယ်သတင်းပေးပို့သည့် ကျေးရွာအုပ်စုများ၏ လုံခြုံရေးအတွက် တရားဝင်သတင်းမထုတ်ပြန်သော်လည်း အွန်လိုင်းမီဒီယာများမှ နိုင်ငံအတွင်းနှင့် နိုင်ငံတကာမှ အထင်အမြင်လွဲမှားစေရန် လုပ်ကြံဖန်တီး ကောလာဟလထုတ်လွှင့်မှုကြောင့် ဖြစ်စဉ်မှန်ကို ယခုကဲ့သို့ သတင်းမှန်ထုတ်ပြန်ခြင်းဖြစ်ကြောင်း သိရသည်။

ထိုသို့သော လုပ်ကြံသတင်းအတုသည် ဖြစ်စဉ်လုံးဝမရှိဘဲ မြေပြင်မှာ အမှန်တကယ်ဖြစ်နေသကဲ့သို့ ဓာတ်ပုံ၊ ဗီဒီယိုများကို ဖြတ်ညှပ်ကပ်ပြုလုပ်ပြီး လုပ်ကြံဖန်တီးရေးသားထားသောသတင်းများဖြစ်သည်။ လူတို့၏နေ့စဉ်ဘဝသည် သတင်းနှင့်မကင်းနိုင်ပေ။ မိမိတို့ဖတ်ရှုနေသောသတင်းများသည် သတင်းမှားနှင့် သတင်းမှန်ကို ခွဲခြားသိရှိရန် အရေးကြီးသည်။ ထို့ကြောင့် သတင်းမှား၊ သတင်းမှန်ကို မိမိကိုယ်ပိုင်ဉာဏ်ဖြင့် စဉ်းစားချင့်ချိန်ခွဲခြားနိုင်ရန်လိုအပ်သည်။

သို့ဖြစ်ရာ အွန်လိုင်းမီဒီယာအသုံးပြုသူများအနေဖြင့် မီဒီယာနှင့် သတင်းအချက်အလက်ကို သိရှိနားလည်ပြီး တာဝန်ယူမှု၊ တာဝန်ခံမှုရှိရန်လိုသည်။ သတင်းမီဒီယာ၏အသက်သည် မီဒီယာတာဝန်နှင့် မီဒီယာကျင့်ဝတ်ပင်ဖြစ်သည်။ ပြည်သူများ သတင်းများကိုဖတ်ရှုလေ့လာရာတွင် ခိုင်မာသောသတင်းဌာနများကို ရွေးချယ်ခြင်း၊ မိမိ၏ဆင်ခြင်တုံတရားဖြင့် သတင်းအရင်းအမြစ်ကို ဆန်းစစ်ခြင်းတို့ပြုလုပ်ရန် လိုအပ်သည်။ ထို့ပြင် မီဒီယာနှင့် သတင်းအချက်အလက်များ သိရှိနားလည်မှုရှိရန် အသိပညာများဖြန့်ဝေ၍ သတင်းတု၊ သတင်းမှားများ၏ အန္တရာယ်ကို တားဆီးကာကွယ်ရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

# မန္တလေးဈေးကွက်တွင် နှမ်းဝါအရောင်းအဝယ်ကောင်းမွန်လာ၍ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၅၅၀၀၀ ထိပေါက်ဈေးရှိလာ

**မန္တလေး အောက်တိုဘာ ၂၆**

မန္တလေး ဈေးကွက်တွင် နှမ်းဝါအရောင်းအဝယ် ကောင်းမွန်လာ၍ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၅၅၀၀၀ ထိ ပေါက်ဈေးရှိလာကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။


ယခင်က မန္တလေးဈေးကွက်အတွင်း၌ နှမ်းဝါအရောင်းအဝယ် အေးနေခဲ့ကြောင်း၊ မြန်မာနိုင်ငံမှ ထွက်ရှိသည့် နှမ်းဝါများကို ယခုအခါ ပြည်ပက ဝယ်ယူမှုများ ရှိလာသောကြောင့် ပြည်တွင်း၌ နှမ်းဝါများ အရောင်းအဝယ်ကောင်းမွန်လာကာ မန္တလေး ဈေးကွက်၌လည်း အရောင်းအဝယ်ကောင်းနေကြောင်း သိရသည်။

“အခုလက်ရှိအချိန်မှာ နှမ်းဝါတွေကို ပြည်ပကရော ပြည်တွင်းကပါ ဝယ်ယူမှုများလာပြီး အရောင်းအဝယ်ကအရင်ကထက် ပိုပြီးကောင်းလာတာကြောင့်ဈေးကောင်းပြန်ရလာပါတယ်။ အခုလောလောဆယ်တော့ နှမ်းဝါအရောင်းအဝယ် ပြန်ပြီး ကောင်းလာတယ်။ အခုတစ်လော ပြည်ပကအဝယ်ပြန်များလာတယ်။ အရင်က ပြည်ပကလဲ အဝယ်မရှိတာကြောင့် အရောင်းအဝယ်အေးနေခဲ့တယ်။ အခုတော့ နှမ်းဝါတွေ မန္တလေးဈေးကွက်အတွင်း အရောင်းအဝယ်ကောင်းမွန်နေပါတယ်”ဟု ဦးစက်မောင်ဆွေက ပြောပြသည်။

မန္တလေး ဈေးကွက်အတွင်း အောက်တိုဘာလ ပထမပတ်က နှမ်းဝါဈေးနှုန်းမှာ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၅၀၀၀၀ သာ ပေါက်ဈေးရှိခဲ့သော်လည်း အောက်တိုဘာ ၂၅ရက်က နှမ်းဝါဈေးနှုန်းမှာ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၅၅၀၀၀ ပေါက်ဈေးရှိကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း(မန္တလေးကုန်စည်ဒိုင်)မှ သိရသည်။

(၁၈၄)

# ယခုနှစ်တွင် မြန်မာထွက်ကုန် ကော်ဖီတန်ချိန် ၁၀၀၀၀ ပြည်ပနိုင်ငံများသို့ တင်ပို့ရန် စီစဉ်နေ



**မန္တလေး အောက်တိုဘာ ၂၆**

ယခုနှစ်တွင် မြန်မာထွက်ကုန် ကော်ဖီတန်ချိန် ၁၀၀၀၀ ပြည်ပနိုင်ငံများသို့ တင်ပို့ရန် စီစဉ်နေကြောင်း မြန်မာနိုင်ငံကော်ဖီအသင်း(မန္တလေးတိုင်းဒေသကြီး) နာယက ဦးရဲမြင့်က ပြောပြ၍ သိရသည်။

မြန်မာနိုင်ငံအတွင်း ကော်ဖီစိုက်ဒေသများအလိုက် အရည်အသွေးမြင့်အထူးတန်းဝင်ကော်ဖီကို အများဆုံးစိုက်ပျိုးထုတ်လုပ်လျက်ရှိရာ ထွက်ရှိလာသည့် ကော်ဖီများကို ပြည်ပနိုင်ငံများသို့ တင်ပို့လျက်ရှိကြောင်း၊ အဆိုပါ ကော်ဖီများသည် ယခုလမှစတင်ပေါ်နေပြီး နိုဝင်ဘာ၊ ဒီဇင်ဘာ၊ ဇန်နဝါရီနှင့် ဖေဖော်ဝါရီလတို့တွင် လှိုင်လှိုင်ပေါ်လေ့ရှိကြောင်း၊ ၎င်းကော်ဖီများကို မတ်လ၊ ဧပြီလ၊ မေလတို့မှ စတင်ပြီး Export အနေဖြင့် ပြည်ပနိုင်ငံများသို့ ကော်ဖီတန်ချိန် ၁၀၀၀၀ တင်ပို့နိုင်ရန် စီစဉ်နေခြင်းဖြစ်ကြောင်း သိရသည်။

“ဒီနှစ် ကော်ဖီဈေးကွက်ကောင်းမယ်လို့ မျှော်လင့်ပါတယ်။ ဒီနှစ်မှာတော့ ရာသီဥတုဖောက်ပြန်ပြီး ကော်ဖီခြံတိုင်း ဖျက်ပိုးတွေကျရောက်တာကြောင့် အထွက်နှုန်းကတော့ နည်းပါတယ်။ မြန်မာနိုင်ငံမှာ ကော်ဖီထွက်ရှိတာက တန်ချိန် ၁၀၀၀၀ လောက်ထွက်ပါတယ်။ ပြည်ပကို ထွက်သလောက်တန်ချိန် တင်ပို့ဖို့စီစဉ်ထားပါတယ်။ ကော်ဖီကို ပြည်တွင်းအသုံးပြုမှုလဲ တိုးတက်လာပါတယ်။ ပြည်တွင်းထွက်ကုန်ဖြစ်တဲ့အတွက် သွင်းကုန်နဲ့စာရင် ဈေးနှုန်းယှဉ်ပြိုင်နိုင်ပါတယ်။ ကော်ဖီစိုက်ဧရိယာတွေ များလာပါတယ်”ဟု ဦးရဲမြင့်က ပြောပြသည်။

အဆိုပါ ကော်ဖီများကို ယခင်နှစ် ကော်ဖီရာသီချိန်တွင် Export အနေဖြင့် ပြည်ပနိုင်ငံများသို့ တန်ချိန် ၅၀၀၀ တင်ပို့နိုင်ခဲ့ကြောင်း၊ ထွက်သလောက် ကော်ဖီများကိုလည်း လက်ကျန်မရှိရောင်းချခဲ့ရကြောင်း၊ ဈေးနှုန်းများအနေဖြင့် ကော်ဖီတစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၅၀၀ မှ ၈၃၀၀ ထိ ဈေးနှုန်းများရရှိခဲ့ကြောင်း၊ ယခုနှစ်ကော်ဖီရာသီတွင်လည်း တန်ချိန် ၁၀၀၀၀ တင်ပို့နိုင်ရန် စီစဉ်ထားကြောင်း သိရသည်။

(၁၈၅)

# မန္တလေးဆိပ်ကမ်းတွင် ကုန်ကြမ်းနှင့်ကုန်ချောရရှိမှုများပြားလာသဖြင့် လုပ်သားဦးရေ ၂၀၀၀ ကျော်ထိ အလုပ်အကိုင်အခွင့်အလမ်းများရရှိနေ

**မန္တလေး အောက်တိုဘာ ၂၆**

မန္တလေးဆိပ်ကမ်းတွင် ကုန်ကြမ်းနှင့် ကုန်ချောရရှိမှုများပြားလာသဖြင့် ကုန်တင်၊ ကုန်ချလုပ်သားဦးရေ ၂၀၀၀ ကျော်ထိ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနေကြောင်း မန္တလေးတိုင်းဒေသကြီး ပုဂ္ဂလိကရေယာဉ်များ စည်းကမ်းထိန်းသိမ်းရေးကော်မတီ ဥက္ကဋ္ဌ ဦးဝင်းမောင်က ပြောပြ၍ သိရသည်။

ယခုလက်ရှိ မန္တလေးဆိပ်ကမ်းတွင် အခြားမြို့သို့တင်ပို့ရမည့်ကုန်ကြမ်းပစ္စည်းများနှင့် ကုန်ချောပစ္စည်းများ ပိုမိုများပြားလျက်ရှိကြောင်း၊ မန္တလေးဆိပ်ကမ်းမှ ရန်ကုန်၊ ကသာ၊ ထီးချိုင့်၊ ဗန်းမော် စသည့်မြို့များသို့ တင်ပို့မည့် ကုန်စည်များထဲတွင် ဆန်၊ ဆီ၊ ဆားအပါအဝင် အထည်အလိပ်နှင့် ပရိဘောဂပစ္စည်းများလည်း ပါဝင်ကြောင်း၊ ထိုကုန်ကြမ်းနှင့်ကုန်ချောပစ္စည်းများကို ယခင်က မန္တလေးဆိပ်ကမ်းမှ ကုန်တင်၊ ကုန်ချလုပ်သား ၁၅၀၀ ကျော်ဖြင့်သာလုပ်ကိုင်ဆောင်ရွက်လျက်ရှိသော်လည်း ယခုအခါ ကုန်စည်များ ပိုမိုများပြားလာခြင်းကြောင့် ကုန်တင်၊ ကုန်ချလုပ်သား ပိုမိုများပြားလာကြောင်း သိရသည်။

“အခု ရေဝတီမြစ်အတွင်း ရေလမ်းကြောင်း ကောင်းမွန်နေတာကြောင့် မန္တလေးဆိပ်ကမ်းကနေ အခြားမြို့တွေကိုတင်ပို့မဲ့ ကုန်ကြမ်းနဲ့ကုန်ချောတွေက တဖြည်းဖြည်းများလာတယ်။ အခု ကုန်စည်ရရှိမှုက တော်တော်လေးအားပြန်ကောင်းလာတာကြောင့် မန္တလေးဆိပ်ကမ်းမှာ ကုန်တင်၊ ကုန်ချလုပ်သားတွေ အလုပ်အကိုင်ရရှိနေကြပါတယ်။ မန္တလေးဆိပ်ကမ်းကနေ တင်ပို့တဲ့ပို့ကုန်တွေကတော့များတယ်။ မန္တလေးဆိပ်ကမ်းကို ကသာ၊ ထီးချိုင့်ဘက်ကနေ တင်ပို့တဲ့ကုန်စည်တွေလဲ ပုံမှန်အတိုင်းပဲတင်ပို့နေပါတယ်” ဟု ဦးဝင်းမောင်က ပြောပြသည်။

မန္တလေးဆိပ်ကမ်းမှ ဆန်၊ ဆီ၊ ဆား စသည့် ကုန်စည်ရရှိမှုများပြားလာခြင်းကြောင့် အောက်တိုဘာလ တတိယပတ်မှစ၍ ကုန်တင်၊ကုန်ချလုပ်သားစုစုပေါင်း ၂၀၀၀ ကျော်ဖြင့် လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်လျက်ရှိကြောင်း၊ မန္တလေးဆိပ်ကမ်းမှ ရန်ကုန်၊ ကသာ၊ ထီးချိုင့်၊ ဗန်းမော် စသည့်မြို့များသို့ ကုန်ပစ္စည်းများတင်ပို့သည့် ကုန်တင်သင်္ဘောအစီးရေ စုစုပေါင်း ၄၀၀ ကျော်ရှိကြောင်း သိရသည်။

(၁၈၄)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ ဓာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၅၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဓေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# အင်းဝခေတ်မှ ရသစာပေများ

ပုသိမ်အောင်သန်းဦး




မြန်မာသက္ကရာဇ် ၇၂၆ ခုနှစ်မှ ၉၁၆ ခုနှစ်ထိ အင်းဝခေတ်သည် နှစ်ပေါင်း ၁၉၀ မျှကြာမြင့်ခဲ့သည်။ အင်းဝခေတ်ကား မြန်မာကဗျာအရေးအသားသစ်များ ဆန်းသစ်ပေါ်ပေါက်လာသည့် ခေတ်ဖြစ်သည်။ အထူးသဖြင့် စာဆိုဘုန်းတော်ကြီးများစွာ ပေါ်ပေါက်ထွန်းကားလာသည့်ခေတ်ဟူ၍လည်း ဆိုနိုင်လေသည်။

ဧချင်းကဗျာ၊ မော်ကွန်းကဗျာ၊ တောလားကဗျာ၊ မယ်ဘွဲ့မောင်ဘွဲ့ ပိုဒ်စုံရတုများ၊ ပျို့၊ ကဗျာ၊ လင်္ကာများ၊ မေတ္တာစာ၊ ဆုံးမစာ၊ အိုင်ချင်းကဗျာများ ထွန်းကားပေါ်ပေါက်လာသည့်ခေတ်ဖြစ်သည်။

မြန်မာကဗျာသစ်များနှင့်အတူ ရှင်မဟာရဋ္ဌသာရ၊ ရှင်မဟာသီလဝံသ၊ ရှင်တေဇောသာရ၊ ရှင်အဂ္ဂသမာဓိ၊ ကန်တော်မင်းကျောင်းဆရာတော်၊ ရှင်ခေမာ၊ ရှင်ဥတ္တမကျော်၊ ရှင်သူရဲ၊ ရှင်ထွေးညို၊ ရှင်အုန်းညို၊ အင်းဝသူ မိဖြူ၊ မိညို စသည့်စာဆိုအကျော်အမော်များ ထွန်းကားခဲ့သည်။

အင်းဝခေတ်တွင် ကဗျာပါရဂူဟု ခေါ်ဆိုခြင်းခံခဲ့ရသည့် ရှင်မဟာရဋ္ဌသာရသည် "ဝဏ္ဏပဘာ"ချီ တောင့်တဲတွန့်ရတုပိုဒ်စုံ၊ "မြတ်မျိုးမြင့်မှန်"ချီ ဧကပိုဒ်ရတု၊ စာသင်သားတို့ကို ဆုံးမသောဧကပိုဒ်ရတု၊ ရွှေစက်တော်သွားတောလား၊ ဆုံးမစာများ၊ ဘူရိဒတ်လင်္ကာကြီး၊ ဂမ္ဘီသာရပျို့၊ တံတားဦးတည်မော်ကွန်း၊ စတုဓမ္မသာရ ကိုးခန်းပျို့၊ သံဝရပျို့များကို ရေးသားခဲ့သည်။

ရှင်တေဇောသာရ၏ ရွှေဟင်္သာမင်းပျို့၊ ပြဋ္ဌိဟာခန်းပျို့၊ မေတ္တာစာများ၊ ရှင်အဂ္ဂသမာဓိ၏ နေမိငရဲခန်းပျို့၊ နေမိဘုံခန်းပျို့၊ သုဝဏ္ဏသျှံပျို့၊ ကန်တော်မင်းကျောင်းဆရာတော်၏ မေတ္တာစာများ၊ ရှင်အုံးညို၏ ဂါထာ ၆၀ ပျို့။

ရှင်မဟာသီလဝံသ၏ တောင်တွင်းမြို့ဘွဲ့ရတု၊ ဆုတောင်းခန်းပျို့၊ ပါရမီတော်ခန်းပျို့၊ တံတားဦးတည် မော်ကွန်း၊ အင်းဝမြို့ဘွဲ့မော်ကွန်း၊ သံဝေဂပျို့၊ တောင်တွင်းလားပျို့။

အင်းဝခေတ်တွင် ပေါ်ပေါက်ခဲ့သည့် ရဟန်းစာဆိုကျော်များ၏ စာပေများကား အံ့ဖွယ်ကောင်းလောက်အောင် ထူးခြားဆန်းသစ်နေသည်။ အဆိုပါရဟန်းစာဆိုကျော်တို့၏ ပျို့၊ ချေင်း၊ ရတု၊ မော်ကွန်း၊ မေတ္တာစာ၊ ဆုံးမစာများကား မြန်မာစာပေလောကတွင် စံတင်လောက်သည့် ဂန္ထဝင်စာပေများဖြစ်သည်။

ရှင်ဥတ္တမကျော်၏ တောလားတွင် နေအပူရှိန်ကြောင့် တောတွင်းရှိ သစ်ပင်အသီးသီးမှ သစ်ရွက်များ ရင့်ရော်ကာ လေတိုက်လိုက်သည်နှင့်မြေပြင်သို့ သက်ဆင်းလာကြဟန်၊ သစ်ရွက်များသည် အဝါရောင်တစ်ဝက် အစိမ်းရောင်တစ်ဝက်ဖြင့် ဆေးရောင်နှောကာ ခြယ်သထားဟန်၊ တောမြိုင်ကြီးအတွင်း သာယာတင့်မောဖွယ်ဖြစ်ဟန်တို့ကို ဤသို့ စာပန်းချီဖွဲ့စပ်ဆိုထားပါသည်။

"လေခမြေသက်၊ ဈာန်ဝိတက်သို့၊ သစ်ရွက်ရော်ရီ၊ ဣန္ဒနီဝယ်၊ သိင်္ဂီတစ်ဝက်၊ ဖက်၍ဆေးစုံ၊ ခြယ်သောပုံသို့၊ ရဂုံမြိုင်တွင်း၊ တောလုံးလင်းသား"

ဟူ၍ သဘာဝအလှကို ဖော်ညွှန်းဖွဲ့ဆိုထားပါသည်။

အင်းဝမြို့ကြီး စည်ကားသာယာပုံကိုလည်း ရှင်မဟာသီလဝံသက ဤသို့ဖွဲ့ဆိုထားသည်။

"အောင်မြေကြငှန်း၊ ရွှေဝနန်း၊ ရစ်သန်းသုံးဖြာကျ၊ ပတ်လည်ဝန်းယှက်၊ ကျွန်းသန့်လျက်၊ အောင်ချက်မြတ်ဌာန၊ အင်းဝပြည်ကြီး၊ စည်လှပြီး၊ ဝှန်သီးကျွန်းပူရ၊ သာလှနှုန်းခင်း၊ တုဘက်ကင်း၊ ပြည်ချင်းနှိုင်းမမျှ"ဟူ၍ သီကုံးခဲ့သည်။

ကန်တော်မင်းကျောင်းဆရာတော်၏မေတ္တာစာတွင် "ပညာရှိကိုပေါင်း၊ သမားကောင်းကိုဖက်၊ သူပျက်ကိုခွာ၊ ဆရာကိုကပ်၊ အရပ်ကိုမျှ၊ လုံ့လအပင်၊ ဆင်ခြင်အမျက်၊ ရန်ဘက်ကိုမျှော်၊ သူတော်ကိုချစ်" ဟူ၍လည်းကောင်း၊ "မပေးဘဲကို မလိုလင့်၊ မမေးဘဲကို မဆိုလင့်၊ မခေါ်ဘဲကို မသွားလင့်၊ မမြိန်ဘဲကို မစားလင့်၊ မမှည့်ဘဲကို မဆွတ်လင့်၊ တိတ်တိတ်နေသော် ထောင်တန်၏"ဟု ဆိုဆုံးမခဲ့သည်။

ထို့ပြင် "အသက်ရှည်စွာ၊ အနာမဲ့ကြောင်း၊ ကောင်းလှစေချင်၊ ပဲ့ပြင်နီစွ၊ ကွပ်ဆုံးမသား၊ မိဘဆရာ၊ စကားနာ၍၊ ကျမ်းစာသိမြင်၊ တတ်အောင်သင်လော့၊ ပေါ်လွင်မပြု၊ ကောင်းရာတုလျက်၊ ကောင်းမှုမြတ်နိုး၊ ကောင်းအောင်ကြိုး၍၊ ကောင်းကျိုးကိုယ်၌ တည်စေမင်း"ဟူ၍လည်း ဆုံးမလမ်းညွှန်ခဲ့သည်။ ထို့ပြင် "ပညာမျက်စိ၊ မြင်မရှိ၍၊ မသိတရား၊ အယူမှားလျက်၊ စီးပွားမမျှော်၊ ကျိုးမပေါ်သား၊ သူတော်မဟုတ်၊ ယုတ်သည့်စရိုက်၊ လူသူမိုက်ကို၊ မကြိုက်မချစ်၊ ရန်သူစစ်သို့ မနှစ်သက်ဘဲ၊ ဝေးစွာရှဲ၍၊ အမြဲခွာရှင်း ပဲကြဉ်မင်း"ဟူ၍ ဆုံးမခဲ့သည်။

ရှင်မဟာရဋ္ဌသာရလောင်းလျာ မောင်မောက်သည် အိမ်ရှေ့စံ၏ သမီးတော် မင်းဘုန်းထွတ်၏ အလှကို စွဲမက်ခဲ့ကာ ဤသို့စပ်ဆိုခဲ့သည်။ "ဝဏ္ဏပဘာ၊ ကလျာဖူးစသစ်၊ ပျို့မျစ်မျစ်လျှင်၊ ကျစ်လျစ်တင့်စံပယ်၊ လှမျိုးကြွယ်သား၊ ဆံသွယ်မြမြိတ်စို့၊ ဆင်းရောင်ပျို့ကို၊ နတ်တို့ဆင်ထိုက်တန်၊ ဆင်းစုံကြန်တည်၊ အလွန်ရပေခက်၊ ဖြူမြိတ်ရွက်နှင့်၊ လက်လက်လှထိန်ပြေး၊ ရွှေခြည်ရေးသို့၊ ပွံ့မွှေးရွှေအင်္ကျီ၊ ရွှေထဘီနှင့်၊ မျက်စိရွှေနားတောင်း၊ နွဲ့နွဲ့နှောင်းမူ၊ ရောင်မောင်းကွမ်းရည်သွား၊ သက်တင်လားသို့၊ လက်ဖျားဒန်းနီရောင်၊ လှတန်ဆောင်မူ၊ မျက်တောင်ကော့ညွတ်သေး၊ စုတ်ဖြင့်ရေးသို့၊ ကြိုင်အေးကတိုးရည်၊ ထုံမျိုးကြည်၍၊ နတ်ပြည်မိုးသုဇာ၊ ပျံသက်လှာသို့၊ ရွှသာတင့်စနိုး၊ လှခေါင်မိုးလျှင်၊ ပြစ်မျိုးမဲ့မထင်၊ နတ်ရုပ်သွင်သို့၊ ဖြူစင်ရွှေရောင်ဝင်း၊ လှမှန်ကင်းကို၊ ညခင်းဆည်းဆာတွင်၊ ကျွန်ုပ်မြင်သည်၊ ရယ်ရွှင်ပြုံးတုံ့ မပြုံးတုံ့"ဟု သိင်္ဂါရရသမြောက်စွာဖွဲ့ဆိုထားသည်။

ထို့ပြင် စာသင်သားများကို ကြားနာခြင်း၊ ကြံစည်ခြင်း၊ မေးမြန်းခြင်း၊ ပြောဆိုခြင်း၊ စူးစမ်းဆင်ခြင်ခြင်း၊ ရေးသားခြင်း၊ ကျင့်ဆောင်ခြင်း၊ နှုတ်ငုံဆောင်ခြင်း စသည်-

"သု၊ စိ၊ ပု၊ ဘာ၊ ဝိ၊ လိ၊ သိ၊ ဓာ အက္ခရာစွဲသုံး၊ ဤရှစ်လုံးကို သီကုံးပန်းသွင် နေ့တိုင်းဆင်လော့"ဟု ဆုံးမလမ်းညွှန်ရုံမက စကားပြောဆိုရာတွင် "တစ်ယောက်စကား၊ တစ်ယောက်နားမှာ၊ မခါးရအောင်၊ သတိဆောင်၍၊ မောင်တို့ဆိုလေ၊ ပျားသကာသို့ ချိုလှစေ"ဟူ၍လည်းကောင်း၊ မာန်မာနထောင်လွှားခြင်း ကင်းကြရန်၊ ခိုက်ရန်မဖြစ်ကြစေရန်အလို့ငှာ "မတွေ့ခိုက်ရန်၊ မကျူးလွန်နှင့်၊ မျက်မာန်ဒေါသ၊ မထွက်ရအောင်၊ မာန်မာနကိုချုပ်ကြလေ"ဟူ၍လည်းကောင်း၊ သေရည်သေရက်ကို ရှောင်ရှားကြစေရန် အလို့ငှာ "သေနှင့်အရက်၊ စီးပွားပျက်ကို၊ တစ်စက်ကယ်မျှ၊ မသောက်ကြနှင့်၊ ရှောင်ကြပါလေ၊ ရှင်တော်ဟောသည့် အဆိပ်ရေ"ဟူ၍လည်းကောင်း လမ်းညွှန်ခဲ့သည်။

အင်းဝခေတ်စာဆိုများကား သူ့ခေတ်နှင့် သူ့အခါ တာဝန်ကျေပွန်ခဲ့ကြသည်။ မြန်မာစာပေပွင့်ပန်းတို့ လန်းဆန်းစေခဲ့သည်။ စာဆိုတို့၏ ပျို့၊ လင်္ကာ၊ မေတ္တာစာ၊ ဆုံးမစာ၊ မော်ကွန်း၊ ဧကပိုဒ်ရတု၊ ပိုဒ်စုံရတု၊ တောင့်တဲတွန့်ရတုပိုဒ်စုံ စသည့်ကဗျာသစ်၊ စာသစ်များဖြင့် အသစ်အဆန်း ကဗျာပန်းတို့ ရနံ့လှိုင်ဖြူမွှေးနံ့ကြူခဲ့သည့်အချိန်လည်းဖြစ်သည်။

ထို့ပြင် ရှင်မဟာသီလဝံသ၏ ရာဇဝင်ကျော်၊ ပါရာယနဝတ္ထုတို့သည် ထိုခေတ်ကအစောဆုံး မြန်မာစကားပြေများဖြစ်သည်။

ထို့ကြောင့် အင်းဝခေတ်စာပေများသည် မြန်မာစာပေခရီးတွင် ထုနှင့်ထည်နှင့်ပေါ်ပေါက်ခဲ့သည့် ဂန္ထဝင်စာပေကောင်းများပင်ဖြစ်ကြောင်း အကျဉ်းချုပ်၍ တင်ပြအပ်ပါသည်။

❖ မြန်မာကဗျာသစ်များနှင့်အတူ ရှင်မဟာရဋ္ဌသာရ၊ ရှင်မဟာသီလဝံသ၊ ရှင်တေဇောသာရ၊ ရှင်အဂ္ဂသမာဓိ၊ ကန်တော်မင်းကျောင်းဆရာတော်၊ ရှင်ခေမာ၊ ရှင်ဥတ္တမကျော်၊ ရှင်သူရဲ၊ ရှင်ထွေးညို၊ ရှင်အုန်းညို၊ အင်းဝသူ မိဖြူ၊ မိညို စသည့်စာဆိုအကျော်အမော်များ ထွန်းကားခဲ့သည်။ အင်းဝခေတ်တွင် ကဗျာပါရဂူဟု ခေါ်ဆိုခြင်းခံခဲ့ရသည့် ရှင်မဟာရဋ္ဌသာရသည် "ဝဏ္ဏပဘာ"ချီ တောင့်တဲတွန့်ရတုပိုဒ်စုံ၊ "မြတ်မျိုးမြင့်မှန်"ချီ ဧကပိုဒ်ရတု၊ စာသင်သားတို့ကို ဆုံးမသောဧကပိုဒ်ရတု၊ ရွှေစက်တော်သွားတောလား၊ ဆုံးမစာများ၊ ဘူရိဒတ်လင်္ကာကြီး၊ ဂမ္ဘီသာရပျို့၊ တံတားဦးတည်မော်ကွန်း၊ စတုဓမ္မသာရ ကိုးခန်းပျို့၊ သံဝရပျို့များကို ရေးသားခဲ့သည်။ ❖

**ကိုးကား**

- **ပြည်ထောင်စုမြန်မာနိုင်ငံသမိုင်း(ဒေါက်တာကျော်သက် မြန်မာနှင့်အရှေ့တိုင်းရာဇဝင် ပါမောက္ခ ရန်ကုန်တက္ကသိုလ်)**

# ကွန်ဟိန်းမြို့နယ် ကုန်းပေါင်းကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နေမှု စစ်ဆေး

**ကွန်ဟိန်း အောက်တိုဘာ ၂၆**

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင် ကွန်ဟိန်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် လိုက်ကမ်ကျေးရွာအုပ်စု ကုန်းပေါင်းကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်နေမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကွန်ဟိန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇေယျာမင်း၊ တာဝန်ခံအင်ဂျင်နီယာနှင့် ဝန်ထမ်းများက ကုန်းပေါင်းကျေးရွာတွင် အရှည် တစ်မိုင် လေးဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့်မြေသား ၁၂ လက်မ၊ သဲဖြူနိုးကိုးလက်မရှိ ကျေးလက်ကုန်ထုတ်လမ်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကုမ္ပဏီမှတာဝန်ရှိသူများနှင့် တွေ့ဆုံကာ လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေးအလေးထားဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားသည်။

ကုန်းပေါင်းကျေးရွာတွင် အဆိုပါလုပ်ငန်းများကို ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေကျပ် ၅၈၈ သိန်းဖြင့် တင်ဒါအောင်မြင်သည့် နောင်ရဲရင့်ကုမ္ပဏီက တာဝန်ယူ၍ ဌန်လပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ၇၅ ရာခိုင်နှုန်းခန့်ပြီးစီးပြီဖြစ်ကြောင်း၊ လုပ်ငန်းများပြီးစီးပါက ကျေးရွာရှိ အကျိုးပြုအိမ်ခြေ ၄၅၆ အိမ်၊ လူဦးရေ ၂၈၂၃ ဦးတို့၏ စိုက်ပျိုးမြေဧက ၁၀၀ ကျော်မှထွက်ရှိသော ထုတ်ကုန်၊ ထွက်ကုန်များဈေးကွက်သို့ ကုန်ကျစရိတ် သက်သာစွာဖြင့် သယ်ယူပို့ဆောင်နိုင်မည်ဖြစ်ကြောင်း သိရသည်။



ရိုးသန်းညွန့်

# လမ်းလျှောက်ခြင်းဖြင့် စိတ်ကိုကြည်လင်လန်းဆန်းစေနိုင်သည်



မိမိတို့အနေနဲ့တစ်ခါတလေမှာ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ ကြုံဖူးမှာပါ။ အဲဒီအချိန်မှာ မရည်ရွယ်ပါဘဲ ခဏလောက်ဖြစ်ဖြစ် လမ်းထလျှောက်မိတတ်ကြပါတယ်။

အဲဒီလို လမ်းလျှောက်လိုက်ချိန်မှာ မိမိတို့မှာဖြစ်ပေါ်နေတဲ့ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ သက်သာပျောက်ကင်းသွားပြီး တစ်ခါတစ်ရံမှာ အကြံဉာဏ်ကောင်းတွေ ထွက်လာတာကို လက်တွေ့ကြုံဖူးကြမှာပါ။

ပညာရှင်တွေရဲ့ လေ့လာမှုအရဆိုရင်လည်း လမ်းလျှောက်ခြင်းဟာ စိတ်ကိုကြည်လင်လန်းဆန်းစေတယ်လို့ တွေ့ရှိထားပါတယ်။

တစ်ကိုယ်တည်းလမ်းလျှောက်ခြင်းထက် စိတ်တူကိုယ်တူရှိတဲ့ အဖော်တစ်ဦးဦးနဲ့လမ်းလျှောက်ခြင်းက ပိုပြီးတော့တောင် အထောက်အကူဖြစ်စေပါတယ်။

ဒါ့အပြင် ပုံမှန်လမ်းလျှောက်ခြင်းဟာ စိတ်ဖိစီးမှု၊ စိတ်ဓာတ်ကျဆင်းမှုနဲ့ စိတ်ပူပန်မှုတွေကိုလည်း ကျဆင်းစေတယ်လို့ ဆိုပါတယ်။

လမ်းလျှောက်ခြင်းဟာ ငွေကုန်ကြေးကျခြင်းလည်း မရှိပါဘူး။ ကိုယ့်ရဲ့တစ်နေ့တာအချိန် ၂၄နာရီထဲကမှ မိနစ် ၃၀လေးသာ ဖဲ့ပေးလိုက်ရုံနဲ့ ပြန်ရလာမယ့် အကျိုးကျေးဇူးတွေက မနည်းလှပါဘူး။

ကိုယ်ကျန်းမာရင် စိတ်ချမ်းသာတယ်လို့ ပြောစမှတ်ရှိသလိုမျိုး စိတ်လည်းချမ်းသာစေ၊ ကိုယ်လည်းကျန်းမာစေဖို့ နေ့စဉ်ဘဝမှာ မိနစ် ၃၀ ကြာ လမ်းလျှောက်ကြပါစို့လို့ တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်။

# ယခုဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ အောက်တိုဘာ ၁၄ ရက်ထိ မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ ပြည်ပသို့ ပို့ကုန်အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၀၆ ဘီလီယံဖိုး ဆောင်ရွက်နိုင်ခဲ့

**နေပြည်တော် အောက်တိုဘာ ၂၆**

ယခုဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ အောက်တိုဘာ ၁၄ ရက်ထိ မြန်မာ-တရုတ်နယ်စပ် မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ ပြည်ပသို့ပို့ကုန်အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၀၆ ဘီလီယံဖိုး ဆောင်ရွက်နိုင်ခဲ့ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးဦးစီးဌာန ကုန်သွယ်မှုမူဝါဒဌာနခွဲ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ချိုသက်မူက ပြောပြ၍ သိရသည်။

ပြည်ပသို့ မြန်မာပို့ကုန်များ တင်ပို့နိုင်မှုတွင် ယခုဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ အောက်တိုဘာ ၁၄ ရက်ထိ ကာလအတွင်း ပို့ကုန်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၀၆ ဘီလီယံရရှိထားပြီး ယခင်နှင့်ကာလတူ တင်ပို့မှုမှပို့ကုန်ဝင်ငွေ အမေရိကန်ဒေါ်လာသန်း ၉၉၀ သာရရှိထားသဖြင့် ယခုဘဏ္ဍာနှစ်ကာလတူ တင်ပို့မှုမှာ အမေရိကန်ဒေါ်လာ ၁၆ သန်းပိုမိုတင်ပို့ထားနိုင်ကြောင်း သိရသည်။

"အခုဘဏ္ဍာနှစ် ခြောက်လခွဲလောက်ကာလအတွင်းမှာ မူဆယ်နယ်စပ် ကုန်သွယ်ရေးဇုန်ကနေ ပြည်ပကို ပို့ကုန်အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၀၆ ဘီလီယံဖိုး တင်ပို့ထားနိုင်ခဲ့ပါတယ်။ အခုဘဏ္ဍာနှစ် ဧပြီ ၁ ရက်ကနေ အောက်တိုဘာ ၁၄ ရက်ထိ တင်ပို့ထားနိုင်တဲ့ တန်ဖိုးဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ဘဏ္ဍာနှစ်ကာလတူမှာ အမေရိကန်ဒေါ်လာသန်း ၉၉၀ သာ တင်ပို့နိုင်ခဲ့တာကြောင့် ကာလတူတင်ပို့မှုတန်ဖိုးထက် အမေရိကန်ဒေါ်လာ ၁၆ သန်းကျော်ပိုမိုတင်ပို့ထားနိုင်တာဖြစ်ပါတယ်။ မူဆယ်နယ်စပ်ကုန်သွယ်မှုဟာ ကိုဗစ်ကပ်ရောဂါ စတင်ချိန်ကတည်းက ဆက်တိုက်လျော့ကျခဲ့တာဖြစ်ပြီး အခုဘဏ္ဍာနှစ်မှာမှ ပို့ကုန်တင်ပို့မှုတွေ အနည်းငယ်ပြန်လည် တိုးတက်လာခဲ့တာဖြစ်ပါတယ်"ဟု စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးဦးစီးဌာန ကုန်သွယ်မှုမူဝါဒဌာနခွဲ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ချိုသက်မူက ပြောပြ၍ သိရသည်။

ASH



# နေပြည်တော် ... 

# ဓနုဖြူမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ပြောင်းသီးနှံ ၂၃၂၂ ဧက စိုက်ပျိုးမည်

**ဓနုဖြူ အောက်တိုဘာ ၂၆**

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ပြောင်းသီးနှံ ၂၃၂၂ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ဓနုဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးချစ်ဝင်းနိုင်က ပြောပြ၍ သိရသည်။

ဓနုဖြူမြို့နယ်၌ ယခုနှစ်ဆောင်းသီးနှံ စိုက်ပျိုးရာသီတွင် ဖူးစားပြောင်းသီးနှံ ၂၇၈ ဧကနှင့် အစေ့ထုတ်ပြောင်းသီးနှံ ၂၀၄၄ ဧကကို လာမည့်ဒီဇင်ဘာလပထမပတ်တွင် စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ အဆိုပါပြောင်းသီးနှံ လျာထားချက်အတိုင်း စိုက်ပျိုးရန် မြေပြုပြင်သည့်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

"ဆောင်းသီးနှံ စိုက်ပျိုးရာသီမှာ တောင်သူတွေ အခက်အခဲမရှိ စိုက်ပျိုးနိုင်ဖို့ လိုအပ်တဲ့နည်းပညာနဲ့ အခြားကူညီမှုတွေကို လုပ်ဆောင်ပေးပါတယ်။ စိုက်ပျိုးပြီးတော့ ပြောင်းသီးနှံတွေ ကောင်းမွန်စေဖို့ စိုက်ပျိုးနည်းစနစ်နဲ့ အခြားလိုအပ်တဲ့ ပံ့ပိုးမှုတွေကိုလဲ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနနဲ့ စိုက်ပျိုးရေးဦးစီးဌာနတို့က စိုက်ပျိုးရာသီအမီ လုပ်ဆောင်ပေးနေပါတယ်။ အရင်နှစ်ထက် အထွက်နှုန်းကောင်းပြီး ပိုးမွှားအန္တရာယ်ကင်းရှင်းစေဖို့အတွက် စနစ်တကျစိုက်ပျိုးဖို့ လုပ်နေပါတယ်။ ဒီနှစ် ပြောင်းသီးနှံစိုက်ခင်းတွေ အရည်အသွေးကောင်းပြောင်းတွေဖြစ်စေရေးအတွက် တောင်သူတွေနဲ့ တွေ့ဆုံဆွေးနွေးပညာပေးမှုတွေကို ဆောင်ရွက်ပေးနေပါတယ်"ဟု မြို့နယ်ဦးစီးမှူး ဦးချစ်ဝင်းနိုင်က ပြောပြသည်။

ဓနုဖြူမြို့နယ်တွင် ဒေသခံတောင်သူများသည် မိုးစပါးနှင့် နွေစပါးကို အဓိကစိုက်ပျိုးကြသော်လည်း စပါးနှင့်ယှဉ်တွဲပြီး တစ်ဖက်တစ်လမ်းက ဝင်ငွေရရှိစေရန်အတွက် ပြောင်းသီးနှံကို စိုက်ပျိုးကြခြင်းဖြစ်ကြောင်း၊ အဆိုပါစိုက်ပျိုးမည့်ပြောင်းများ ပိုးမွှားမကျရောက်စေရန် ဒေသခံတောင်သူများနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့ ပူးပေါင်း ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# နှစ်စဉ်ဆင်နွှဲ ကထိန်ပွဲ

\- ဘုံကထိန် အလှူပွဲ
ဆင်နွှဲကြ အများပြည်သူ၊
ရပ်တကာ နယ်တစ်ဝန်း
ဆန်းပြားစွာလှူ၊
မြန်မာတို့၏ ဓလေ့မူ
မွေ့ယူလို့ လက်ဆင့်ကမ်း၊
တစ်နှစ်မှာမှ သည်တစ်လ
လှူကြရွှင်လန်း။

\- ဘုံကထိန် အလှူနန်းက
ရည်မှန်းဆ နိဗ္ဗာန်ဆီ၊
ဒိုးပတ်ကိုလွယ် ဘယ်ညာတီး
အလှူကြီးစည်၊
ကခုန်ကြ လူစုံညီ
မရိုးအီသည့် အပျော်လှိုင်း၊
တစ်ကျောင်းမှာ တစ်ခါသာခင်းလို့
ကျင်းပနှစ်တိုင်း။

\- ထက်အာကာ ပြာလွင်ဆိုင်း
နှင်းမြူသိုင်းလို့ မြောက်လေပြန်၊
ခွာညိုနှင့် ကြာစုံပန်းရနံ့
သင်းပျံ့စုန်ဆန်၊
စပါးထွက်လို့ ပေါကာလျှံ
လှူဖို့ရန် ရည်မျှော်တွေး၊
ထမင်းရည် ချောင်းစီးအောင်
မောင်းတီးလှူပေး။ ။

**ကိုရွှေတောသား(ဆင်ကူး)**

# စဉ့်ကိုင်မြို့နယ် အုန်းလက်ကောက်ကျေးရွာ၌ ကုန်ထုတ်လမ်း၊ တံတားဆောင်ရွက်နေမှု စစ်ဆေး

**စဉ့်ကိုင် အောက်တိုဘာ ၂၆**

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် အုန်းလက်ကောက်ကျေးရွာ၌ ကုန်ထုတ်လမ်း၊ တံတား ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျောက်ဆည်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းမြင့်နှင့် တာဝန်ရှိသူများက အုန်းလက်ကောက်ကျေးရွာ၌ ကုန်ထုတ်လမ်း၊ တံတား ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးဝင်းမြင့်က ကုမ္ပဏီတာဝန်ရှိသူများ၊ ကျေးရွာကော်မတီဝင်များနှင့် တွေ့ဆုံကာ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

အုန်းလက်ကောက်ကျေးရွာတွင် ကုန်ထုတ်လမ်းအရှည် တစ်မိုင် သုံးဖာလုံ၊ အကျယ် ၁၄ ပေ နှင့်အမြင့်မြေသား နှစ်ပေ၊ ချင်းမြေ ကိုးလက်မခင်းခြင်းလုပ်ငန်း၊ တံတားအကျယ် ၁၄ ပေ၊ အရှည် ပေ ၂၀၊ အမြင့် ၁၀ ပေရှိ RC ကြမ်းခင်းတံတား(ကျောက်ကြီးစီ) လုပ်ငန်းတို့ကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၁၂၆ ဒသမ ၃၅ သန်းဖြင့် ယခုနှစ် ဇွန်လ စတုတ္ထပတ်မှစ၍ မြစ်ရောကုမ္ပဏီက တာဝန်ယူဆောင်ရွက်လျက်ရှိရာ လက်ရှိတွင် ၆၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါကုန်ထုတ်လမ်း၊တံတား ဖောက်လုပ်ပြီးစီးပါက လယ်ယာမြေဧက ၂၂၀ မှ ထွက်ကုန်သီးနှံများ ဈေးကွက်သို့ ကုန်ကျစရိတ်သက်သာစွာ သယ်ယူပို့ဆောင်နိုင်မည်ဖြစ်ကြောင်း၊ ကျေးရွာနေ ပြည်သူများအတွက် လမ်းပန်းဆက်သွယ်ရေး အဆင်ပြေချောမွေ့စွာ သွားလာနိုင်မည်ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဦးဝင်းမြင့်က ပြောပြ၍ သိရသည်။

**မင်းမြင့်မိုရ်**

# နိုင်ငံတကာ သတင်းများ

## သမ္မတ ယွန်ဆွတ်ယိုး၏ အစိုးရအသုံးစရိတ်မိန့်ခွန်းကို ဒီမိုကရက်တစ်ပါတီအမတ်များ ဆန္ဒထုတ်ဖော်

**ဆိုးလ် အောက်တိုဘာ ၂၆**

တောင်ကိုရီးယားသမ္မတယွန်ဆွတ်ယိုး၏ ပထမဆုံးသော အစိုးရအသုံးစရိတ်ဆိုင်ရာမိန့်ခွန်းကိုအတိုက်အခံ လွှတ်တော်အမတ်များက အောက်တိုဘာ ၂၅ ရက်တွင် ဆန္ဒထုတ်ဖော်ခဲ့ကြကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

ဒီမိုကရက်တစ်ပါတီခေါင်းဆောင်ကို ရာဇဝတ်ကြောင်းအရ စုံစမ်းစစ်ဆေးမှုများပြုလုပ်မှုကို ကန့်ကွက်သည့်အနေဖြင့် သမ္မတယွန်ဆွတ်ယိုး၏ အစိုးရအသုံးစရိတ် မိန့်ခွန်းကို ဒီမိုကရက်တစ်ပါတီ လွှတ်တော်အမတ်များက ဆန္ဒထုတ်ဖော်ခဲ့ကြခြင်းဖြစ်သည်။

ဒီမိုကရက်တစ်ပါတီ အမတ်များ၏ဆန္ဒထုတ်ဖော်မှုကြောင့် သမ္မတယွန်ဆွတ်ယိုး မိန့်ခွန်းပြောကြားနေစဉ် လွှတ်တော်ခန်းမဆောင်အတွင်းရှိ အမတ်နေရာထက်ဝက်လောက်မှာမတက်ရောက်ခဲ့ကြောင်း သိရသည်။

တောင်ကိုရီးယားလွှတ်တော်တွင် အမတ်နေရာဦးရေ ၃၀၀ရှိပြီး နေရာအများစုကို ဒီမိုကရက်တစ်ပါတီက ရရှိထားခြင်းဖြစ်သည်။

တောင်ကိုရီးယားအစိုးရ တရားရေးဝန်ထမ်းများသည် အဂတိလိုက်စားမှုစွပ်စွဲချက် တစ်ရပ်ကို စုံစမ်းစစ်ဆေးသည့် အနေဖြင့် အောက်တိုဘာ ၂၄ရက်တွင် ဆိုးလ်မြို့ရှိ ဒီမိုကရက်တစ်ပါတီရုံးချုပ်ကို စီးနင်းရှာဖွေခဲ့ရာ ဒီမိုကရက်တစ်လွှတ်တော်အမတ်များအမျက်ထွက်ခဲ့ကြရသည်။

အတိုက်အခံများကို ဖိနှိပ်ရေးအတွက် အဆိုပါစုံစမ်းစစ်ဆေးမှုကို ပြုလုပ်ရန် သမ္မတ ယွန်ဆွတ်ယိုးက ညွှန်ကြားခဲ့သည်ဟု ဒီမိုကရက်တစ်ပါတီက စွပ်စွဲထားကြောင်း သိရသည်။ KKO



## အင်ဒိုနီးရှား၌ ကူးတို့ရေယာဉ်မီးလောင်မှုဖြစ်ပွား အနည်းဆုံး လူ ၁၄ ဦး သေဆုံးခဲ့ရ

**ဂျကာတာ အောက်တိုဘာ ၂၆**

အင်ဒိုနီးရှားနိုင်ငံ တောင်ပိုင်းကမ်းရိုးတန်းကမ်းလွန်၌ အောက်တိုဘာ ၂၄ ရက်က လူဦးရေ ၂၄၀ လိုက်ပါလာသည့် ခရီးသည်တင်ကူးတို့ရေယာဉ်တစ်စီး မီးလောင်ခဲ့ရာ လူ ၁၄ ဦး သေဆုံးခဲ့ရကြောင်း အေပီသတင်းဌာနက ဖော်ပြခဲ့သည်။

ကေအမ်အိတ်စပရက်စ်ကန်တီကာ ၇၇ အမည်ရှိ အဆိုပါကူးတို့သင်္ဘောသည် အရှေ့နူဆာတန်ဂါရာပြည်နယ်ကူပန်းမြို့မှကာလာဘာဟီမြို့သို့ ဦးတည်ခုတ်မောင်းနေစဉ် မီးလောင်ကျွမ်းခဲ့ခြင်းဖြစ်ကြောင်း အင်ဒိုနီးရှား တာဝန်ရှိသူများက ပြောကြားခဲ့သည်။

အဆိုပါကူးတို့ ရေယာဉ်ပေါ်တွင် ခရီးသည်ဦးရေ ၂၃၀နှင့် ရေယာဉ်အမှုထမ်း ၁၀ ဦးတို့လိုက်ပါလာခဲ့ခြင်းဖြစ်သည်။

ကူးတို့ရေယာဉ် မီးလောင်မှုကြောင့် ၁၄ ဦးသေဆုံးခဲ့ပြီး ကျန် ၂၂၆ ဦးတို့ကို အနီးရှိရေယာဉ်များက ကယ်တင်ပေးနိုင်ခဲ့ကြောင်း အင်ဒိုနီးရှား ပြည်တွင်းမီဒီယာများက သတင်းထုတ်ပြန်ထားသည်။

လက်ရှိအချိန်တွင် ကူးတို့ရေယာဉ်မီးလောင်မှုဖြစ်ပွားရခြင်းအကြောင်းရင်းကို စုံစမ်းစစ်ဆေးနေကြောင်း အင်ဒိုနီးရှား တာဝန်ရှိသူများက ပြောကြားခဲ့သည်။

ကျွန်းပေါင်း ၁၇၀၀၀ကျော်ဖြင့် ဖွဲ့စည်းထားသည့် ကျွန်းစုနိုင်ငံဖြစ်သော အင်ဒိုနီးရှားနိုင်ငံ၌ ကူးတို့ရေယာဉ် မတော်တဆမှုများ မကြာခဏ ဖြစ်ပွားတတ်ကြောင်း သိရသည်။ KKO

## နျူကလီးယားတပ်များ စစ်ရေးလေ့ကျင့်မည့်အစီအစဉ် အမေရိကန်ကို ရုရှားနိုင်ငံကြိုတင်အသိပေး



**ဝါရှင်တန် အောက်တိုဘာ ၂၆**

ဂရွမ်းအမည်ရှိ နျူကလီးယားတပ်များ စစ်ရေးလေ့ကျင့်မှုပြုလုပ်မည့်အစီအစဉ်နှင့် ပတ်သက်၍ ရုရှားနိုင်ငံက အမေရိကန်နိုင်ငံကို ကြိုတင်အသိပေး အကြောင်းကြားထားကြောင်း အမေရိကန်တာဝန်ရှိသူများ၏အဆိုကို ကိုးကား၍ ရိုက်တာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ရုရှားနျူကလီးယားတပ်များက ဂရွမ်းစစ်ရေးလေ့ကျင့်မှုပြုလုပ်မည့် အစီအစဉ်ကို အမေရိကန်နိုင်ငံထံ ကြိုတင်အကြောင်းကြားထားကြောင်း အမေရိကန်လေတပ်ပြောရေးဆိုခွင့်ရှိသူက အောက်တိုဘာ ၂၅ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

ယူကရိန်း ပြဿနာကြောင့် အခြေအနေများတင်းမာနေချိန်တွင် နျူကလီးယားစစ်ရေးလေ့ကျင့်မှုနှင့် ပတ်သက်၍ ရုရှားနိုင်ငံက ကြိုတင်အကြောင်းကြား ထားမှုကြောင့် တစ်ဖက်နှင့်တစ်ဖက် မှားယွင်းတွက်ချက်နိုင်ခြေကို လျှော့ချနိုင်မည်ဖြစ်ကြောင်းအမေရိကန်တာဝန်ရှိသူများက ပြောကြားခဲ့သည်။

ဂရွမ်းစစ်ရေးလေ့ကျင့်မှုအတွင်း ရုရှားနျူကလီးယားတပ်များအနေဖြင့်တိုက်ချင်းပစ်ဒုံးကျည်များစမ်းသပ်ပစ်လွှတ်နိုင်ကြောင်း အမေရိကန်တာဝန်ရှိသူများက ယူဆထားသည်။

အမေရိကန်နိုင်ငံနှင့် ရယူထားသည့် မဟာဗျူဟာလက်နက်များထိန်းချုပ်ရေးဆိုင်ရာ သဘောတူညီချက်တစ်ရပ်အရ တိုက်ချင်းပစ်ဒုံးကျည်စမ်းသပ်မှုများ ပြုလုပ်မည်ဆိုပါကရုရှားနိုင်ငံအနေဖြင့် ကြိုတင်အသိပေးရမည်ဖြစ်သည်။

ရုရှားနိုင်ငံသည် ပုံမှန်အားဖြင့် ဂရွမ်းနျူကလီးယားစစ်ရေးလေ့ကျင့်မှုကို နှစ်စဉ်အောက်တိုဘာလတွင် ပြုလုပ်လေ့ရှိကြောင်း သိရသည်။

KKO

## အရေးတကြီးမလိုအပ်သည့်ဝန်ထမ်းများ နိုင်ဂျီးရီးယားမှထွက်ခွာရန် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန ထုတ်ပြန်

**ဝါရှင်တန် အောက်တိုဘာ ၂၆**

အရေးတကြီး မလိုအပ်သည့် အမေရိကန်အစိုးရဝန်ထမ်းများနှင့် မိသားစုဝင်များ နိုင်ဂျီးရီးယားနိုင်ငံမှထွက်ခွာရန် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက အောက်တိုဘာ ၂၅ ရက်တွင် ထုတ်ပြန်ပေးထားကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

နိုင်ဂျီးရီးယားနိုင်ငံ၌ အကြမ်းဖက်တိုက်ခိုက်မှုများဖြစ်ပွားနိုင်ခြေမြင့်တက်လာမှုကြောင့်အရေးတကြီး မလိုအပ်သည့် ဝန်ထမ်းများနှင့် မိသားစုဝင်များ နိုင်ဂျီးရီးယားမှ ထွက်ခွာနိုင်ရန် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ပြန်ပေးထားခြင်းဖြစ်သည်။

နိုင်ဂျီးရီးယားနိုင်ငံ အဘူဂျာမြို့၌ အကြမ်းဖက်တိုက်ခိုက်မှု တစ်ရပ်ဖြစ်ပွားနိုင်ခြေရှိကြောင်း ဗြိတိန်နှင့် အမေရိကန်နိုင်ငံတို့က အောက်တိုဘာ၂၃ရက်တွင်သတိပေးထားသည်။

အဆိုပါ သတိပေးချက်အရ အကြမ်းဖက်သမားများသည်အစိုးရအဆောက်အအုံများ၊ ဘာသာရေးဆိုင်ရာနေရာဌာနများ၊ စာသင်ကျောင်းများနှင့် အခြားပစ်မှတ်များကို တိုက်ခိုက်လာနိုင်ကြောင်း သိရသည်။

အမေရိကန်နိုင်ငံသည် ရှေးယခင်ကလည်း အလားတူလုံခြုံရေးသတိပေးချက်များ ထုတ်ပြန်ပေးခဲ့ဖူးရာ အကြမ်းဖက်တိုက်ခိုက်မှုအန္တရာယ်များနှင့်ပတ်သက်၍ အထူးသတိပြုကြရန် နိုင်ဂျီးရီးယား တာဝန်ရှိသူများကလည်း ပြည်သူများကို တိုက်တွန်းထားသည်။

နိုင်ဂျီးရီးယားနိုင်ငံတစ်ဝန်းလုံခြုံမှုပျက်ပြားနေခြင်းသည် လာမည့်နှစ်ဖေဖော်ဝါရီလတွင် သမ္မတသစ်တစ်ဦးကို မဲပေးရွေးချယ်ရမည့် နိုင်ဂျီးရီးယား မဲဆန္ဒရှင်ပြည်သူများစိုးရိမ်နေကြသော ပြဿနာဖြစ်ကြောင်း သိရသည်။ KKO

## ဗြိတိန်ဝန်ကြီးချုပ် ရီရှီဆူနက်ခ်၏ ပိုင်ဆိုင်မှုတန်ဖိုး အမေရိကန်ဒေါ်လာ ၈၃၇ သန်းထိရှိဟုဆို

**လန်ဒန် အောက်တိုဘာ ၂၆**

ဗြိတိန်ဝန်ကြီးချုပ်သစ်ရီရှီဆူနက်ခ်သည် ဗြိတိန်ဝန်ကြီးချုပ် ရာထူးရယူခဲ့သူများအနက် အချမ်းသာဆုံးနိုင်ငံရေးသမားဖြစ်ကြောင်း ရိုက်တာသတင်းဌာနက အောက်တိုဘာ ၂၅ ရက်တွင် ဖော်ပြခဲ့သည်။

ယခုနှစ်မေလအတွင်း ဆန်းဒေးတိုင်းမ်သတင်းစာက ထုတ်ပြန်ခဲ့သော ဗြိတိန်၏ အချမ်းသာဆုံးပုဂ္ဂိုလ်များစာရင်းတွင် ဝန်ကြီးချုပ် ရီရှီဆူနက်ခ်သည် အသားတင်ပိုင်ဆိုင်မှုတန်ဖိုး အမေရိကန်ဒေါ်လာ ၈၃၇ သန်းဖြင့် အဆင့် ၂၂၂ နေရာတွင် ရှိနေကြောင်း သိရသည်။

သို့သော်အဆိုပါပိုင်ဆိုင်မှုပမာဏအရ ဝန်ကြီးချုပ် ရီရှီဆူနက်ခ်သည် ဗြိတိန်ဝန်ကြီးချုပ်များအနက် အချမ်းသာဆုံးဝန်ကြီးချုပ် ဖြစ်လာခဲ့သည်။

ကမ္ဘာ့စံချိန်မှတ်တမ်းများအရ ဗြိတိန်၏အချမ်းသာဆုံးဝန်ကြီးချုပ်အဖြစ် ယခင်စံချိန်တင်ထားသူမှာ ၁၉ ရာစုခေတ် ဗြိတိန်ဝန်ကြီးချုပ် အက်ဒ္ဒပ်စတန်လေဖြစ်သည်။

၁၉ ရာစုခေတ်တွင် အက်ဒ္ဒပ်စတန်လေ၏ အသားတင်ပိုင်ဆိုင်မှုတန်ဖိုးမှာ စတာလင်ပေါင် ခုနစ်သန်းဖြစ်ပြီး ယခုခေတ် ငွေကြေးတန်ဖိုးနှင့်ချိန်ကြည့်ပါက စတာလင်ပေါင် သန်း ၄၅၀ ထိ ရှိနိုင်ကြောင်း သိရသည်။




အိန္ဒိယနွယ်ဖွားတစ်ဦးဖြစ်သည့် ရီရှီဆူနက်ခ်သည် အောက်တိုဘာ ၂၄ ရက်တွင် ကျင်းပခဲ့သော ကွန်ဆာဗေးတစ်ပါတီခေါင်းဆောင် ရွေးချယ်ပွဲ၌ အနိုင်ရခဲ့ပြီးနောက် အောက်တိုဘာ ၂၅ ရက်တွင်ဗြိတိန်ဝန်ကြီးချုပ်ရာထူး ရရှိခဲ့ကြောင်း သိရသည်။

KKO

# SCIENCE AND TECHNOLOGY

## အာကာသအမှိုက်ခြိမ်းခြောက်မှုကို ရှောင်ရှားရေးအတွက် နိုင်ငံတကာအာကာသစခန်းယာဉ်ပတ်လမ်းနေရာပြောင်းလဲမှု ပြုလုပ်ခဲ့



**ဝါရှင်တန် အောက်တိုဘာ ၂၆**

အာကာသ အမှိုက်စတစ်စ၏ ခြိမ်းခြောက်မှုကို ရှောင်ရှားရေးအတွက် နိုင်ငံတကာအာကာသစခန်းယာဉ်သည် အောက်တိုဘာ ၂၄ ရက်က ပတ်လမ်းနေရာပြောင်းလဲမှု ပြုလုပ်ခဲ့ရကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က အောက်တိုဘာ ၂၅ ရက်က ရေးသားတင်ပြထားသည်။

အာကာသအမှိုက် ဝင်ရောက်လာနိုင်သည့် လမ်းကြောင်းပေါ်မှ ရှောင်ရှားရေးအတွက် နိုင်ငံတကာ အာကာသစခန်း၏အမြင့်ကို ရုရှား၏ ပရိုဂရက်စ်-၈၁ ကုန်တင်ယာဉ်၏အကူအညီဖြင့် မြှင့်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ပရိုဂရက်စ်-၈၁ အာကာသကုန်တင်ယာဉ်သည်၎င်း၏ ဒုံးကန်အားစနစ်များကို ငါးမိနစ်နှင့် ငါးစက္ကန့်ကြာဖွင့်၍ နိုင်ငံတကာ အာကာသစခန်း၏ ပတ်လမ်းကို မူလနေရာ၏အထက်သို့ တစ်မိုင်ဝန်းကျင်ခန့် တွန်းတင်ပေးခဲ့ရကြောင်း သိရသည်။

အကယ်၍ ပတ်လမ်းနေရာ မြှင့်တင်မှုမရှိခဲ့ပါက အာကာသအမှိုက်သည် နိုင်ငံတကာအာကာသစခန်း၏ သုံးမိုင်အကွာမှ ဖြတ်သန်းသွားနိုင်ကြောင်း အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ) တာဝန်ရှိသူများက ပြောကြားသည်။

နိုင်ငံတကာအာကာသစခန်းယာဉ် ပတ်လမ်းနေရာပြောင်းပေးခဲ့ရသော အာကာသအမှိုက်မှာ ရုရှားနိုင်ငံ၏ ကော့စမော့စ်-၁၄၀၈ အမည်ရှိ ဂြိုဟ်တုပေါက်ကွဲမှုထွက်ပေါ်လာသည့် အာကာသအမှိုက်ဖြစ်ကြောင်း သိရသည်။

နိုင်ငံတကာ အာကာသစခန်းယာဉ်သည် အာကာသအမှိုက်များ၏ အန္တရာယ်ကို ကြိုတင်ရှောင်ရှားသည့်အနေဖြင့် ပတ်လမ်းနေရာပြောင်းလဲမှုများ မကြာမကြာလုပ်ခဲ့ရဖူးကြောင်း သိရသည်။

KKO

## ရုရှားနိုင်ငံ၏ ပရိုဂရက်စ်-၈၀ အာကာသကုန်တင်ယာဉ် ကမ္ဘာ့လေထုလွှာအတွင်း ပြန်လည်ဝင်ရောက်ခဲ့ပြီးနောက် လောင်ကျွမ်းပြိုကွဲခဲ့

**မော်စကို အောက်တိုဘာ ၂၆**

ရုရှားနိုင်ငံ၏ ပရိုဂရက်စ်-၈၀ အာကာသ ကုန်တင်ယာဉ်သည် အောက်တိုဘာ ၂၄ ရက်က ကမ္ဘာ့လေထုလွှာအတွင်းသို့ ပြန်လည်ဝင်ရောက်ခဲ့ပြီးနောက် လောင်ကျွမ်းပြိုကွဲခဲ့ကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က အောက်တိုဘာ ၂၅ ရက်က ရေးသားတင်ပြထားသည်။

ပရိုဂရက်စ်-၈၀ အာကာသ ကုန်တင်ယာဉ်သည် အောက်တိုဘာ ၂၄ ရက် ညပိုင်းတွင် နိုင်ငံတကာအာကာသစခန်းမှ ခွာထွက်ခဲ့ပြီးနောက် နာရီအနည်းငယ်မှာပင် ကမ္ဘာ့လေထုလွှာအတွင်းသို့ ပြန်လည်ဝင်ရောက်ခဲ့ခြင်းဖြစ်သည်။

နိုင်ငံတကာအာကာသစခန်းရှိ အာကာသယာဉ်မှူးများအတွက် စားနပ်ရိက္ခာနှင့် အခြားအထောက်အပံ့ပစ္စည်း စုစုပေါင်းသုံးတန်ကျော် တင်ဆောင်ထားသည့် ပရိုဂရက်စ်-၈၀ အာကာသကုန်တင်ယာဉ်ကို ယခုနှစ် ဖေဖော်ဝါရီလတွင် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ အာကာသကုန်တင်ယာဉ်သည် နိုင်ငံတကာအာကာသစခန်း၌ ရှစ်လကြာဆိုက်ကပ်ခဲ့ပြီးနောက် ကမ္ဘာ့လေထုလွှာအတွင်း ပြန်လည်ဝင်ရောက်လာခဲ့သည်။



ပရိုဂရက်စ်-၈၀ အာကာသ ကုန်တင်ယာဉ်သည် ပစိဖိတ်သမုဒ္ဒရာဒေသအထက်တွင် ကမ္ဘာ့လေထုလွှာအတွင်းသို့ ပြန်လည်ဝင်ရောက်လာခဲ့ခြင်းဖြစ်ကြောင်း အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ) က ကြေညာထားသည်။

ပရိုဂရက်စ်အာကာသကုန်တင်ယာဉ်များသည် နိုင်ငံတကာ အာကာသစခန်းအတွက် ထောက်ပံ့တာဝန်ယူထားသည့် နိုင်ငံတကာ အာကာသယာဉ် သုံးမျိုးထဲတွင် အပါအဝင်ဖြစ်ကြောင်း သိရသည်။

KKO

## ဖွေသတ္တုများအရည်ပျော်လောက်အောင်အပူချိန်မြင့်မားသည့် ကျောက်သားဂြိုဟ်တစ်စင်းတွေ့ရှိ

**ဘာလင် အောက်တိုဘာ ၂၆**

ဖွေသတ္တုများ အရည်ပျော်ရလောက်အောင်ပင် အပူချိန်မြင့်မားသည့် ကျောက်သားဂြိုဟ်ကြီးတစ်စင်းကို သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိထားကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က အောက်တိုဘာ ၂၅ ရက်က ရေးသားတင်ပြထားသည်။

GJ 1252 b ဟူ၍ အမည်ပေးထားသည့် ကျောက်သားဂြိုဟ်သည် အပူဓာတ်ပြင်းထန်မှုကြောင့် လေထုလွှာလည်း ပျောက်ကွယ်ခဲ့ရဖွယ်ရှိကြောင်း ဂျာမနီနိုင်ငံ မက်စ်ပလန့်စ်အင်စတီကျူမှ သုတေသနပညာရှင်များက သုံးသပ်ထားကြောင်း သိရသည်။

ကမ္ဘာမြေနှင့် အလင်းနှစ် ၆၅ နှစ်အကွာတွင်ရှိသော GJ 1252 b ဂြိုဟ်ကို ဂျာမနီသိပ္ပံပညာရှင်များက စပစ်ဇာအာကာသရေဒီယိုတယ်လီစကုပ်မှ ရယူထားသော သတင်းအချက်အလက်များကို သုံး၍ ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါကျောက်သားဂြိုဟ်၏ နေ့ပိုင်းကာလမျက်နှာပြင်အပူချိန်မှာ ၂၂၄၂ ဒီဂရီဖာရင်ဟိုက်ထိရှိရာ ထိုမျှပြင်းထန်သောအပူချိန်မျိုးအောက်၌ လေထုလွှာတည်ရှိရန် ခက်ခဲကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

GJ 1252 b ဂြိုဟ်၏ လေထုလွှာသည် ပြင်းထန်သည့်အပူချိန်ကြောင့် နှစ်ပေါင်း တစ်သန်းသာသာအတွင်း ကွယ်ပျောက်ခဲ့ရဖွယ်ရှိကြောင်း သိပ္ပံပညာရှင်များက သုံးသပ်ထားသည်။

လက်ရှိအချိန်တွင် ဂျာမနီသိပ္ပံပညာရှင်များသည် GJ 1252 b ဂြိုဟ်ကို အမေရိကန်အစိုးရအမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)၏ ဂျိမ်းစ်ဝက်ဘ် အာကာသရေဒီယိုတယ်လီစကုပ်ဖြင့် ဆက်လက်စူးစမ်းလေ့လာရန် စီစဉ်ထားကြောင်း သိရသည်။

KKO

# HEALTH

## သက်ကြီးပိုင်းများတွင် သွေးဖိအားလျှော့ချပေးပါက Dementia ဖြစ်နိုင်ခြေကို လျှော့ချပေးနိုင်

**ကင်ဘာရာ အောက်တိုဘာ ၂၆**

သက်ကြီးပိုင်းများ၌ သွေးဖိအားမြင့်တက်မှုကို လျှော့ချပေးပါက ဦးနှောက်စွမ်းဆောင်ရည် ထိခိုက်ပျက်စီးမှုရောဂါ (Dementia) ဖြစ်နိုင်ခြေကို လျှော့ချပေးနိုင်ကြောင်း သုတေသနပညာရှင်များ၏အဆိုကို ကိုးကား၍ ယူပီအိုင်သတင်းဌာနက အောက်တိုဘာ ၂၅ ရက်က ရေးသားတင်ပြထားသည်။

Dementia ရောဂါအတွက် ကုထုံးမရှိသေးသည့် အချိန်တွင် အဆိုပါရောဂါ ဖြစ်ပွားနိုင်ခြေကို လျှော့ချနိုင်မည့်နည်းလမ်းများမှာ ကြိုဆိုရမည့် နည်းလမ်းများဖြစ်ကြောင်း ဩစတြေးလျနိုင်ငံ နယူးဆောက်သ်ဝေးလ် ပြည်နယ်တက္ကသိုလ်မှ သုတေသနပညာရှင်များက ပြောကြားသည်။

ဩစတြေးလျသုတေသနပညာရှင်များသည် သွေးဖိအားပုံမှန်ထက်မြင့်တက်မှုနှင့် Dementia ဖြစ်နိုင်ခြေတို့ကြား ဆက်စပ်မှုကို ဖော်ထုတ်ရေးအတွက် နိုင်ငံပေါင်း ၂၀ တို့မှ သက်ကြီးပိုင်း ၂၈၀၀၀ ကျော်တို့ကို လေ့လာခဲ့ကြသည်။

လေ့လာချက် ရလဒ်များအရ သွေးဖိအားလျှော့ချရေးကုထုံးများသည် သက်ကြီးပိုင်းများ၌ Dementia ဖြစ်နိုင်ခြေကို လျှော့ချပေးနိုင်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

သို့ရာတွင် သွေးဖိအားကိုထိန်းချုပ်ထားနိုင်သူများ၌ သွေးဖိအားထပ်မံလျှော့ချပေးခြင်းမှာ Dementia ရောဂါဖြစ်နိုင်ခြေကို ရေရှည်သဘောအရ လျှော့ချပေးနိုင်မှုရှိ၊ မရှိ မသိရသေးပေ။

ဩစတြေးလျသုတေသနပညာရှင်များသည် စမ်းသပ်မှုတွင်ပါဝင်ခဲ့ကြသော အသက် ၆၉ နှစ်ခန့် သက်ကြီးပိုင်းများကို လေးနှစ်ကြာအချိန်ယူလေ့လာခဲ့ပြီးနောက် ၎င်းတို့၏ တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်သည်။

KKO

## မှိုစွဲရောဂါများက လူတို့၏ကျန်းမာရေးကို ခြိမ်းခြောက်နေဟု WHO သတိပေး

**ဂျီနီဗာ အောက်တိုဘာ ၂၆**

လူသားတို့၏ကျန်းမာရေးကို ခြိမ်းခြောက်နေသော မှိုစွဲရောဂါများသည် ရာသီဥတုပြောင်းလဲမှုကြောင့် ကမ္ဘာတစ်ဝန်းကူးစက်လျက်ရှိပြီး အချို့မှိုစွဲရောဂါများမှာလည်း ကိုဗစ်ရောဂါ ကူးစက်မှုကာလအတွင်း ကူးစက်ဖြစ်ပွားနှုန်းမြင့်တက်လာကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) ၏အဆိုကို ကိုးကား၍ Reuters သတင်းဌာနက အောက်တိုဘာ ၂၅ ရက်က ရေးသားတင်ပြထားသည်။

WHO သည် အောက်တိုဘာ ၂၅ ရက်တွင် လူသားတို့၏ကျန်းမာရေးကို ခြိမ်းခြောက်နေသော မှိုစွဲရောဂါများစာရင်းကို ပထမဆုံးအကြိမ်အဖြစ် ထုတ်ပြန်ထားကြောင်း သိရသည်။

မှိုစွဲရောဂါများနှင့် တဖြည်းဖြည်းယဉ်ပါးလာမှုသည် ကမ္ဘာ့လူသားများ၏ ကျန်းမာရေးအတွက် ပြဿနာဖြစ်လာကြောင်း WHO က သတိပေးထားသည်။

မှိုစွဲရောဂါများသည် ကင်ဆာနှင့် အဆုတ်ရောဂါကဲ့သို့ ပြင်းထန်သည့်ရောဂါများရှိနေသော လူနာများ၌ မကြာခဏဖြစ်ပွားတတ်ပြီး ကိုဗစ်ရောဂါကာလအတွင်း ဆေးရုံတက်ကိုဗစ်လူနာများကြား မှိုစွဲရောဂါဖြစ်ပွားမှု မြင့်တက်လာသည်ကိုတွေ့ရကြောင်း WHO သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

WHO ၏ မှိုစွဲရောဂါစာရင်းတွင် အဆိုပါရောဂါများကို အုပ်စုသုံးစုခွဲထားပြီး Candida Auris၊ Cryptacoccus Neoformans၊ Aspergillus Fumigatus နှင့် Candida Albicans စသည့်မှိုစွဲရောဂါများကို ထည့်သွင်းထားကြောင်း သိရသည်။

KKO



## နိုင်ငံတကာ အားကစားသတင်းများ

# Swiss Indoors တင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်သို့ ဝေါရင်ခါ တက်ရောက်

**ဘေဆယ် အောက်တိုဘာ ၂၆**

ဆွစ်ဇာလန်နိုင်ငံ ဘေဆယ်မြို့၌ ကျင်းပနေသည့် Swiss Indoors တင်းနစ်ပြိုင်ပွဲ ပထမအဆင့်ပွဲစဉ် တစ်ပွဲအဖြစ် ဆွစ်ဇာလန်တင်းနစ်ကစားသမား ဝေါရင်ခါနှင့် နော်ဝေတင်းနစ်ကစားသမား ကပ်စပါရွဒ်တို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဝေါရင်ခါက (၆-၄၊ ၆-၄) ရလဒ်ဖြင့် အနိုင်ရရှိကာ ဒုတိယအဆင့်သို့ တက်ရောက်ခဲ့ကြောင်း UPI သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

မွေးရပ်မြေတွင် ကျင်းပသည့် ပြိုင်ပွဲတွင် အကောင်းဆုံးလက်စွမ်းပြနိုင်ခဲ့သည့် ဝေါရင်ခါသည် ချန်ပီယံဆုကို ဆွတ်ခူးနိုင်ရန် ပစ်မှတ်ထားနေကြောင်း သိရသည်။

အသက်အရွယ်အရ အကျပိုင်းသို့ရောက်လာသော်လည်း ဝေါရင်ခါသည် ၂၀၂၂ ခုနှစ် တင်းနစ်ရာသီအတွင်း အကောင်းဆုံးလက်စွမ်းပြနေသည့် လူငယ်ကစားသမား ကပ်စပါရွဒ်ကို ပြတ်သားသည့်ရမှတ်များဖြင့် နှစ်ပွဲပြတ်အနိုင်ရခဲ့ခြင်းဖြစ်သည်။

ဝေါရင်ခါနှင့် ကပ်စပါရွဒ်တို့ ပွဲစဉ်သည် ကမ္ဘာ့အဆင့် ကစားသမားနှစ်ဦးထိပ်တိုက်တွေ့ဆုံသည့် ပွဲစဉ် ဖြစ်သည့်အတွက်ကြောင့် အကြိတ်အနယ်ရှိနိုင်သည်ဟု ခန့်မှန်းချက်များထွက်ပေါ်ထားသော်လည်း ဝေါရင်ခါက တစ်ဖက်သတ်ဖိအားပေးကစားနိုင်ခဲ့သည်။

သို့သော်လည်း ပြိုင်ပွဲဝင်နှစ်ဦးစလုံး စပေးဘောများကောင်းမွန်ခဲ့ကြပြီး စပေးဘောများဖြင့် အမြန်အလှန်ခြိမ်းခြောက်နိုင်ခဲ့ကြသည်။

ဒဏ်ရာမှ ပြန်လည်သက်သာလာခဲ့ပြီးနောက် နိုင်ပွဲရရှိခဲ့သည့် ဝေါရင်ခါက "ဒီနှစ်အတွင်း ဒဏ်ရာပြဿနာကြောင့် အခက်အခဲတွေအများကြီးနဲ့ ရင်ဆိုင်ခဲ့ရတယ်။ ပြိုင်ပွဲ တော်တော်များများကိုလဲ လွဲချော်ခဲ့ရတယ်။ အထူးသဖြင့် လက်စွမ်းပိုင်းကို အားမရဘူး။ အသက်အရွယ်ကြောင့် ကစားရတာ အရင်လို မပေ့ါပါးတော့ဘူး။ အခု ဒီပွဲစဉ်မှာတော့ စွမ်းဆောင်ရည်ပိုင်းကို အားရကျေနပ်မှုရှိပါတယ်။ ကပ်စပါလို လူငယ်ကစားသမားတစ်ယောက်ကို ရလဒ်ကောင်းနဲ့အနိုင်ရခဲ့လို့ ဝမ်းသာဂုဏ်ယူပါတယ်"ဟုပြောကြားခဲ့ကြောင်း သိရသည်။

AZL

## ယူရိုပါလိဂ် အုပ်စုပွဲစဉ် ပွဲကြိုသုံးသပ်ချက်

ML

**လာဇီယို Vs မစ်ဂျေးလန်**

**ကစားမည့်ရက်/အချိန် ၂၇-၁၀-၂၀၂၂ (ည ၁၁:၁၅နာရီ)**

**ပထမအကျော့ရလဒ်**

**မစ်ဂျေးလန် ၅ – ၁ လာဇီယို**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| လာဇီယို | – | အိမ်(သရေ) | အိမ်(သရေ) | ဝေး(နိုင်) |
| မစ်ဂျေးလန် | – | အိမ်(နိုင်) | ဝေး(နိုင်) | ဝေး(သရေ) |

ရမှတ်လိုအပ်နေတဲ့ လာဇီယိုအသင်းဟာ အခုအိမ်ကွင်းပွဲစဉ်မှာ တိုက်စစ်မြှင့်ပြီး နိုင်ပွဲရဖို့ ရေကုန်ရေခန်းကြိုးစားလာမှာပါ။ မစ်ဂျေးလန်အသင်းကတော့ ပထမအကျော့မှာ လာဇီယိုကို ဂိုးပြတ်အနိုင်ရခဲ့ပေမဲ့ အဝေးကွင်းပေးဂိုးများနေတဲ့ သူတို့အသင်းခံစစ်ပိုင်းကြောင့် အခုပွဲစဉ်မှာ ရုန်းကန်ရမှာပါ။ ဒါကြောင့် အိမ်ကွင်းကစားအားကောင်းနေတဲ့ လာဇီယိုအသင်းကိုပဲ ရွေးချယ်ရမှာပါ။

**အင်တာနက်ခန့်မှန်း – လာဇီယို ၃ – ၁ မစ်ဂျေးလန်**

## အားကစားသတင်း အတိုအထွာများ

- တောင်ပံကစားသမား ဒီမာရီယာက ၎င်း၏အိပ်မက်မှာ ကစားသမားဘဝစတင်ခဲ့သည့် အာဂျင်တီးနားကလပ် ရိုဆာရီရိုအသင်းတွင် ပြန်လည်ကစားရန်ဖြစ်ကြောင်း အင်တာဗျူးအစီအစဉ်တစ်ခုတွင် ထုတ်ဖော်ပြောကြားခဲ့သည်။
- လီဗာပူးအသင်းက အေစီမီလန်အသင်း ကွင်းလယ်ကစားသမား တိုနာလီကိုခေါ်ယူရန် နာဘီကီတာကို အလိုက်ပေးကမ်းလှမ်းရန် ပြင်ဆင်နေကြောင်း သိရသည်။
- အာဆင်နယ်အသင်းက ကာလရှည်ပစ်မှတ်ဖြစ်သည့် လက်စတာအသင်းကစားသမား တိုင်လီမန်ကို အသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးချိန်တွင် ခေါ်ယူနိုင်ရန် မျှော်လင့်ထားကြောင်း သိရသည်။ ML

# ဘောလုံးသမိုင်းတစ်လျှောက် ဂိုးပါဝင်ပတ်သက်မှုအများဆုံး ဂန္ထဝင်ကစားသမားပီလီ၏စံချိန်ကို တိုက်စစ်မှူးမက်ဆီ ကျော်ဖြတ်



**ပဲရစ် အောက်တိုဘာ ၂၆**

အာဂျင်တီးနား အသင်းနှင့် ပီအက်စ်ဂျီအသင်း တိုက်စစ်ကစားသမားမက်ဆီသည် ယနေ့နံနက်ပိုင်းက ကစားခဲ့သည့် ချန်ပီယံလိဂ်ပြိုင်ပွဲ အုပ်စုပွဲစဉ်ဖြစ်သည့် ပီအက်စ်ဂျီအသင်းနှင့် မက္ကာဘီဟိုင်ဖာအသင်းတို့ကစားခဲ့သည့်ပွဲစဉ်တွင် အသင်းအတွက် နှစ်ဂိုးသွင်းယူကာ နှစ်ကြိမ်ဂိုးဖန်တီးမှု ပြုလုပ်နိုင်ခဲ့ပြီးနောက် သမိုင်းတစ်လျှောက် ဂိုးပါဝင်ပတ်သက်မှုအများဆုံး ကစားသမားအဖြစ်ရပ်တည်နေသည့် ဂန္ထဝင်ကစားသမားကြီးပီလီ၏ စံချိန်ကို ကျော်ဖြတ်နိုင်ခဲ့သည်ဟု Opta.com သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

လက်ရှိ ဘောလုံးသမိုင်းတစ်လျှောက် မက်ဆီမတိုင်မီက ဂိုးပါဝင်ပတ်သက်မှု အများဆုံးကစားသမားအဖြစ် ဂန္ထဝင်ကစားသမားကြီးပီလီက စုစုပေါင်း ၁၁၂၆ ကြိမ်ဖြင့် ထိပ်ဆုံးတွင် ရပ်တည်နေပြီး ယခုအခါ မက်ဆီက ပရော်ဖက်ရှင်နယ်ကစားသမားဘဝ ဂိုးပါဝင်ပတ်သက်မှု ၁၁၂၇ ကြိမ်ထိ ရှိလာခဲ့ကာ ပီလီ၏စံချိန်ကို တစ်ကြိမ်အသာဖြင့် ကျော်ဖြတ်နိုင်ခဲ့သည့်အပြင် ချန်ပီယံလိဂ်ပြိုင်ပွဲတွင် မတူညီသည့် အသင်းအများဆုံးကို ဂိုးသွင်းယူနိုင်ခဲ့သည့် မန်ယူအသင်းမှ စီရော်နယ်ဒို၏ စံချိန်ကိုလည်း တစ်သင်းအသာဖြင့် ကျော်ဖြတ်နိုင်ခဲ့ခြင်းဖြစ်သည်။

မက်ဆီသည် ပီအက်စ်ဂျီအသင်းသို့ ပြောင်းရွှေ့ကစားခဲ့ပြီးနောက် ပြီးခဲ့သည့် ဘောလုံးရာသီက ခြေစွမ်းပြသနိုင်ရန် ရုန်းကန်ခဲ့ရသော်လည်း ယခုနှစ်ဘောလုံးရာသီတွင် အကောင်းဆုံးခြေစွမ်းပြသလျက်ရှိပြီး လက်ရှိအချိန်တွင် ပြည်တွင်းလိဂ် ၁၁ ပွဲကစားပြီး ခြောက်ဂိုး သွင်းယူနိုင်ခဲ့ကာ ဂိုးဖန်တီးမှု ကိုးကြိမ်နှင့် ချန်ပီယံလိဂ်ပြိုင်ပွဲတွင် လေးဂိုးသွင်းယူပြီး ဂိုးဖန်တီးမှု သုံးကြိမ် ပြုလုပ်ထားပြီး သွင်းဂိုးနှင့် ဂိုးဖန်တီးမှု ၁၀ ကြိမ်စီနှင့်အထက် ပြုလုပ်ထားနိုင်ခဲ့သည့် တစ်ဦးတည်းသော ကစားသမားအဖြစ် ရပ်တည်လျက်ရှိနေကြောင်း သိရသည်။

STA

# လာမည့်အပြောင်းအရွှေ့တွင် ကစားသမားသစ်ဝယ်ယူရန် အသင်းပိုင်ရှင် ခရွန်ကီက အာတီတာကို စတာလင်ပေါင် သန်း ၅၀ ထပ်မံသုံးစွဲခွင့်ပြု



**လန်ဒန် အောက်တိုဘာ ၂၆**

အာဆင်နယ်အသင်း ပိုင်ရှင်ခရွန်ကီက လာမည့် ဇန်နဝါရီ အပြောင်းအရွှေ့ကာလတွင် ကစားသမားသစ် ထပ်မံခေါ်ယူရန်အတွက် နည်းပြအာတီတာကို စတာလင်ပေါင် သန်း ၅၀ ထပ်မံသုံးစွဲခွင့်ပြုခဲ့ကြောင်း The Sun သတင်းစာက ယနေ့တွင် ဖော်ပြခဲ့သည်။

လက်ရှိတွင် အာဆင်နယ်အသင်းသည် ပရီးမီးယားလိဂ် အမှတ်ပေးဇယားတွင် ဦးဆောင်၍ ရလဒ်ကောင်းများ ပိုင်ဆိုင်ထားသောကြောင့် နည်းပြအာတီတာက ပုံစံကောင်းကို ဆက်လက်ထိန်းသိမ်းရန်အတွက် ဇန်နဝါရီလတွင် ကစားသမားသစ် နှစ်ဦး ထပ်မံခေါ်ယူရန် အသင်းပိုင်ရှင်ထံ တောင်းဆိုခဲ့ရာ စတာလင်ပေါင် သန်း ၅၀ ထပ်မံသုံးစွဲခွင့်ပြုခဲ့သည်။

ထို့ပြင် အသင်းပိုင်ရှင် ခရွန်ကီသည် ပြီးခဲ့သည့်နွေရာသီအပြောင်းအရွှေ့ကာလကလည်း နည်းပြအာတီတာအတွက် တိုက်စစ်မှူးဂျီးဆပ်၊ ခံစစ်ကစားသမား ဇင်ချန်ကို၊ ကွင်းလယ်ကစားသမား ဖေဘီယိုဗီအဲရာ၊ ဂိုးသမား မက်တာနာနှင့် တောင်ပံကစားသမား မာကွင်ဟိုတို့ကို စတာလင်ပေါင် သန်း ၁၃၀ သုံးစွဲခေါ်ယူပေးခဲ့ပြီး အသင်းအနေဖြင့် ရလဒ်ကောင်းများရယူနိုင်ခဲ့သောကြောင့် လာမည့်ဇန်နဝါရီ အပြောင်းအရွှေ့ကာလတွင် နည်းပြအာတီတာ၏လိုအပ်ချက်ကို ထပ်မံဖြည့်ဆည်းပေးခဲ့ခြင်းဖြစ်သည်။

နည်းပြ အာတီတာအနေဖြင့် အသင်း၏ကွင်းလယ်ပိုင်းကို ထပ်မံဖြည့်တင်းရန်အတွက် အေစီလာအသင်းကစားသမား ဒေါက်ကလပ်လူးဝစ်ကို ပစ်မှတ်ထားခဲ့သော်လည်း ၎င်းအနေဖြင့် အသင်းနှင့်သက်တမ်းတိုးခဲ့သောကြောင့် ဘရာဇီးကလပ် ပါမီးယက်စ်အသင်း ကွင်းလယ်ကစားသမား အသက် ၂၁ နှစ်ရှိ ဒန်နီလိုကိုခေါ်ယူရန် ထပ်မံကြိုးပမ်းနေကြောင်း သိရသည်။

ML

# ကင်ဆာရောဂါခံစားနေရသည့် တိုက်စစ်မှူးဟော်လာ လေ့ကျင့်ခန်းပြန်ဆင်းနေ

**ဘာလင် အောက်တိုဘာ ၂၆**

ဒေါ့မွန်အသင်း တိုက်စစ်မှူးဟော်လာသည် ကင်ဆာရောဂါကြောင့် ဆေးကုသမှုခံယူနေရသော်လည်း ဒဏ်ရာပြန်လည်သက်သာလာသောကြောင့် အသင်းဟောင်းအေဂျက်အသင်းတွင် လေ့ကျင့်ခန်းပြန်ဆင်းနေပြီဖြစ်ကြောင်း အေဂျက်အသင်းက ပြောကြားခဲ့သည်ဟု Fotmob.com က ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၂၈ နှစ်ရှိ ဟော်လာသည် ပြီးခဲ့သည့်ဘောလုံးရာသီက ဟော်လန်ကလပ် အေဂျက်အသင်းနှင့်အတူ ခြေစွမ်းပြကစားနိုင်ခဲ့ကာ ဂိုးသွင်းအများဆုံး ကစားသမားဆုကို ဆွတ်ခူးနိုင်ခဲ့ပြီးနောက် ဒေါ့မွန်အသင်းက တိုက်စစ်မှူးဟာလန်း၏ နေရာတွင် အစားထိုးရန်အတွက် ၎င်းကိုခေါ်ယူခဲ့ကြောင်း သိရသည်။

သို့သော် ဟော်လာသည် ဒေါ့မွန်အသင်းနှင့် ရာသီအကြိုခြေစမ်းပွဲစဉ်များတွင် ပုံစံကောင်းပြသနိုင်ခဲ့သော်လည်း ပြီးခဲ့သည့် ဇူလိုင်လအတွင်းက ကင်ဆာရောဂါစစ်ဆေးတွေ့ရှိခဲ့သဖြင့် နယ်သာလန်တွင် ကာလရှည်ကုသမှုခံယူနေရပြီး ယခုအခါ ဒဏ်ရာမှ ပြန်လည်သက်သာလာသောကြောင့် အေဂျက်အသင်းနှင့်အတူ လေ့ကျင့်ခန်းပြန်လည်ပြုလုပ်နေခြင်းဖြစ်သည်။

အေဂျက်အသင်းနည်းပြ ရှက်ရူဒါက "ဟော်လာအနေနဲ့ နဂိုအခြေအနေပြန်ရောက်ဖို့အတွက် အေဂျက်အသင်းမှာ လေ့ကျင့်ခန်းဆင်းလို့ရလားလို့မေးခဲ့ပါတယ်။ ဒါကြောင့် ကျွန်တော့်အနေနဲ့ အခြားကွင်းတစ်ကွင်း သူ့အတွက်စီစဉ်ပေးလိုက်တာပါ။ သူဟာ ရောဂါမပျောက်သေးပေမဲ့ လေ့ကျင့်မှုကို အစအဆုံး အကောင်းဆုံးပြုလုပ်သွားတာဟာ အံ့သြစရာဖြစ်ရပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

ထို့ပြင် တိုက်စစ်မှူး ဟော်လာ၏ ဒေါ့မွန်အသင်းသည် ချန်ပီယံလိဂ်ပြိုင်ပွဲတွင်မန်စီးတီးကို သရေရလဒ်ကစားနိုင်ခဲ့သဖြင့် နောက်တစ်ဆင့်တက်ရောက်ရန် သေချာနေပြီး အမှတ်ပေးပွဲစဉ်တွင်လည်း ဇယားထိပ်မှ ယူနီယံဘာလင်အသင်းနှင့် ရမှတ်လေးမှတ်သာ ကွာဟလျက်ရှိကြောင်း သိရသည်။

ML

# မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၇)တွင် ဟံသာဝတီယူနိုက်တက်က မြဝတီအက်ဖ်စီအသင်းကို သုံးဂိုးတစ်ဂိုးဖြင့် အနိုင်ရ



**ရန်ကုန် အောက်တိုဘာ ၂၆**

မြန်မာနေရှင်နယ်လိဂ် ပြိုင်ပွဲ ပွဲစဉ်(၁၇)အဖြစ် ယနေ့ညနေ ၃ နာရီခွဲက ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်းတွင် ဟံသာဝတီယူနိုက်တက်အသင်းနှင့် မြဝတီအက်ဖ်စီအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဟံသာဝတီယူနိုက်တက်အသင်းက သုံးဂိုးတစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် ဟံသာဝတီယူနိုက်တက်အသင်းက ပွဲစကတည်းက မြဝတီအက်ဖ်စီအသင်းကို ခြေစွမ်းပိုင်းအသာစီးဖြင့် ဖိအားပေးကစားနိုင်ခဲ့သော်လည်း မြဝတီအက်ဖ်စီအသင်းကလည်း တန်ပြန်တိုက်စစ်များမှတစ်ဆင့် အကောင်းဆုံး တုံ့ပြန်ကစားနိုင်ခဲ့မှုကြောင့် ဟံသာဝတီယူနိုက်တက် အသင်း အနည်းငယ် အခက်တွေ့ခဲ့ရပြီး ပွဲချိန် ၁၂ မိနစ်တွင် သော်ဇင်ထွေးက မြဝတီအက်ဖ်စီအသင်းအတွက် ဦးဆောင်ဂိုး သွင်းယူနိုင်ခဲ့ကာ ပထမပိုင်းအပြီးတွင် မထင်မှတ်ဘဲ မြဝတီအက်ဖ်စီအသင်းက တစ်ဂိုး ဂိုးမရှိဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ထို့နောက် ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင် ချေပဂိုးလိုအပ်နေသည့် ဟံသာဝတီယူနိုက်တက်အသင်းက တရစပ်တိုက်စစ်ဆင်ဖိအားပေး ကစားခဲ့မှုကြောင့် မြဝတီအက်ဖ်စီအသင်း ခံစစ်ပိုင်း ခက်ခက်ခဲခဲ ထိန်းချုပ်ကစားခဲ့ရပြီး အမှားအယွင်းများ ပြုလုပ်ခဲ့သောကြောင့် ပွဲချိန် ၇၄ မိနစ်နှင့် ၈၂ မိနစ်တွင် ခွန်ကျော်ဇင်ဟိန်းနှင့် ပွဲချိန် ၈၇ မိနစ်တွင် အောင်မြတ်သူတို့၏ နောက်ကျချေပဂိုးနှင့် ဦးဆောင်ဂိုးများကြောင့် ပွဲအပြီးတွင် ဟံသာဝတီယူနိုက်တက်အသင်းက မြဝတီအက်ဖ်စီအသင်းကို သုံးဂိုးတစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

STA

# WBO တစ်နှစ်တာအကောင်းဆုံးအမျိုးသားဆုကို အလက်ဇန္ဒားအူဆက်ခ် ဆွတ်ခူး

**ဆန်ဂျူအန် အောက်တိုဘာ ၂၆**

ပွာတိုရီကိုနိုင်ငံ ဆန်ဂျူအန်မြို့တွင် အောက်တိုဘာ ၂၅ ရက်က ကျင်းပခဲ့သော WBO အဖွဲ့ချုပ်၏ (၃၅)ကြိမ်မြောက် နှစ်ပတ်လည်ညီလာခံ၌ တစ်နှစ်တာအကောင်းဆုံးလက်ဝှေ့သမားဆုကို ရွေးချယ်ချီးမြှင့်ခဲ့ရာ WBO၊ WBA၊ IBF ကမ္ဘာ့ဟဲဗီးဝိတ်တန်း ချန်ပီယံ အလက်ဇန္ဒားအူဆက်ခ်က တစ်နှစ်တာအကောင်းဆုံး အမျိုးသားလက်ဝှေ့သမားဆုကို ဆွတ်ခူးခဲ့ကြောင်း Boxing Scene သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ယူကရိန်း လက်ဝှေ့သမား အလက်ဇန္ဒားအူဆက်ခ်သည် ၂၀၂၂ ခုနှစ်အတွင်း ဗြိတိန်လက်ဝှေ့သမား အန်တိုနီဂျိုရာကို အနိုင်ရရှိကာ WBO၊ WBA၊ IBF ကမ္ဘာ့ဟဲဗီးဝိတ်တန်းချန်ပီယံဖြစ်လာခဲ့ပြီး မကျေပွဲစဉ်တွင်လည်း အန်တိုနီဂျိုရာကို ထပ်မံအနိုင်ရရှိကာ WBO၊ WBA၊ IBF ကမ္ဘာ့ဟဲဗီးဝိတ်တန်းချန်ပီယံဘွဲ့ကို ကာကွယ်နိုင်ခဲ့သည့်အတွက် တစ်နှစ်တာအကောင်းဆုံး အမျိုးသား လက်ဝှေ့သမားဆုကို ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

WBO ဥက္ကဋ္ဌဖြစ်သူဖရန်စစ္စကိုက "အလက်ဇန္ဒားဟာ လက်ဝှေ့အားကစားကို ချစ်မြတ်နိုးတဲ့သူတစ်ယောက်ဖြစ်သလို သူ့နိုင်ငံသားတွေအတွက် ဂုဏ်ယူစရာဖြစ်အောင် စွမ်းဆောင်နိုင်ခဲ့ပါတယ်။ အလက်ဇန္ဒားက ၂၀၂၂ ခုနှစ်အတွက် အကောင်းဆုံး လက်ဝှေ့သမားတစ်ယောက်ပါ။ အလက်ဇန္ဒားကို ဒီဆုအတွက် ရွေးချယ်ခဲ့ရာမှာ အခက်အခဲတွေ အများကြီးရှိခဲ့ပါတယ်။ သူ့ကိုဆုချီးမြှင့်ဖို့ ရွေးချယ်တာနဲ့ပတ်သက်ပြီး ကန့်ကွက်သူတွေလဲရှိပါတယ်။ ကျွန်တော်တို့က အဖွဲ့ချုပ်ရဲ့ စည်းမျဉ်းစည်းကမ်းအတိုင်းပဲ ရွေးချယ်ခဲ့တာဖြစ်ပါတယ်။ အလက်ဇန္ဒားဟာ ဒီဆုကို ထိုက်ထိုက်တန်တန်နဲ့ ဆွတ်ခူးခဲ့တာဖြစ်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။



AZL

# ကင်ညာအားကစားသတင်းထောက်များအသင်းက ချီးမြှင့်သည့် တစ်လတာအကောင်းဆုံးကစားသမားဆုကို ကစ်ချိုဂီ ဆွတ်ခူး

**နိုင်ရိုဘီ အောက်တိုဘာ ၂၆**

ကင်ညာနိုင်ငံ အားကစားသတင်းထောက်များအသင်းက ပြီးခဲ့သည့် စက်တင်ဘာလအတွက် တစ်လတာအကောင်းဆုံး အားကစားသမားဆုကို အောက်တိုဘာ ၂၅ ရက်က မဲပေးရွေးချယ်ခဲ့ရာ ကမ္ဘာ့စံချိန်တင် မာရသွန်အပြေးသမား ကစ်ချိုဂီက ရွေးချယ်ခံခဲ့ရကြောင်း ထုတ်ပြန်ခဲ့သည်ဟု The Star သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ကစ်ချိုဂီသည် မာရသွန်အပြေးပြိုင်ပွဲလောက၏ ကမ္ဘာ့စံချိန်ကိုရရှိထားသူဖြစ်သကဲ့သို့ မာရသွန်အပြေးလောကတွင် အဓိကချန်ပီယံဆု ၁၄ ကြိမ် ရရှိထားသူဖြစ်ပြီး မာရသွန် အပြေးလောကတွင် ကျင်လည်ခဲ့သည်မှာ နှစ်ပေါင်း ၂၀ တိုင်တိုင်ရှိနေပြီဖြစ်ကာ အောင်မြင်မှုများ ဆက်လက်ဆွတ်ခူးနိုင်ရန် ပြင်ဆင်လေ့ကျင့်နေကြောင်း ပြောကြားခဲ့သည်။

အသက် ၃၇ နှစ်ရှိ ကစ်ချိုဂီသည် ပြီးခဲ့သည့် စက်တင်ဘာ ၂၅ ရက်က ဂျာမနီနိုင်ငံ ဘာလင်မြို့၌ ကျင်းပခဲ့သည့် မာရသွန်အပြေးပြိုင်ပွဲတွင် ၂ နာရီ ၁ မိနစ် ၉ စက္ကန့်ဖြင့် ကမ္ဘာ့စံချိန်သစ်ကိုရရှိခဲ့ခြင်းကြောင့် ကင်ညာအားကစားသတင်းထောက်များ အသင်းက တစ်လတာ အကောင်းဆုံး အားကစားသမားဆုကို ချီးမြှင့်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ကစ်ချိုဂီက"ကျွန်တော့်အတွက် နေ့ရက်တိုင်းက စိန်ခေါ်မှုတွေပါပဲ။ လူတိုင်းက ရထားတဲ့အောင်မြင်မှုတွေထက် ပိုကောင်းတဲ့အောင်မြင်မှုတွေရချင်တယ်။ ဘာလင်မှာ ကမ္ဘာ့စံချိန်သစ်ကိုရခဲ့ပေမဲ့ ဒီစံချိန်ကို ထပ်ချိုးနိုင်ဖို့အတွက် ကျွန်တော် ပြင်ဆင် လေ့ကျင့်နေပါတယ်။ ကျွန်တော့်ကိုယ်တိုင်လဲ တွန်းအားပေးပြီး လေ့ကျင့်နေပါတယ်။ နောက်ထပ်စိန်ခေါ်မှုအသစ်တွေနဲ့ ရင်ဆိုင်သွားချင်တယ်။ ရထားတဲ့ အောင်မြင်မှုတွေထက် ပိုကြီးမားတဲ့ အောင်မြင်မှုတွေလိုချင်တယ်။ ပြီးခဲ့တဲ့ စက်တင်ဘာလအတွင်းမှာ ကမ္ဘာ့စံချိန်သစ်ကို ရခဲ့တဲ့အတွက် ဝမ်းသာဂုဏ်ယူပါတယ်။ ကင်ညာနိုင်ငံအတွက် အောင်မြင်မှုတွေ ထပ်ယူနိုင်ဖို့ ကြိုးစားသွားမယ်လို့ ကင်ညာပရိသတ်တွေကို ကတိပေးပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

AZL

# ၂၀၁၃ ခုနှစ်နောက်ပိုင်း ချန်ပီယံလိဂ်အုပ်စုအဆင့်မှ ဂျူဗင်တပ်အသင်း ထွက်ခွာခဲ့ရ

**ရောမ အောက်တိုဘာ ၂၆**

ဂျူဗင်တပ်အသင်းသည် ယနေ့နံနက်ပိုင်းက ကစားခဲ့သည့် ချန်ပီယံလိဂ်ပြိုင်ပွဲ အုပ်စုပွဲစဉ်ဖြစ်သည့် ဘင်ဖီကာအသင်းနှင့် ပွဲစဉ်တွင် ရှုံးနိမ့်ခဲ့ပြီးနောက် ၂၀၁၃ ခုနှစ်နောက်ပိုင်း ချန်ပီယံလိဂ်ပြိုင်ပွဲတွင် အုပ်စုအဆင့်မှ ထွက်ခွာခဲ့ရသည်ဟု Bleacher Report Football သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

အဆိုပါပွဲစဉ်တွင် ဂျူဗင်တပ်အသင်းက ဘင်ဖီကာအသင်းကို လေးဂိုး သုံးဂိုးဖြင့် ရှုံးနိမ့်ခဲ့ပြီးနောက် ကိုးနှစ်အကြာတွင် ချန်ပီယံလိဂ်ပြိုင်ပွဲ အုပ်စုအဆင့်မှ ထွက်ခွာခဲ့ရခြင်းဖြစ်သည်။

ဂျူဗင်တပ်အသင်းသည် ချန်ပီယံလိဂ်ပြိုင်ပွဲ အုပ်စု(H)တွင် ပွဲစဉ်ငါးပွဲကစားပြီးချိန်၌ မက္ကာဘီဟိုင်ဖာအသင်း တစ်သင်းတည်းကိုသာ အနိုင်ရရှိခဲ့ပြီး ပီအက်စ်ဂျီအသင်း အဝေးကွင်းတွင် လည်းကောင်း၊ ဘင်ဖီကာအသင်းကို အိမ်ကွင်း၊ အဝေးကွင်း နှစ်ကျော့စလုံးတွင် လည်းကောင်း၊ မက္ကာဘီဟိုင်ဖာအသင်းကို အဝေးကွင်းတွင်လည်းကောင်း အသီးသီးရှုံးနိမ့်ခဲ့ပြီး တစ်ပွဲနိုင်၊ လေးပွဲရှုံး ရမှတ်သုံးမှတ်သာရရှိခဲ့ကာ အုပ်စုပွဲစဉ်တစ်ပွဲ ကစားရန်ကျန်ရှိနေချိန်တွင် အုပ်စုထိပ်ဆုံးမှ ပီအက်စ်ဂျီအသင်းနှင့် အုပ်စုဒုတိယနေရာမှ ဘင်ဖီကာအသင်းတို့နှင့် ရမှတ်ရှစ်မှတ်ထိကွာဟခဲ့ပြီး အုပ်စုတတိယနေရာတွင်သာ ရပ်တည်နိုင်ခဲ့သည်။

ဂျူဗင်တပ်အသင်းသည် ယူရိုပါလိဂ်ပြိုင်ပွဲ ဆက်လက်ကစားခွင့်ရရှိရန်အဆုံးအဖြတ် အုပ်စုနောက်ဆုံးပွဲစဉ်အဖြစ် နိုဝင်ဘာ ၃ ရက်တွင် ပီအက်စ်ဂျီအသင်းနှင့် ကစားသွားရမည်ဖြစ်ကြောင်း သိရသည်။ STA

# ဗီလာရီးရဲလ်အသင်းက ဘာစီလိုနာနည်းပြဟောင်း ဆက်တီယန်ကို နည်းပြသစ်အဖြစ် ခန့်အပ်

**မက်ဒရစ် အောက်တိုဘာ ၂၆**

ဗီလာရီးရဲလ် အသင်းသည် အသင်းမှ စာချုပ်လျော်ကြေးဖြင့် ထွက်ခွာသွားသည့် နည်းပြအမ်မရီ၏နေရာတွင် အစားထိုးရန်အတွက် ဘာစီလိုနာအသင်း နည်းပြဟောင်း ဆက်တီယန်ကို ပြန်လည်ခန့်အပ်ခဲ့ကြောင်း Fotmob.com က ယနေ့တွင် ဖော်ပြခဲ့သည်။

လက်ရှိတွင် ပရီးမီးယားလိဂ်ကလပ်အေဗီလာအသင်းက နည်းပြဂျာရတ်ကို ရာထူးမှထုတ်ပယ်ခဲ့ပြီး နည်းပြအမ်မရီကို ခန့်အပ်ခဲ့သောကြောင့် ဗီလာရီးရဲလ်အသင်းတာဝန်ရှိသူများက ဘာစီလိုနာအသင်းနည်းပြဟောင်း နည်းပြဆက်တီယန်ကို ကမ်းလှမ်း၍ လာမည့် ၂၀၂၃-၂၀၂၄ ဘောလုံးရာသီကုန်ထိ စာချုပ်ချုပ်ဆိုခဲ့ကြောင်း သိရသည်။

နည်းပြ ဆက်တီယန်သည် ၂၀၁၇-၂၀၁၉ ခုနှစ်အတွင်း ဘက်တစ်အသင်းကို တာဝန်ယူကိုင်တွယ်စဉ်က အသင်းကို ဘောလုံးပိုင်ဆိုင်မှုအသားပေး၍ အကောင်းဆုံးကစားကွက်ကို ဖော်ဆောင်နိုင်သောကြောင့် ဂုဏ်သတင်းကျော်ဇောလာခဲ့ရာ ၂၀၁၉ ခုနှစ်တွင် ဘာစီလိုနာအသင်းသို့ ရောက်ရှိခဲ့ပြီးနောက် အသင်းတာဝန်ရှိသူများနှင့် ဆက်ဆံရေး အဆင်မပြေခဲ့သည့်အပြင် အသင်းအနေဖြင့် ချန်ပီယံလိဂ်ပြိုင်ပွဲ ကွာတားအဆင့်တွင် ဘိုင်ယန်မြူးနစ်ကို ရှစ်ဂိုး နှစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သကဲ့သို့ အမှတ်ပေးရာသီပြီးဆုံးချိန်တွင်လည်း ဒုတိယနေရာသာ ရောက်ရှိခဲ့သောကြောင့် အသင်းနှင့် လမ်းခွဲခဲ့သည်။

ယခုနှစ်ဘောလုံးရာသီ အမှတ်ပေးပြိုင်ပွဲ ၁၁ ပွဲအပြီးတွင် ငါးပွဲနိုင်၊ သုံးပွဲသရေ၊ သုံးပွဲရှုံးဖြင့် အဆင့်(၇)နေရာတွင်ရောက်ရှိနေသည့် ဗီလာရီးရဲလ်အသင်းကို နည်းပြသစ်ဆက်တီယန်အနေဖြင့် လာမည့် အောက်တိုဘာ ၂၈ ရက်တွင် ဟာပိုးဘီယာရှီဗာအသင်းနှင့်ကစားရမည့် ယူရိုပါကွန်ဖရင့်လိဂ်ပွဲစဉ်တွင် စတင်တာဝန်ယူမည်ဖြစ်ကြောင်း သိရသည်။

ML



# စစ်လက်နက်ပစ္စည်းများ ပိုမိုတင်ပို့ရောင်းချနိုင်ရန် ကြိုးပမ်းနေသောအိန္ဒိယ




အိန္ဒိယနိုင်ငံသည် (၁၂)ကြိမ်မြောက် ကာကွယ်ရေးပစ္စည်းပြပွဲကို အောက်တိုဘာ ၁၈ ရက်မှ ၂၂ ရက်ထိ ဂူဂျာရတ်ပြည်နယ် ဂန်ဟင်နဂါ၌ ပြုလုပ်ခဲ့သည်။ ကာကွယ်ရေးပစ္စည်းပြပွဲကို အိန္ဒိယဝန်ကြီးချုပ် မိုဒီ၏ လမ်းညွှန်ချက်ဖြစ်သည့် အိန္ဒိယနိုင်ငံတွင် ပြုလုပ်သည်နှင့် အိန္ဒိယနိုင်ငံတွင်သာ မှီခိုအားထားသည် ဆိုသောရည်မှန်းချက်များနှင့်အညီ ကျင်းပခဲ့ခြင်းဖြစ်သည်။ ၎င်းပြပွဲ၌ အိန္ဒိယနိုင်ငံ၏ နောက်ဆုံးပေါ်နည်းပညာကို ခင်းကျင်းပြသနိုင်ခဲ့သည်။ ထို့ပြင် အိန္ဒိယနိုင်ငံသားများနှင့် ကမ္ဘာလုံးဆိုင်ရာအခြားသော ကာကွယ်ရေးပစ္စည်းထုတ်လုပ်သူများ၏ ပူးပေါင်းဆောင်ရွက်မှုကိုလည်း ပြသခဲ့ခြင်းဖြစ်သည်။ ကာကွယ်ရေးပစ္စည်းပြပွဲတွင် ပြည်ပနိုင်ငံ ၇၅ နိုင်ငံအပါအဝင် အိန္ဒိယကာကွယ်ရေးပစ္စည်းကုမ္ပဏီ ၁၃၄၀ ပါဝင်ခင်းကျင်းပြသခဲ့ရာ နားလည်မှုစာချွန်လွှာအခုရေ ၄၅၀ ကို လက်မှတ်ရေးထိုးနိုင်ခဲ့သည်။

ဖွင့်ပွဲအခမ်းအနား၌ ဝန်ကြီးချုပ် မိုဒီက အိန္ဒိယနိုင်ငံ၏ကာကွယ်ရေးပစ္စည်းတင်ပို့မှုသည် လွန်ခဲ့သော ရှစ်နှစ်ကထက် ရှစ်ဆကျော်မြင့်တက်လာခဲ့ကြောင်း၊ လက်ရှိအချိန်တွင် အိန္ဒိယနိုင်ငံသည် နိုင်ငံပေါင်း ၇၅ နိုင်ငံသို့ ကာကွယ်ရေးပစ္စည်းများတင်ပို့လျက်ရှိရာ ၂၀၂၅ ခုနှစ်မှစ၍ နှစ်စဉ် စစ်လက်နက်ပစ္စည်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ငါးဘီလီယံရရှိရန် ရည်မှန်းထားကြောင်း ပြောကြားသွားသည်။

အမှန်တော့ ၂၀၂၁ ခုနှစ် အိန္ဒိယလေကြောင်းပြပွဲကို ယဲလာဟန်ခါလေတပ်စခန်း၌ ပြုလုပ်ခဲ့စဉ်ကတည်းက အိန္ဒိယကာကွယ်ရေးဝန်ကြီး ရာနတ်ဆင်းက ၂၀၂၅ ခုနှစ်မှစ၍ ပြည်တွင်းကာကွယ်ရေးပစ္စည်းထုတ်လုပ်မှုကို အမေရိကန်ဒေါ်လာ ၂၅ ဘီလီယံနှင့်ပြည်ပတင်ပို့မှုအမေရိကန်ဒေါ်လာ ငါးဘီလီယံထိပြည့်မီအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားပြီးဖြစ်သည်။ ထို့ပြင် အိန္ဒိယနိုင်ငံ၏ ကာကွယ်ရေးပစ္စည်းတင်ပို့မှုသည် လွန်ခဲ့သောငါးနှစ်အတွင်း ၃၃၄ ရာခိုင်နှုန်းထိမြင့်တက်လာခဲ့သည်။

သို့သော် စတော့ခ်ဟုမ်းနိုင်ငံတကာငြိမ်းချမ်းရေးသုတေသနဌာန(SIPRI)၏အဆိုအရ အိန္ဒိယနိုင်ငံသည် ကမ္ဘာ့အကြီးမားဆုံးလက်နက်တင်သွင်းသူဖြစ်ကြောင်း ဖော်ပြထားသည်။ ထို့ကြောင့် လက်နက်တင်သွင်းမှုလျှော့ချနိုင်ရေးအတွက် ပြည်တွင်းလက်နက်ထုတ်လုပ်မှုကို အားပေးလျက်ရှိသည်။ ၂၀၂၂ ခုနှစ် ကာကွယ်ရေးပစ္စည်းပြပွဲ၌ စစ်လက်နက်ပစ္စည်း ၄၁၁ မျိုးခင်းကျင်းပြသထားပြီး ၎င်းစစ်လက်နက်ပစ္စည်းများကို ပြည်တွင်းစစ်လက်နက်ထုတ်လုပ်သူများထံမှ ဝယ်ယူနိုင်မည်ဖြစ်သည်။

အိန္ဒိယနိုင်ငံသည် ကာကွယ်ရေးပစ္စည်းများကို အရှေ့တောင်အာရှ၊ အရှေ့အလယ်ပိုင်းနှင့် အိန္ဒိယသမုဒ္ဒရာတွင်းနိုင်ငံများအပြင် အာဖရိကနိုင်ငံများသို့လည်း ဖြန့်ကြက်ရောင်းချနိုင်ရန် ကြိုးပမ်းလျက်ရှိသည်။ ၂၀၂၂ ခုနှစ် ကာကွယ်ရေးပစ္စည်းပြပွဲဖွင့်ပွဲအခမ်းအနားတွင် အိန္ဒိယ-အာဖရိက ကာကွယ်ရေးဆိုင်ရာ ဆွေးနွေးပွဲကိုလည်းပြုလုပ်ခဲ့ရာ အာဖရိက ၅၃ နိုင်ငံမှ ကိုယ်စားလှယ်များတက်ရောက်ခဲ့ကြသည်။ အဆိုပါကိုယ်စားလှယ်များတွင် ဝန်ကြီး ၁၃ ဦး၊ ဒုတိယဝန်ကြီးလေးဦးနှင့် ကာကွယ်ရေးဆိုင်ရာအဆင့်မြင့်အရာရှိကြီးများ တက်ရောက်ခဲ့ကြသည်။ အာဖရိကသို့ ကာကွယ်ရေးပစ္စည်းများတင်ပို့နိုင်ရေး ရည်မှန်းချက်ဖြင့် ၂၀၂၀ ပြည့်နှစ် ကာကွယ်ရေးပစ္စည်းပြပွဲကို Lucknow တွင် ပြုလုပ်ခဲ့သေးသည်။

သို့သော် မြတ်ဗုဒ္ဓပွင့်တော်မူခဲ့သည့်အပြင် ငြိမ်းချမ်းရေးလိုလားသူ မဟတ္တမဂန္ဒီလိုပုဂ္ဂိုလ်မျိုးလည်း ပေါ်ထွန်းခဲ့ပြီး နယ်ချဲ့ထံမှ လွတ်လပ်ရေးကိုလည်း ငြိမ်းချမ်းသောနည်းဖြင့်ရယူခဲ့သော အိန္ဒိယနိုင်ငံသည် စစ်ဘက်ဆိုင်ရာမဟာမိတ်များနှင့် ပူးပေါင်းရန်သို့မဟုတ် စစ်လက်နက်ပစ္စည်းများ ပြည်ပသို့တင်ပို့ရောင်းချရေးနှင့်စပ်လျဉ်း၍ ကာလအတန်ကြာ စိတ်မသက်မသာဖြစ်နေခဲ့ရသည်။

မည်သို့ပင်ဆိုစေ ၁၉၆၂ ခုနှစ်တွင် တရုတ်နှင့် စစ်ဖြစ်ပွားခဲ့ရာမှစ၍ အိန္ဒိယနိုင်ငံသည် စစ်လက်နက်ပစ္စည်းများ စတင်ထုတ်လုပ်လာခဲ့သည်။ ထိုစဉ်က ကာကွယ်ရေးအသုံးစရိတ်သည် GDP တိုးတက်မှုနှုန်းထက် နှစ်ဆခန့်မြင့်တက်လာခဲ့သော်လည်း တရုတ်နှင့် ပါကစ္စတန်နိုင်ငံတို့၏ ကာကွယ်ရေးအသုံးစရိတ်ထက် နည်းနေသေးသည်ကို တွေ့ရှိရသည်။ အစဉ်အဆက် အစိုးရများသည် ကာကွယ်ရေးပစ္စည်းများကို အဆင့်မြင့်တင်ထုတ်လုပ်ရန်ကြိုးပမ်းခဲ့သော်လည်း အရင်းအမြစ်ကန့်သတ်ချက်များကြောင့် မျှော်မှန်းသလောက် အောင်မြင်မှုရရှိခဲ့ခြင်းမရှိပေ။ ၁၉၉၀ ပြည့်လွန်နှစ် အစောပိုင်းကာလများမှစ၍ အိန္ဒိယနိုင်ငံ၏ စီးပွားရေးတိုးတက်လာခဲ့ရာ စစ်လက်နက်ပစ္စည်းထုတ်လုပ်မှုနှင့် ခေတ်မီတိုးတက်အောင် ဆောင်ရွက်ရေးတို့အတွက် ဘဏ္ဍာငွေအရင်းအမြစ်များခွဲဝေ၍ ပိုမိုသုံးစွဲခဲ့သည်။

ကာကွယ်ရေးဘတ်ဂျက် တိုးမြှင့်လာမှုနှင့်အတူ အိန္ဒိယနိုင်ငံသည် လက်နက်များတင်သွင်းရာတွင် နိုင်ငံခြားငွေအမြောက်အမြားသုံးစွဲခဲ့ပြီး သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ လုပ်ဆောင်ခဲ့သည်။ လက်ရှိအချိန်တွင် အိန္ဒိယနိုင်ငံသည် ယူကရိန်းပဋိပက္ခမှ သင်ခန်းစာဖော်ထုတ်ကာ ရုရှားနိုင်ငံအပေါ် မှီခိုအားထားနေရမှုကို လျှော့ချခဲ့သည်။ အမှန်တော့ စစ်လက်နက်ပစ္စည်းများကို ကိုယ်ပိုင်သုတေသနပြုထုတ်လုပ်ခြင်းမရှိဘဲ ပြည်ပမှသာ တင်သွင်းနေခြင်းသည် ရေရှည်ကာလတွင် တိုင်းပြည်ကာကွယ်ရေးအင်အားချည့်နဲ့လာစေနိုင်သည်။

ထို့ကြောင့် အိန္ဒိယနိုင်ငံသည် ရုရှားနိုင်ငံနှင့် ပူးတွဲသုတေသနပြုလုပ်ခဲ့ပြီး ပြည်တွင်း၌ စစ်လက်နက်ပစ္စည်းများတိုးတက်ထုတ်လုပ်ခဲ့သည်။ အိန္ဒိယနိုင်ငံသည် BrahMos ခရူဇ်ဒုံးကျည်များကို ပူးတွဲရင်းနှီးမြှုပ်နှံထုတ်လုပ်ကာ ပြည်ပနိုင်ငံများသို့ တင်ပို့နိုင်ရေးကြိုးဆောင်ရွက်နိုင်ခဲ့သည်။ မည်သို့ပင်ဆိုစေ အိန္ဒိယကာကွယ်ရေးပစ္စည်းထုတ်လုပ်ရေးဌာနသည် ပြည်တွင်းထုတ်လေယာဉ်တင်သင်္ဘော INS Vikrant၊ အဆင့်မြင့်အပေါ့စား တိုက်ခိုက်ရေးရဟတ်ယာဉ် Prachand နှင့် လေဆာပဲ့ထိန်းတင့်ဖျက်ဒုံးကျည်များကို တည်ဆောက်ထုတ်လုပ်လာနိုင်ခဲ့သည်။ ၂၀၂၂ ခုနှစ် ကာကွယ်ရေးပစ္စည်းပြပွဲ၌ အိန္ဒိယနိုင်ငံ၏ နောက်ဆုံးထုတ် HTT-40 အမောင်းသင်လေယာဉ်ကို ခင်းကျင်းပြသနိုင်ခဲ့သည်။

ထို့ပြင် အိန္ဒိယနိုင်ငံသည် သေကျေထိခိုက်မှုမရှိစေနိုင်သော ကာကွယ်ရေးပစ္စည်းများကိုလည်း အလေးထားတင်ပို့ရောင်းချလျက်ရှိသည်။ သာဓကအနေဖြင့် အိန္ဒိယနိုင်ငံ၏ပြည်ပတင်ပို့မည့် စစ်လက်နက်ပစ္စည်းများစာရင်းတွင် ကျည်ကာအင်္ကျီများ၊ သံချပ်ကာယာဉ်နှင့် ဒရုန်းကာကွယ်ရေးစနစ်များ၊ မောင်းသူမဲ့လေယာဉ် (UAVs)များ၊ မိုင်းကာကွယ်ရေးယာဉ်များလည်း




ပါဝင်သည်။ အိန္ဒိယနိုင်ငံသည် အမေရိကန်၊ အစ္စရေး၊ အာမေးနီးယား၊ ဖိလစ်ပိုင်၊ အရှေ့တောင်အာရှနှင့် အရှေ့အလယ်ပိုင်းနိုင်ငံများသို့ ကာကွယ်ရေးပစ္စည်းများ တင်ပို့လျက်ရှိသည်။ လက်ရှိအချိန်တွင် အိန္ဒိယနိုင်ငံသည် တောင်အမေရိကသို့ စစ်လက်နက်ပစ္စည်းများတင်ပို့ရန် စူးစမ်းလေ့လာလျက်ရှိသည်။ အိန္ဒိယနိုင်ငံသည် ယခင်က ကာကွယ်ရေးပစ္စည်းထုတ်လုပ်မှုကို နိုင်ငံပိုင်အဖြစ်သာ ဆောင်ရွက်ခဲ့သော်လည်း လက်ရှိအချိန်တွင် ပုဂ္ဂလိကပါဝင်မှုကိုအားပေးကာ ကဏ္ဍများစွာတွင် ၁၀၀ ရာခိုင်နှုန်းထိ ရင်းနှီးမြှုပ်နှံခွင့်ပေးထားသည်။ ထိုသို့အားပေးဆောင်ရွက်မှုများကြောင့် ပုဂ္ဂလိကကုမ္ပဏီ ၅၀ ကျော်သည် အိန္ဒိယနိုင်ငံ၏ ကာကွယ်ရေးပစ္စည်းများတင်ပို့ရာတွင် ပါဝင်ဆောင်ရွက်လျက်ရှိသည်။

အိန္ဒိယကာကွယ်ရေးဝန်ကြီး ရာနတ်ဆင်းသည် ၂၀၂၂ ခုနှစ် ကာကွယ်ရေးပစ္စည်းပြပွဲ၌ မိန့်ခွန်းပြောကြားခဲ့ရာတွင် အိန္ဒိယနိုင်ငံသည် ၂၀၂၂ ခုနှစ် ပထမခြောက်လအတွင်း အမေရိကန်ဒေါ်လာ တစ်ဘီလီယံတန်ဖိုးရှိသော ကာကွယ်ရေးပစ္စည်းများ တင်ပို့ရန် ကန်ထရိုက်စာချုပ်လက်မှတ်ရေးထိုးထားကြောင်းနှင့် ၂၀၁၄ ခုနှစ်မှစ၍ အိန္ဒိယနိုင်ငံသည် အမေရိကန်ဒေါ်လာ ၄ ဘီလီယံကျော်တန်ဖိုးရှိသည့် ကာကွယ်ရေးပစ္စည်းများ တင်ပို့ရောင်းချခဲ့ပြီးဖြစ်ကြောင်း ပြောကြားသွားသည်။

ထို့ပြင် ဖိလစ်ပိုင်နိုင်ငံမှလည်း အမှာစာများလက်ခံရရှိထားသည့်အပြင် ဗီယက်နမ်၊ မလေးရှားနိုင်ငံတို့အပြင် အခြားသောနိုင်ငံများနှင့်လည်း ဆွေးနွေးညှိနှိုင်းလျက်ရှိသည်။ ၂၀၂၅ ခုနှစ်အတွင်း BrahMos ခရူဇ်ဒုံးကျည်များ တင်ပို့မှုတစ်ခုတည်းမှပင် အမေရိကန်ဒေါ်လာ ၅ ဘီလီယံရရှိရန်မျှော်မှန်းထားရှိသည်။ သို့သော် အိန္ဒိယနိုင်ငံသည် ကမ္ဘာ့လက်နက်တင်ပို့မှု အများဆုံး ၂၅ နိုင်ငံတွင် အဆင့်(၂၃)၌သာ ရပ်တည်လျက်ရှိသည်။ အမေရိကန်၊ ရုရှား၊ ပြင်သစ်၊ တရုတ်နှင့် ဂျာမနီနိုင်ငံတို့သည် ကမ္ဘာ့လက်နက်တင်ပို့မှု စုစုပေါင်း၏ ၇၇ ရာခိုင်နှုန်းထိရှိနေသည်။

အိန္ဒိယနိုင်ငံအနေဖြင့် လက်ရှိအချိန်တွင် ကမ္ဘာ့ဈေးကွက်သို့ ကာကွယ်ရေးပစ္စည်းတင်ပို့နိုင်မှုရာခိုင်နှုန်းနည်းသေးသော်လည်း ၂၀၁၄ ခုနှစ်မှစ၍ နှစ်စဉ် စစ်လက်နက်ပစ္စည်းတင်ပို့နိုင်မှု တိုးတက်လာခဲ့ရာ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်အတွက် အမေရိကန်ဒေါ်လာ ၁ ဒသမ ၆ ဘီလီယံဖိုးရောင်းချနိုင်ခဲ့သည်။ ထို့ပြင် အနာဂတ်တွင် စစ်လက်နက်ပစ္စည်းများ ပိုမိုတင်ပို့ရောင်းချနိုင်မည့် အလားအလာကောင်းများရှိနေသည်။ သို့သော် ပြုပြင်ပြောင်းလဲမှုများ ဖော်ဆောင်သွားရန်လိုအပ်နေဆဲပင်ဖြစ်သည်။ အထူးသဖြင့် အိန္ဒိယနိုင်ငံ၏ ကာကွယ်ရေးပစ္စည်းထုတ်လုပ်မှုကုမ္ပဏီများအနေဖြင့် ပြည်ပနိုင်ငံများနှင့်အတူ ရင်းနှီးမှုများပူးတွဲလုပ်ဆောင်နိုင်ရေး နည်းလမ်းရှာဖွေကြံဆောင်ရွက်သွားရန် လိုအပ်နေကြောင်း သုံးသပ်တွေ့ရှိရပါသည်။

**ကိုးကား**

**- Are India's arms exports on 'cusp of a revolution'? by Asia Times.**

**ဝင်းဇင်(သုတေသန)**

# ရန်ကုန်တိုင်းဒေသကြီး အမှတ်တရလက်ဆောင်ပစ္စည်းဈေးကွက်သို့ ပန်းပုရုပ်ကြွကားချပ်များ ဝင်ရောက်လာပြီး အရောင်းသွက်နေ



ရန်ကုန် အောက်တိုဘာ ၂၆

ရန်ကုန်တိုင်းဒေသကြီး အမှတ်တရလက်ဆောင်ပစ္စည်းဈေးကွက်အတွင်းသို့ ပန်းပုရုပ်ကြွကားချပ်များ ဝင်ရောက်လာပြီး အရောင်းသွက်နေကြောင်း ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်ရှိ တော်ဝင်မြန်မာ အမှတ်တရလက်ဆောင်ပစ္စည်း အရောင်းစင်တာ မန်နေဂျင်းဒါရိုက်တာ ဒေါ်ခင်မြင့်ခိုင်က ပြောပြ၍ သိရသည်။

အဆိုပါ ပန်းပုရုပ်ကြွကားချပ်များမှာ နှစ်ထပ်ပေါင်သွင်းပြီးဖြစ်ကာ အသင့်ချိတ်ဆွဲထားနိုင်ပြီး ဒီဇိုင်း ၁၀ မျိုးခန့် ဝင်ရောက်ထားကြောင်း၊ အရောင်းသွက်သည့်ဒီဇိုင်းများမှာ ရေကန်နားက ကလေးတစ်သိုက် ပန်းပုရုပ်ကြွကားချပ်နှင့် ငှက်မိသားစု ပန်းပုရုပ်ကြွကားချပ်တို့ဖြစ်ပြီး ပန်းပုရုပ်ကြွကားချပ်များကို မန္တလေးတိုင်းဒေသကြီး အမှတ်တရလက်ဆောင်ပစ္စည်းဈေးကွက်မှ ရန်ကုန်တိုင်းဒေသကြီး အမှတ်တရလက်ဆောင်ပစ္စည်း ဈေးကွက်အတွင်းသို့ ဝင်ရောက်လာကြောင်း သိရသည်။

"ရန်ကုန်တိုင်းဒေသကြီးရဲ့ အမှတ်တရလက်ဆောင်ပစ္စည်းဈေးကွက်ထဲမှာတော့ တောက်လျှောက်အရောင်းသွက်နေတာကတော့ ဆေးရောင်စုံ ပန်းပုရုပ်ကြွကားချပ်တွေပဲဖြစ်ပါတယ်။ မန္တလေးကနေ ဈေးကွက်ထဲကို ဝင်လာတာဖြစ်ပြီး တောက်လျှောက်လဲ ရောင်းနေရပါတယ်"ဟု ဒေါ်ခင်မြင့်ခိုင်က ပြောပြသည်။

အဆိုပါ ပန်းပုရုပ်ကြွကားချပ်များမှာ အလျား ၂၄ လက်မ၊ အနံ ၁၃ ဒသမ ၅ လက်မ အရွယ်အစားရှိပြီး တစ်ချပ်လျှင် ငွေကျပ် ၈၅၀၀၀ ဖြစ်ကြောင်း၊ ယခုလအတွင်း ဒီဇိုင်းမျိုးစုံပန်းပုရုပ်ကြွကားချပ် အချပ်ရေ ၁၀၀ ခန့် ရောင်းချထားကြောင်း သိရသည်။

ASH

# အဆိုတော် စိန်လင်း (Aroma)က မွေးနေ့အထိမ်းအမှတ်အဖြစ် ထားခဲ့ပါသီချင်း Music Video(MV) ထွက်ရှိ

ရန်ကုန် အောက်တိုဘာ ၂၆

အဆိုတော် စိန်လင်း(Aroma)က မွေးနေ့အထိမ်းအမှတ်အဖြစ် ကိုယ်တိုင်သီဆိုသရုပ်ဆောင်ထားသည့် ထားခဲ့ပါ အမည်ရှိ တေးသီချင်း Music Video(MV) အောက်တိုဘာ ၂၅ ရက်က ထွက်ရှိခဲ့ကြောင်း သိရသည်။

အဆိုပါ ထားခဲ့ပါ အမည်ရှိ တေးသီချင်း Music Video(MV)ကို ဒါရိုက်တာ အောင်နေရဲက ရိုက်ကူးထားခြင်းဖြစ်ပြီး တေးရေးအားဆွေက ရေးစပ်ထားခြင်းဖြစ်ကြောင်း သိရသည်။

"မွေးနေ့အမီ ထုတ်လွှင့်လိုက်တဲ့ ထားခဲ့ပါဆိုတဲ့ Music Video (MV) မှာ ကိုယ်တိုင်လဲဆို၊ ကိုယ်တိုင်လဲ သရုပ်ဆောင်ထားပါတယ်။ အောက်တိုဘာ ၂၅ ရက်မှာ ကျရောက်ခဲ့တဲ့ မွေးနေ့အမှတ်တရအနေနဲ့ ပရိသတ်တွေကို လက်ဆောင်ပေးတာပါ"ဟု အဆိုတော် စိန်လင်း(Aroma)က ပြောပြသည်။

ထို့ပြင် ယခု အောက်တိုဘာလကုန်တွင် အဆိုတော် စိန်လင်း (Aroma)နှင့် ချယ်ရီသင်းတို့ သီဆိုသရုပ်ဆောင်ထားသည့် မေသဘောအမည်ရှိ တေးသီချင်း Music Video(MV) ထွက်ရှိမည်ဖြစ်ကြောင်း၊ အောက်တိုဘာလ ဒုတိယပတ်ကလည်း အဆိုတော် စိန်လင်း (Aroma) နှင့် နန်းဆုသင်္ဇာတို့ သီဆိုသရုပ်ဆောင်ထားသည့် ၁၆ နှစ် တစ်ရက်လျှော့ အမည်ရှိ တေးသီချင်း Music Video (MV) ထွက်ရှိထားကြောင်း သိရသည်။




အဆိုတော်စိန်လင်း (Aroma) သည် ကိုဗစ်ကာလမှ စတင်ကာ ယနေ့ထိ အလှူရှင်၊ စေတနာရှင်များနှင့်ပူးပေါင်း၍ ရန်ကုန်တိုင်းဒေသကြီးအတွင်း ဝင်ငွေနည်းအခက်အခဲရှိမိသားစုများကို ငွေနှင့် စားသောက်ဖွယ်ရာများလှူဒါန်းလျက်ရှိကြောင်း၊ မျက်စိအစားထိုးရန် လိုအပ်နေသည့် ဝေဒနာရှင်များကိုလည်း မျက်စိအလှူတင်ဆင်အစားထိုးအလှူ ပြုလုပ်ပေးနေကြောင်း သိရသည်။

ASH

# ရွှေတိဂုံစေတီတော်တွင် တန်ဆောင်မုန်းလပြည့်နေ့၌ ရွှေကြာသင်္ကန်း ဆက်ကပ်လှူဒါန်းမည်

ရန်ကုန် အောက်တိုဘာ ၂၆

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ ရွှေတိဂုံစေတီတော်တွင် တန်ဆောင်မုန်းလပြည့်နေ့၌ ရွှေကြာသင်္ကန်း ဆက်ကပ်လှူဒါန်းသွားမည်ဖြစ်ကြောင်း ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ဝင် ဦးဘိုးသင်းက ပြောပြ၍ သိရသည်။

ရွှေတိဂုံစေတီတော်၏ ရွှေကြာသင်္ကန်းကပ်လှူပူဇော်ပွဲကို လာမည့် တန်ဆောင်မုန်းလပြည့်နေ့ နံနက် ၆ နာရီတွင် အထက်ပစ္စယံရှိပတ္တမြားမျက်ရှင် မြတ်စွာဘုရားနှင့် စောင်းတန်းလေးသွယ်မုခ်ဦးလေးခုရှိ မြတ်စွာဘုရားရှင်လေးဆူ စုစုပေါင်း ဘုရားငါးဆူတို့အား ဆွမ်း၊ ပန်း၊ ရေချမ်းနှင့် ရွှေကြာသင်္ကန်းတော်တို့ကို ကပ်လှူသွားမည်ဖြစ်သည်။

"တန်ဆောင်မုန်းလပြည့်နေ့မှာ ရွှေတိဂုံစေတီတော်မှာ ရွှေကြာသင်္ကန်း ဆက်ကပ်လှူဒါန်းသွားမှာဖြစ်ပါတယ်။ ဒီနှစ်လဲ မသိုးသင်္ကန်းရက်လုပ်ပြိုင်ပွဲကိုတော့ မကျင်းပဖြစ်သေးပါဘူး"ဟု ဦးဘိုးသင်းက ပြောပြသည်။

ရွှေတိဂုံစေတီတော်တွင် အောက်တိုဘာ ၈ ရက်ကလည်း ဆီမီးလှည့်လည်ပူဇော်ပွဲနှင့် သီတင်းကျွတ်မီးထွန်းပွဲတော်ကို ရွှေတိဂုံစေတီတော်ရင်ပြင်တော် ရာဟုထောင့် (အောင်မြေ)၌ ညနေ ၅ နာရီတွင် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဝင်များ၊ ရုံးဝန်ထမ်းများ၊ ဗုဒ္ဓဝေယျာဝစ္စအသင်းများမှ အသင်းသား၊ အသင်းသူများက ရောင်စုံမီးပုံးများ ကိုင်ဆောင်ကာ လျှပ်စစ်မီးထွန်းညှိပူဇော်ထားသည့် မီးစေတီများဖြင့် လက်ယာရစ်တစ်ပတ်လှည့်လည်၍ မီးပူဇော်ခဲ့ကြောင်း ၎င်းက ပြောပြ၍ သိရသည်။ ASH

# Joker: Folie a' Deux ဇာတ်ကား ရိုက်ကူးမှု နိုဝင်ဘာလတွင် စတင်မည်

နယူးယောက် အောက်တိုဘာ ၂၆

ဝါနာဘရားသားရုပ်ရှင်ကုမ္ပဏီ၏ Joker: Folie a' Deux ဇာတ်ကားရိုက်ကူးမှုကို လာမည့် နိုဝင်ဘာလတွင် လော့စ်အိန်ဂျလိစ်မြို့၌ စတင်မည်ဖြစ်ကြောင်း Movieweb သတင်းဝက်ဘ်ဆိုက်က အောက်တိုဘာ ၂၅ ရက်တွင် ရေးသားတင်ပြထားသည်။

Joker: Folie a' Deux ဇာတ်ကားသည် Joker(2019) ၏ နောက်ဆက်တွဲဇာတ်ကားဖြစ်သည်။


အဆိုပါဇာတ်ကားကို မူလ Joker ဒါရိုက်တာ တော့ဒ်ဖီးလစ်က တာဝန်ယူရိုက်ကူးမည်ဖြစ်သည်။

Joker: Folie a' Deux ဇာတ်ကား၌ မင်းသား ယိုအာကွင်းဖီးလစ်နှင့် လေဒီဂါဂါတို့ ဦးဆောင်ပါဝင်မည်ဖြစ်သည်။

အဆိုပါဇာတ်ကားကို လာမည့် နိုဝင်ဘာလအတွင်း စတင်ရိုက်ကူးမည်ဖြစ်ပြီး အချို့ဇာတ်ဝင်ခန်းများကို နယူးယောက်မြို့တွင်လည်း ရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါဇာတ်ကားကို ၂၀၂၄ ခုနှစ် အောက်တိုဘာ ၄ ရက်တွင် ရုံတင်ရန် ဝါနာဘရားသားရုပ်ရှင်ကုမ္ပဏီက စီစဉ်ထားကြောင်း သိရသည်။

KKO




# The Iron Claw ဇာတ်ကား၌ မင်းသမီး လိုင်လီဂျိမ်း ပါဝင်မည်ဖြစ်

နယူးယောက် အောက်တိုဘာ ၂၆

A-24 ရုပ်ရှင်ကုမ္ပဏီ၏ The Iron Claw အမည်ရှိ ရုပ်ရှင်ဇာတ်ကား၌ မင်းသမီး လိုင်လီဂျိမ်း ပါဝင်မည်ဖြစ်ကြောင်း Deadline သတင်းဝက်ဘ်ဆိုက်က အောက်တိုဘာ ၂၅ ရက်တွင် ရေးသားတင်ပြထားသည်။

The Iron Claw ဇာတ်ကားတွင် မင်းသမီး လိုင်လီဂျိမ်းသည် မင်းသား ဇက်အက်ဖရွန်၊ ဟားရစ်ဒစ်ကင်ဆင်တို့နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်သည်။

သို့ရာတွင် လိုင်လီဂျိမ်း ပါဝင်သရုပ်ဆောင်ရမည့် ဇာတ်ကောင်နေရာကို A-24 ရုပ်ရှင်ကုမ္ပဏီက ကြေညာခြင်း မရှိသေးကြောင်း သိရသည်။

The Iron Claw ဇာတ်ကားသည် ၁၉၈၀ ပြည့်နှစ်အတွင်း ထင်ရှားခဲ့သည့် နပန်းအားကစားသမားမိသားစု၏ဘဝကို အခြေခံရိုက်ကူးမည့်ဇာတ်ကားဖြစ်သည်။

အဆိုပါဇာတ်ကားကို ဒါရိုက်တာ ရှောင်ဒါကင်းက ရိုက်ကူးမည်ဖြစ်ပြီး ဝတ္ထုဇာတ်ညွှန်းကိုလည်း အင်္ဂလိပ်ရုပ်ရှင်ထုတ်လုပ်သူ တတ်ဆာရှေ့နှင့် ပူးတွဲရေးသားထားကြောင်း သိရသည်။

လက်ရှိတွင် The Iron Claw ဇာတ်ကား ရုံတင်ပြသမည့်ရက်ကို A-24 ရုပ်ရှင်ကုမ္ပဏီက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

KKO



# Vice Chairman of State Administration Council Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) Vice-Senior General Soe Win delivers speeches to officers, other ranks, families in Taikkyi, Hmawbi stations





Vice-Senior General Soe Win meets Tatmadaw members and families of Taikkyi Station.

**Nay Pyi Taw October 26**

Vice Chairman of State Administration Council Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) Vice-Senior General Soe Win, accompanied by senior officers from the office of the Commander-in-Chief, the commander of Yangon Command and officers, met and delivered speeches to officers and other ranks and their families in Taikkyi and Hmawbi stations separately at respective station halls today.

First, the Vice Senior General delivered speeches on national issues including implementation of five future tasks and nine objectives, two objectives for prosperity of the country and abundance supply of food, water and basic needs and two political objectives of strengthening of genuine and disciplined multi-party democracy system and building a union based on democracy and federal system, latest developments in the current political, economic, defence, social and international relations areas and efforts for everlasting peace of the SAC.

In connection with the Tatmadaw, the Vice-Senior General elaborated on the well-being of Tatmadaw families and distribution of surplus products to local people at cheaper prices thanks to adoption and implementation of battalion-owned and manageable-level agriculture and livestock breeding policies since the assumption of duties by the Commander-in-Chief of Defence Services, welfare measures taken for food supply, shelter, education, health and transportation, the needs to develop security awareness and conscientiousness to perform duties around the clock,

*See Page 13*



Vice-Senior General Soe Win greets Tatmadaw members of Taikkyi Station.

# COP27: Prioritise climate or face catastrophe - UN chief

**New York October 26**

Countries must re-prioritise climate change or the world faces catastrophe, the UN chief has told BBC News.

Secretary General António Guterres was speaking in New York ahead of a major climate conference in Egypt.

"There has been a tendency to put climate change on the back burner," he said. "If we are not able to reverse the present trend, we will be doomed."

The conference, known as COP27, will bring together countries to discuss tackling climate change.

Mr Guterres said that current global problems such as inflation, Russia's invasion of Ukraine and the high prices of energy and food were distracting governments.

"Bring back climate change to the centre of the international debate," he urged.

The UN chief insisted that leaders should not abandon key goals, including keeping global temperature rise to 1.5C, in order to avoid the worst effects of climate change.

He said he would like to see both King Charles III and new UK Prime Minister Rishi Sunak attending COP27, saying King Charles has been a "constant voice" calling attention to the problem of climate change.

He also called on the US and China to work together at the conference, saying the world relies on their leadership. In August, China said it was ending co-operation with the US on climate change after a leading US politician visited Taiwan.

BBC

# Fifteen killed in attack on Shia mausoleum in southern Iran

**Shiraz October 26**

Fifteen people have been shot dead and dozens wounded in an attack at the Shah Cheragh mausoleum in the Iranian city of Shiraz, state news agency Irna says.

Initial reports said three assailants had fired at pilgrims and staff at the entrance Shia Muslim shrine, and that two had been arrested by police.

But the local judiciary chief said "only one terrorist was involved".

State TV also reported one arrest and blamed the attack on "takfiri groups" - a term used for Sunni extremists.

Irna reported that two children and a woman were among the dead and published a photograph of bodies wrapped in sheets laid out in a courtyard. Other photos showed broken glass and pools of blood.

The mausoleum includes the tombs of two sons of the seventh Shia Imam Musa al-Kadhim, who are also the brothers of the eighth Imam Ali al-Rida.

In April, two Shia clerics were killed in a knife attack at a revered Shia shrine in the north-eastern city of Mashhad.

The assailant, who officials said was an ethnic Uzbek man from Afghanistan with radical Sunni views, was hanged in June.

His motive was not made public, but the interior minister at the time described it as a "terrorist attack" and blamed "takfiris".

BBC

# SAC Vice Chairman Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) Vice-Senior General Soe Win attends choice of arms for cadets of 9th Intake of Graduate Female Cadet Course at Defence Services (Army) Officers Training School (Hmawbi)


Vice-Senior General Soe Win leads the choice of arms for women cadets.

**Nay Pyi Taw October 26**

Vice Chairman of the State Administration Council Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) Vice-Senior General Soe Win attended and scrutinized the choice of arms for cadets of the 9th Intake of Graduate Female Cadet Course at Defence Services (Army) Officers Training School (Hmawby) in Hmawbi Station of Yangon this morning.

Also present at the ceremony were senior military officers from the Office of the Commander-in-Chief, the commander of Yangon Command, the commandant of the school and officials. The Vice-Senior General met with cadets individually and chose appropriate military corps of the Tatmadaw (Army, Navy and Air) depending on obedience to disciplines along the training period, outstanding and sharpening in respective subjects, bent and industry.

The Vice-Senior General and party had lunch together with cadets and trainees of the special platoon commander (female) course at the mess hall of the school. 100


Vice-Senior General Soe Win meets Tatmadaw members and families of Hmawbi Station.

*From Page 12*

matters related to constant implementation of four tasks for strengthening the Tatmadaw and tasks for achieving happy military career so that officers and other ranks and families can do right deeds, which come from right knowledge. Then, the Vice Senior General attended to the needs reported by individual officers, other ranks and families in coordination with responsible officers.

Afterwards, the Vice Senior General presented foodstuffs officers, other ranks and families from respective stations to responsible officers.


After the meetings, the Vice-Senior General and party cordially greeted the officers, other ranks and families who attended the meetings. 100


Vice-Senior General Soe Win greets Tatmadaw members and families of Hmawbi Station.


# Question of CNN International news agency



Kanse Village and Market



The path going to the area where KIA and terrorist groups gather and move.



Aungbalay (Tanguan) Village and Market.

**Nay Pyi Taw October 26**

Excuse me! Major-General Zaw Min Tun, I am Sandicidu from Hong Kong based CNN International.

I sent this letter as I'd like to ask a statement or a reply from your related to statements which came out for attacks by the Myanmar Tatmadaw on the anniversary celebration held in Kachin State on 24 October.

These statements mentioned more than 100 civilians were wound and many persons dead in the airstrike.

The United Nations also issued a press release that it was unacceptable for attacks of the security forces with larger strength on the unarmed civilians and that it demanded the security forces to take responsibility for the incident. Let me know how you would respond to the press release. Thank you.

- The information was released for the incident on 24 October through State-owned media. I think you might have read the press release issued by the State. If so, you would not ask this question. All the topics you would like to know have been mentioned in that news. It is one of the points I'd like to tell you.
- For the second point, I'd like to ask you what facts do you refer for your question and how about legalized it is.
- For the third point, where is the location for the death of people and artistes mentioned in the rumour? How did those artistes arrive there? Some documentary photos portraying those artistes are in KIA uniforms are spreading. So, who are they? How many numbers of artistes arriving there do you know? Some close societies said those artistes are alive. I think you ask me for unapproved thing.
- With regard to the fourth point, the spokespersons of KIA used it as the KIA controlled area. If so, who will be there? There were only KIA troops, PDFs and their related persons. It is based on our evidences. As it is a controlled area or restricted area as mentioned by KIA, any civilians are not allowed to go there. They are uneasy to go there. If the people go there via Kanse, they have to pass the ruined Buzadee Village and along Uru River.

*See Page 15*



The area where KIA and terrorist groups gather and move.



The path going from Buzadee Village to the area where KIA and terrorist groups gather and move.


Map showing process of the event that security personnel took regional security measures in Hpakant area.

*From Page 14*

It is called Urukha Creek. After passing there, they would arrive there. You may check the satellite maps. You may know so. Check that building. It is a stall Guan Maw said. There is no one stall. Local people buy goods in Kansee and Aungbalay (Tanguan). No one stall is there. If so, it needs to coordinate between KIA spokesperson and Guan Maw for their speeches at first. There was no traveller. Any local people are not beyond Buzadee Village. You may think who go there.

- As the fifth point, I would say that according to the statements, only the PDF members and NLD members including persons with the level of KIA brigade were included. We have evidence in connection with the levels, names, positions. There was not any list of civilian names. As names of some NLDs and PDFs were found they would be connected with groups declared as terrorist groups. So, it is obvious that they were jointly coimmitting terrorist acts. Who were behind the incidents occurred in Sagaing Region. You can know if you check them. KIA is providing not only men but also arms and accessories for PDFs in Sagaing Region. Of the seized arms, the great majority were from KIA. All the arms seized in Mandalay Region were also of the KIA. We have records in connection with the involvement of KIA officer from behind the scene. Hence, the Tatmadaw had to launch a necessary military operation. During the previous year, these groups attacked our area control camps near Aungbarlay village. If you look at online photo evidences, you can see that all the dead or wounded wore uniforms. There were no civilians at all, as it is not a civilian dwelling place.
- The last thing I would like to say is that Tatmadaw never attacks unarmed civilians. PDF took away 15 passengers near Kandaunk village on Monywa-Kyaw road o 12 October. In response, commander troops launched search and rescue missions in the area around Yinbaungtai and Shwehlan villages in Yinmabin Township on 19 and 20 October. There were three engagements with KIA/PDF groups. At last, commandoes could rescue 26 hostages including women, children, civil servants and villagers. Children from two to 12 yeesr were included in the hostages. Some were under confinement from seven months to one year. This is the nearest answer. Tatmadaw never attacks civilians. It only rescues the people confined by terrorists.
- Now, I have already given you a comprehensive answer to your question. Tatmadaw does no attack unarmed civilians. It only saves the people. Yinmabin incident is the proof. KIA announced that the area in Phakant where the incident took place was a KIA brigade 9-controlled area. Evidences show that only KIA members and PDF terrorists and their affiliates were there. Hence, Tatmadaw had to launch a operation. We have no idea about any annual cerebration. We knew that it was a den where enemies and terrorist were hiding. So, we launched a necessary military operation. Throughout history and till now, Tatmadaw has never attacked civilians, and we don't need to clarify about the matter in connection with fake news.

100



**Map showing process of the event that security personnel safely rescued the people who were unjustly arrested and kept in custody by so-called PDF terrorists, affiliate of NUG and CRPH**



**Security personnel are taking the people, who were unjustly arrested and kept in custody by so-called PDF terrorists, affiliate of NUG and CRPH, to the hospital after they were safely rescued.**



**The people, who were unjustly arrested and kept in custody by so-called PDF terrorists, affiliate of NUG and CRPH, are being given necessary medical treatment after they were safely rescued by security personnel.**



**Arms and ammunition manufactured by KIA seized in June 23, 2021.**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တပ်မတော်(ကြည်း)ဗိုလ်သင်တန်းကျောင်း(မှော်ဘီ) ဘွဲ့ရအမျိုးသမီးဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၉) စစ်လက်ရုံးရွေးချယ်ပွဲသို့ တက်ရောက်စိစစ်ရွေးချယ်





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(မှော်ဘီ) ဘွဲ့ရအမျိုးသမီးဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၉)မှ ဗိုလ်လောင်းများအား တစ်ဦးချင်းတွေ့ဆုံ၍ တပ်မတော်(ကြည်း၊ ရေ၊ လေ) စစ်လက်ရုံးအသီးသီးအတွက် စိစစ်ရွေးချယ်ပေးစဉ်။

**နေပြည်တော် အောက်တိုဘာ ၂၆**

နိုင်ငံတော်စီ မံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ မှော်ဘီတပ်နယ်ရှိ တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း (မှော်ဘီ)၌ပြုလုပ်သည့် ဘွဲ့ရအမျိုးသမီးဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၉) စစ်လက်ရုံးရွေးချယ်ပွဲသို့ တက်ရောက်စိစစ်ရွေးချယ်သည်။

အဆိုပါ စစ်လက်ရုံးရွေးချယ်ပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(မှော်ဘီ) ကျောင်းအုပ်ကြီးနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဗိုလ်လောင်းများကို တစ်ဦးချင်းတွေ့ဆုံကာ သင်တန်းကာလတစ်လျှောက် စည်းကမ်းလိုက်နာမှု၊ ဘာသာရပ်အလိုက် ထူးချွန်ထက်မြက်မှု၊ ဝါသနာနှင့်ကြိုးစားအားထုတ်မှုများအပေါ် မူတည်၍ သင့်လျော်သည့် တပ်မတော် (ကြည်း၊ ရေ၊ လေ) စစ်လက်ရုံးအသီးသီးအတွက် စိစစ်ရွေးချယ်ပေးကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် သင်တန်းကျောင်း စားရိပ်သာ၌ သင်တန်းသား ဗိုလ်လောင်းများ၊ အထူးတပ်စုမှူး (အမျိုးသမီး) သင်တန်းသားများနှင့်အတူ နေ့လယ်စာ အတူတကွသုံးဆောင်ခဲ့ကြကြောင်း သတင်းရရှိသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များ ဘွဲ့ရအမျိုးသမီးဗိုလ်လောင်းများ၊ အထူးတပ်စုမှူး(အမျိုးသမီး)သင်တန်းသားများနှင့်အတူ နေ့လယ်စာအတူတကွသုံးဆောင်စဉ်။

# National Landmark Sculpturing and Painting Youth Camp for LMC Fine Arts Students စီမံကိန်းကို ၂၀၂၃ ခုနှစ် ဇန်နဝါရီလတွင် မန္တလေးမြို့၌ ပြုလုပ်မည်

**နေပြည်တော် အောက်တိုဘာ ၂၆**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး)က တာဝန်ယူကျင်းပမည့် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်ရေးစီမံကိန်းတစ်ခုဖြစ်သည့် National Landmark Sculpturing and Painting Youth Camp for LMC Fine Arts Students စီမံကိန်း အောင်မြင်စွာကျင်းပနိုင်ရေးဦးစီးကော်မတီ ညှိနှိုင်းအစည်းအဝေးကို ယနေ့တွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန လောကနတ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အစည်းအဝေးသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကို၊ ဒုတိယဝန်ကြီး ဒေါက်တာမိုးဇော်ထွန်း၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာ ဒုတိယဝန်ကြီး၊ မန္တလေးတိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးကျော်ကျော်မင်း၊ လူမှုရေးရာဝန်ကြီး ဦးယဉ်ထွေး၊ ပြည်ထဲရေးဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်၊မန္တလေး)တို့မှ ပါမောက္ခချုပ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက နည်းပညာဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ လက်မှုအနုပညာအချို့သည် ကွယ်ပျောက်လုနီးပါးအခြေအနေနှင့်ရင်ဆိုင်လာရသောကြောင့် ပန်းချီ၊ ပန်းပုအနုပညာလက်ရာများကို တိုးတက်လာသောခေတ်နှင့်အညီ နည်းပညာများမြှင့်တင်ခြင်း၊ မျှဝေခြင်း၊ ဖော်ထုတ်ထိန်းသိမ်းခြင်းများ ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရန်အတွက် အဖွဲ့ဝင် ခြောက်နိုင်ငံမှ ပန်းချီ၊ ပန်းပု အနုပညာရှင်လူငယ်များပါဝင်သော National Landmark Sculpturing and Painting Youth Camp for LMC Fine Arts Students စီမံကိန်းကို ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၂၆ ရက်မှ ၃၀ ရက်ထိ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး)က တာဝန်ယူပြီး မန္တလေးမြို့တွင် Hybrid စနစ်ဖြင့် လက်ခံပြုလုပ်မည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး)ပါမောက္ခချုပ် ဦးအောင်ဆန်းဦးက စီမံကိန်းအောင်မြင်စွာကျင်းပနိုင်ရေးအတွက် လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများ ဖွဲ့စည်းထားရှိမှုနှင့် စီမံကိန်းကျင်းပနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ထားရှိမှုကို တင်ပြဆွေးနွေးပြီး တက်ရောက်လာကြသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြရာ တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ကျေးလက်နေပြည်သူများ လူနေမှုအဆင့်အတန်းမြင့်မားလာစေရေးအတွက် ကျေးရွာ ၄၄ ရွာ၌ SMART Village စီမံကိန်း ဆောင်ရွက်လျက်ရှိ



**နေပြည်တော် အောက်တိုဘာ ၂၆**

ကျေးလက်နေပြည်သူများ လူနေမှုအဆင့်အတန်း မြင့်မားလာရေးနှင့် ကျေးလက်စီးပွား မြင့်မားလာစေရေးအတွက် SMART Village စီမံကိန်းကို ယခုနှစ်တွင် မြို့နယ် ၄၂ မြို့နယ်ရှိ ကျေးရွာ ၄၄ ရွာ၌တိုးချဲ့ဆောင်ရွက်လျက်ရှိကြောင်း သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက ယနေ့ ကျင်းပသည့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပထမ ခြောက်လပတ်လူမှုစီးပွားဖွံ့ဖြိုးရေး လုပ်ငန်းများ ညှိနှိုင်းအစည်းအဝေးတွင် ပြောကြားသည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးက ဦးစီးဌာနကဆောင်ရွက်ပေးလျက်ရှိသည့် ကျေးလက်ရေရရှိရေး၊ ကျေးလက်မီးလင်းရေး၊ ကုန်ထုတ်လမ်း၊ တံတားလုပ်ငန်းများ၊ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း(VDP)၊ Cash for Work စီမံကိန်းများသည် ကျေးလက်နေပြည်သူများ လူနေမှုအဆင့်အတန်းမြင့်မားရေးအတွက် အဓိကအရေးပါသည့်လုပ်ငန်းများဖြစ်ကြောင်း၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း၊ ကျေးလက်စီးပွားမြင့်မားရေး စီမံကိန်း၊ ကျေးလက် အသက်မွေးဝမ်းကျောင်းသင်တန်းများသည်လည်း ကျေးလက်နေပြည်သူများ မိသားစုဝင်ငွေတိုးပွားရေးနှင့် ကျေးလက်စီးပွားမြင့်မားရေးကို ဖော်ဆောင်ပေးနိုင်သည့်အတွက် ပိုမိုအောင်မြင်အောင် ဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်းဖြင့် ပြောကြားသည်။

အဆိုပါ ညှိနှိုင်းအစည်းအဝေးတွင် ဒုတိယဝန်ကြီး ဦးမြင့်စိုး၊ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးများက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်များ၊ သမဝါယမဖွံ့ဖြိုးရေး လုပ်ငန်းများ၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာ အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းများနှင့် စဉ်ဆက်မပြတ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအတွက် Contract Farming စီမံကိန်းနှင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းတို့ကို ကျေးရွာများနှင့် ပူးပေါင်းဆောင်ရွက်ရေးကိစ္စနှင့် ရန်ပုံငွေသုံးစွဲမှု၊ M&E စနစ်ဖြင့် စောင့်ကြည့်စစ်ဆေးမှုအခြေအနေများကို ဆွေးနွေးတင်ပြကြသည်။

အစည်းအဝေးအပြီးတွင် ပြည်ထောင်စုဝန်ကြီးက ကျေးလက်ဒေသဖွံ့ဖြိုးရေးဆိုင်ရာလုပ်ငန်းလမ်းညွှန်ချက်များကို အမြန်ဆုံးပြီးမြောက်အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့သော ရှမ်းပြည်နယ် (တောင်ပိုင်း) ဦးစီးမှူးနှင့် မြစိမ်းရောင်ကျေးရွာ စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်နိုင်မှု ပထမဆုရရှိသည့် ပဲခူးတိုင်းဒေသကြီး ဦးစီးမှူးတို့ကိုလည်းကောင်း၊ ဒုတိယဝန်ကြီး ဦးမြင့်စိုးက မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှု ဒုတိယဆုရရှိရသည့် ရေဝတီတိုင်းဒေသကြီး ဦးစီးမှူးနှင့် တတိယဆုရရှိသည့် ကရင်ပြည်နယ်ဦးစီးမှူးတို့ကိုလည်းကောင်း ဂုဏ်ပြုဆုတံဆိပ်များ ပေးအပ်ချီးမြှင့်ပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန စားရိပ်သာတွင် ဝန်ထမ်းများနှင့်တွေ့ဆုံ၍ လုပ်ငန်းခွင်ပျော်ရွှင်ရေး၊ ဝန်ထမ်းသက်သာချောင်ချိရေးနှင့် လုပ်ငန်းလိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးကာ ဝန်ထမ်းများနှင့် နေ့လယ်စာအတူတကွ သုံးဆောင်ခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ထားဝယ်မြို့နယ်ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များကို တွေ့ဆုံ၊ စားသောက်ဖွယ်ရာများ ပေးအပ်



ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စောသန်းလှိုင် ထားဝယ်မြို့နယ်ရှိ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များကို ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။

**နေပြည်တော် အောက်တိုဘာ ၂၆**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ်ရှိ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအိမ်ရာနေ စစ်သည်များနှင့် မိသားစုဝင်များကို ယနေ့နံနက်ပိုင်းတွင် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စောသန်းလှိုင်နှင့် အဖွဲ့ဝင်များက အဆိုပါစစ်မှုထမ်းဟောင်းအိမ်ရာ၌ သွားရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် တိုင်းမှူးက အမှာစကားပြောကြားပြီး စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကာ ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့နောက် တိုင်းမှူးက စစ်မှုထမ်းဟောင်းအိမ်ရာအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ ထို့ပြင် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များကို နယ်မြေခံဆေးအဖွဲ့က လိုအပ်သည့် ကျန်းမာရေးစစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

# နေပြည်တော်ကောင်စီနယ်မြေအတွင်း လုံခြုံရေးတာဝန် ထမ်းဆောင်နေသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များကို ဆန်နှင့် စားသောက်ဖွယ်ရာများ ပေးအပ်

**နေပြည်တော် အောက်တိုဘာ ၂၆**

နေပြည်တော်ကောင်စီနယ်မြေအတွင်း လုံခြုံရေးတာဝန် ထမ်းဆောင်နေသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းက တိုင်းစစ်ဌာနချုပ် အောင်ငြိမ်းအေးခန်းမ၌ တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် တိုင်းမှူးက အမှာစကားပြောကြားပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များကို ဆန်နှင့် စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။




နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်း မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များကို ဆန်နှင့်စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။

# တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း အမျိုးသား၊ အမျိုးသမီး ပြေးခုန်ပစ်ပြိုင်ပွဲတွင် ကျိုင်းတုံတပ်နယ်အသင်းက ဒိုင်းဆုရရှိ



တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်နီလင်းအောင် တံခွန်စိုက်ဒိုင်းဆုရရှိသည့် ကျိုင်းတုံတပ်နယ်အသင်းကို ဆုပေးအပ်ချီးမြှင့်စဉ်။

**နေပြည်တော် အောက်တိုဘာ ၂၆**

တြိဂံဒေသတိုင်းစစ်ဌာနချုပ်၏ ၂၀၂၂ ခုနှစ် တိုင်းမှူးဒိုင်း အမျိုးသား၊ အမျိုးသမီး ပြေးခုန်ပစ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ယနေ့ညနေပိုင်းတွင် တိုင်းစစ်ဌာနချုပ် အားကစားကွင်း၌ပြုလုပ်ခဲ့ပြီး တံခွန်စိုက် ဒိုင်းဆုအား ကျိုင်းတုံတပ်နယ်အသင်းက ရရှိသွားကြောင်း သိရသည်။

အဆိုပါ အမျိုးသား၊ အမျိုးသမီး ပြေးခုန်ပစ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲသို့ တိုင်းမှူး ဗိုလ်ချုပ်နီလင်းအောင်နှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး ဗိုလ်လုပွဲ ပွဲစဉ်များဖြစ်သည့် အမျိုးသား၊ အမျိုးသမီး မီတာ ၁၀၀၊ မီတာ ၂၀၀ နှင့် မီတာ ၄၀၀ လက်ဆင့်ကမ်း ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးကြသည်။ ထို့နောက် ဆုပေးပွဲကို ဆက်လက်ပြုလုပ်ရာ ဒိုင်အဖွဲ့ဝင်များ၊ တစ်ဦးချင်းဆုရရှိကြသူများနှင့် ဒိုင်းဆုရရှိသော ကျိုင်းတုံတပ်နယ်အသင်းတို့ကို တိုင်းမှူးနှင့် တာဝန်ရှိသူများက ဒိုင်းဆုနှင့် ဆုများအသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။

# ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမည်လေးမျိုး၊ နေ့ဆွမ်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်း



မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် ပြည်တော်အေးသီလရှင်စာသင်တိုက်ရှိ သီလရှင်များကို နယ်မြေခံတပ်မတော်သားများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမည်လေးမျိုး ဆက်ကပ်လှူဒါန်းစဉ်။

**နေပြည်တော် အောက်တိုဘာ ၂၆**

ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည့်ကာလအတွင်း ဆွမ်းကိစ္စရပ်များ အဆင်ပြေစေရန်ရည်ရွယ်၍ တပ်မတော်(ကြည်း၊ ရေ၊ လေ) အရာရှိ၊ စစ်သည်၊ အရာထမ်း၊ အမှုထမ်းများနှင့် စေတနာရှင်အလှူရှင်များက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများ၊ သာသနာ့နွယ်ဝင်သီလရှင်ကျောင်းများ၊ ဘာသာရေးကျောင်းများနှင့် ဘိုးဘွားရိပ်သာများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမည်လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများလှူဒါန်းခြင်း၊ နေ့ဆွမ်းများဆက်ကပ်လှူဒါန်းခြင်းနှင့် လိုအပ်သည့်ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၂၅ ရက်နှင့် ယနေ့တို့တွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ သာသနာ့ဝန်ဆောင် မြို့ဦးကျောင်းတိုက်၊ ပူတာအိုမြို့ရှိ ခိုဟိုဘုန်းတော်ကြီးကျောင်းတိုက်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ရှိ အရှေ့ခါးရိုး ပရိယတ္တိစာသင်တိုက်၊ မွန်ပြည်နယ် သထုံမြို့နယ် တောင်ဘိုကျေးရွာရှိ ဒေါင်းရွာသရဂ္ဂါရာမကျောင်း၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် ပလရရပ်ကွက်ရှိ ရေသိမ်ကျောင်းတိုက်၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ မြောင်းမြကျောင်း ပရိယတ္တိစာသင်တိုက်၊ မရမ်းချိုကျောင်း ပရိယတ္တိစာသင်တိုက်၊ ရွှေနဂါးနှစ်ကောင် စတုဘုမ္မိကကျောင်းတိုက်၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်များမှ ဘုန်းတော်ကြီးကျောင်း လေးကျောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့ရှိ မဟာစိတ္တသုခကျောင်းတိုက်၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များမှ ဘုန်းတော်ကြီးကျောင်း ၁၈ ကျောင်း၊ မကွေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များမှ ဘုန်းတော်ကြီးကျောင်းများနှင့် သာသနာ့နွယ်ဝင်သီလရှင်ကျောင်း ၁၃ ကျောင်း၊ ပဲခူးတိုင်းဒေသကြီး ပြည်မြို့ နဝင်းရပ်ကွက်ရှိ ဝိသုဒ္ဓါရုံဓာရာဏာသီ ဘုန်းတော်ကြီးကျောင်းတို့မှ သံဃာတော်များနှင့် သာသနာ့နွယ်ဝင်သီလရှင်များကို ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမည်လေးမျိုး၊ နဝကမ္မအလှူငွေများ၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အထောက်အကူပြုပစ္စည်းများ၊ နေ့ဆွမ်းများနှင့် လှူဖွယ်ပစ္စည်းများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက်ဆက်ကပ် လှူဒါန်းကြပြီး နယ်မြေခံဆေးအဖွဲ့များက လိုအပ်သည့်ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထို့ပြင် မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ဥပုသ်တော်ရပ်ကွက်ရှိ မန်းတောင်ခြေဘိုးဘွားရိပ်သာနှင့် မိတ္ထီလာမြို့နယ်ရှိ ဘိုးဘွားရိပ်သာတို့မှ အဘိုး၊ အဘွားများကို အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် မန္တလေးတပ်နယ်နှင့် မိတ္ထီလာတပ်နယ်တို့မှ နယ်မြေခံတပ်မတော်သားများက အလှူငွေများနှင့် အာဟာရဖြည့်စားသောက်ဖွယ်ရာများ သွားရောက်လှူဒါန်းကြသည်။

အလားတူ ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်၊ ဝန်ထမ်း အရာထမ်း၊ အမှုထမ်း မိသားစုများက နေပြည်တော်ကောင်စီနယ်မြေ၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့ရှိ ဘုန်းတော်ကြီးကျောင်းများနှင့် စာသင်တိုက်များမှ သံဃာတော်များကို ဆွမ်းဆန်တော်နှင့် စားသောက်ဖွယ်ရာများ အသီးသီး သွားရောက် ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

# တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် အောက်တိုဘာ ၂၆**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆောင်ရွက်ရာတွင် ကာကွယ်ဆေးထိုးနှံခြင်းသည် အဓိကအခန်းကဏ္ဍတွင် ပါဝင်သည့် လုပ်ငန်းတစ်ရပ်ဖြစ်သောကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ ကာကွယ်ဆေးထိုးနှံခြင်းကို အင်တိုက်အားတိုက်ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၂၅ ရက်နှင့် ယနေ့တို့တွင် ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်၌ ဒေသခံပြည်သူ ၇၉ ဦး၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ဒေသခံပြည်သူ ၅၁၁၂ ဦး၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်လေးမြို့တို့၌ ဒေသခံပြည်သူ ၁၇၄ ဦး၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခုတို့မှ ဒေသခံပြည်သူ ၉၆၉ ဦးနှင့် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့၌ ဒေသခံပြည်သူ ၁၁၇ ဦးတို့ကို တပ်မတော်မှဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့်ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထို့အတူ ကျောင်းသား၊ ကျောင်းသူများကိုလည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများထိုးနှံပေးလျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ကျောင်းသား၊ ကျောင်းသူ ၁၂၉၃ ဦးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခရိုင်တို့၌ ကျောင်းသား၊ ကျောင်းသူ ၂၁၉ ဦးတို့ကို တပ်မတော်မှဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထို့ပြင် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်အတွက် Mask များကို ပြည်သူများလက်ဝယ်အရောက် တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများက အခမဲ့ပေးဝေလှူဒါန်းလျက်ရှိရာ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၄၄ မြို့နယ်တို့၌ စာသင်ကျောင်းများ၊ ဈေးများ၊ လမ်းများ၊ မြို့အဝင်ဂိတ်များနှင့် လူစည်ကားရာနေရာများတွင် နယ်မြေခံတပ်မတော်သားများက ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူများ ဌာနဆိုင်ရာဝန်ထမ်းများ၊ ပရဟိတအဖွဲ့များနှင့်ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် အသိပညာပေးဆောင်ရွက်ခြင်း၊ Mask များ တပ်ဆင်ပြီးသွားလာကြရန် လှုံ့ဆော်ခြင်းနှင့် Mask များကို ဒေသခံပြည်သူများ လက်ဝယ်အရောက် အခမဲ့ပေးဝေလှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။



ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးစဉ်။

# ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော PDF အဖွဲ့ဝင်များကို ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံ ထပ်မံလွှဲပြောင်းပေးအပ်

**နေပြည်တော် အောက်တိုဘာ ၂၆**

တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ နယ်မြေအတွင်း သင်တန်းများတက်ရောက်ခဲ့ပြီး ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သည့် ဥပဒေဘောင်အတွင်းဝင်ရောက်လာသော PDF အဖွဲ့ဝင်များကို ပြန်လည်ကြိုဆိုလက်ခံ၍ ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းပေးအပ်လျက်ရှိသည်။

ယနေ့နံနက်ပိုင်းတွင်လည်း ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့ရှိ နယ်မြေခံတပ်ရင်းခန်းမ၌ ပြန်လည်ကြိုဆိုလက်ခံခြင်းကိုပြုလုပ်ရာ တိုင်းစစ်ဌာနချုပ်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့တို့မှ တာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တာဝန်ရှိသူများက အသိပညာပေးစကားများ ပြောကြားပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့သည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော နောင်ချိုမြို့မှ PDF အဖွဲ့ဝင် အမျိုးသားနှစ်ဦးကို ခံဝန်ကတိလက်မှတ်ရေးထိုးစေကာ ထောက်ပံ့ငွေများပေးအပ်၍ ၎င်းတို့၏မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပေးကြသည်။



ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော နောင်ချိုမြို့မှ PDF အဖွဲ့ဝင်များကို တာဝန်ရှိသူများက ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံ ထပ်မံလွှဲပြောင်းပေးအပ်စဉ်။

PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးတို့အနေဖြင့် နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ်များတွင် ပါဝင်ပူးပေါင်းဆောင်ရွက်နိုင်ရေး သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ဥပဒေဘောင်အတွင်းသို့ လက်နက်အပ်နှံပြီး ပြည်သူ့ဘဝသို့ပြန်လည်ဝင်ရောက်ခြင်းပြုမည်ဆိုပါက ကြိုဆိုလက်ခံသွားမည်ဖြစ်ကြောင်း နိုင်ငံတော်အစိုးရက ထုတ်ပြန်ထားပြီးဖြစ်ရာ ပြစ်မှုကျူးလွန်ခဲ့ခြင်းမရှိသော PDF အဖွဲ့ဝင်များက တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာတာဝန်ရှိသူများက ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပေးလျက်ရှိကြောင်း သတင်းရရှိသည်။

## အောက်တိုဘာ ၂၆ ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် ၁၅၇ ဦး တွေ့ရှိပြီး ယနေ့ နှစ်ဦးသေဆုံး

### ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေ

| | |
|---|---|
| ရောဂါပိုးတွေ့ရှိသူ စုစုပေါင်း | ၆၃၁၀၅၉ ဦး |
| သေဆုံးသူ | ၁၉၄၈၀ ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | ၆၀၄၉၄၁ ဦး |

**နေပြည်တော် အောက်တိုဘာ ၂၆**

အောက်တိုဘာ ၂၅ ရက် ည ၈ နာရီမှ ယနေ့ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း ၁၀၇၂၄ ခုကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၅၇ ဦး တွေ့ရှိပြီး ယနေ့တွင် နှစ်ဦးသေဆုံးခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

# တရားမဝင် သစ်မျိုးစုံ၊ ရေနံစိမ်း၊ တိရစ္ဆာန်အရှင်၊ စားသောက်ကုန်၊ လူသုံးကုန်၊ လျှပ်စစ်ပစ္စည်း၊ ရေယာဉ်များနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ





**နေပြည်တော် အောက်တိုဘာ ၂၆**

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၂၂ ရက်တွင် ရခိုင်ပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် သစ်တောဦးစီးဌာန ဦးဆောင်သောပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ သံတွဲမြို့နယ်နှင့်ဂွမြို့နယ်တို့အတွင်း တရားမဝင်သစ်မျိုးစုံ ၇ ဒသမ ၄၀၆၀ တန် ခန့်မှန်းတန်ဖိုးငွေကျပ် ၉၂၀၈၃၆ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ အောက်တိုဘာ ၂၄ ရက်တွင် မကွေးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ချောက်မြို့နယ်နှင့် မင်းဘူးမြို့နယ်တို့အတွင်း တရားမဝင် ရေနံစိမ်း ၅၂၆ ဂါလန်၊ ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၇၈၀၀၀ နှင့် အဆိုပါတရားမဝင်ပစ္စည်းများ တင်ဆောင်လာသည့် ဆိုင်ကယ် ၁၀ စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၇၄၀၀၀ ကို ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေအရ လည်းကောင်း၊ဆင်ပေါင်ဝဲမြို့နယ် လွန်ချီကျေးရွာအနီးတွင် တရားမဝင် ရွှေတူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် စက်လှေ နှစ်စီးနှင့် ဆက်စပ်ပစ္စည်းများ ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၉၀၀၀၀၀ ကို ရေအရင်းအမြစ်နှင့် မြစ်ချောင်းများထိန်းသိမ်းရေးဥပဒေအရ လည်းကောင်း၊ ချောက်မြို့နယ်၊ ကံမမြို့နယ်နှင့် မင်းတုန်းမြို့နယ်တို့အတွင်း တရားမဝင် ကျွန်းခွဲသားဆိုဒ်စုံ ၃၄ ဒသမ ၅၆၆၂တန် ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၈၁၃၆၉၂ ကို သစ်တောဥပဒေအရလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၆၁၆၅၆၉၂ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ အောက်တိုဘာ ၂၅ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျအကောက်ခွန်အဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် လေဆိပ်ကုန်လှောင်ရုံ၌ စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် MSI နှင့် ASUS အမျိုးအစား Gaming Laptop ၁၀ လုံး ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀ ကို လည်းကောင်း၊ အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ သွင်းကုန်ကြေညာလွှာ(ID)တွင် ကြေညာထားသည်နှင့်ကိုက်ညီမှုမရှိသည့် လုပ်ငန်းသုံးစက်ပစ္စည်းများ ခန့်မှန်းတန်ဖိုးငွေကျပ် ၂၉၁၄၁၆၀၀ ကို လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၉၁၄၁၆၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ၁၆ မိုင်ကျောက်ချောစစ်ဆေးရေးစခန်း၌ တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရန်ကုန်မြို့မှ မူဆယ်မြို့သို့သွားရောက်မည့် မော်တော်ယာဉ် နှစ်စီးပေါ်၌ တရားဝင် စာရွက်စာတမ်းအထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် တိရစ္ဆာန်အရှင်များ ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၁၀၀၀၀ နှင့် အဆိုပါတိရစ္ဆာန်အရှင်များ သယ်ဆောင်လာသည့် မော်တော်ယာဉ် နှစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀၀ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၆၁၅၁၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် စစ်ကိုင်းမြို့ ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ Caldina အမျိုးအစား လိုင်စင်မဲ့ မော်တော်ယာဉ် တစ်စီး ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၅၀၀၀၀၀ ကိုလည်းကောင်း၊ မော်တော်ယာဉ် တစ်စီးပေါ်၌ တရားဝင် စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း၊ လျှပ်စစ်ပစ္စည်းနှင့် လူသုံးကုန်ပစ္စည်းမျိုးစုံ ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၅၇၉၅၀၀၀ နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel အမျိုးအစား မော်တော်ယာဉ် တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀ ကို လည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုး ငွေကျပ် ၇၃၂၉၅၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန် ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ အောက်တိုဘာ ၂၂ မှ ၂၅ ရက်ထိ ဖမ်းဆီးရမိသည့် စုစုပေါင်း အမှုတွဲ ၂၃မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၃၃၁၀၃၃၁၂၈ ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

# မွန်ပြည်နယ် သထုံမြို့နယ်တွင် ငွေကျပ် ၁၁ ဒသမ ၇၅ ဘီလီယံတန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း) ကီလို ၄၇၀ ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၂၆**

မွန်ပြည်နယ် သထုံမြို့နယ်တွင် ငွေကျပ် ၁၁ ဒသမ ၇၅ ဘီလီယံတန်ဖိုးရှိအိုက်စ်(မက်သ်အဖက်တမင်း) ကီလို ၄၇၀ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၁၉ ရက်ညနေ ၄နာရီခွဲတွင် မွန်ပြည်နယ် သထုံမြို့နယ် ရန်ကုန်-မော်လမြိုင်ကားလမ်း မိုင်တိုင်အမှတ် (၁၄၅/၆) အနီး၌ ကျိုက်ထိုဘက်မှ မြဝတီဘက်သို့ သိန်းကို မောင်းနှင်ပြီး ရန်နိုင်ထွန်း လိုက်ပါလာသည့် Canter ခြောက်ဘီး မော်တော်ယာဉ်ကို သတင်းအရ ရှာဖွေရာ ယာဉ်ပေါ်မှ ဒေသကာလတန်ဖိုး ငွေကျပ် ၁၁ ဒသမ ၇၅ ဘီလီယံတန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း) ကီလို ၄၇၀ သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးပေါ်ပေါက်ချက်အရ ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ ကရင်ပြည်နယ်သို့ အိုက်စ် (မက်သ်အဖက်တမင်း)များ သယ်ဆောင်ရာ၌ ပူးပေါင်းပါဝင်သူများဖြစ်ကြသည့် ပြင်ဦးလွင်မြို့နယ် စိန်ပန်းကျေးရွာတွင် ပါကျဲ(ခ)စိုးလင်းထွန်းကို မြန်မာငွေကျပ်သိန်း ၈၀၊ IPSUM မော်တော်ယာဉ် တစ်စီးနှင့် လည်းကောင်း၊ မြဝတီမြို့နယ် သက်န်းညီနောင်ကျေးရွာတွင် ကိုစိုင်း(ခ)စောဇာနည်မောင်နှင့် မျိုးအောင် (ခ)ဟော့ထင်ချန်တို့ကို GlOCK 9 MM ပစ္စတိုသေနတ် တစ်လက်၊ ကျည်အိမ်နှစ်ခု၊ 9 MM ကျည် ၂၃တောင့်၊ Crown မော်တော်ယာဉ် တစ်စီးနှင့် လည်းကောင်း၊ ဘားအံမြို့နယ် မဲဘောင်ကျေးရွာတွင် အားဝေ(ခ)လောက်ဆန်းနှင့် သက်ဦး(ခ)စောသက်ဦးတို့ကို Crown မော်တော်ယာဉ် တစ်စီးနှင့် လည်းကောင်း အသီးသီးဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့ ခုနစ်ဦးကို ဥပဒေအရအရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။

**(သတင်းစဉ်)**



# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် အောက်တိုဘာ၂၆**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကိုအကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက်လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များက တစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့် ဖြစ်စေ အများပြည်သူ အနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က) နှင့်တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သော ပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများကတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်း ထုတ်ပြန်ခဲ့ပြီး ဖြစ်သော်လည်း ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ်နေ မေယွန်းပန်သည် ၎င်းအသုံးပြုသည့် "May Yoon Pan" facebook အကောင့်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)နောင်ချိုမြို့နယ်နေ ရီတင်သည် ၎င်းအသုံးသည့် "Daw Yee Tin" Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက် အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမှုလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

☆ ကျောဖုံးမှအဆက်

တံတားအလယ်ပိုင်း ၄၂ ပေခန့် ပြိုကျ ပျက်စီးခဲ့သည်ကို တွေ့ရှိရသည်။

အကြမ်းဖက်သမားအနေဖြင့် ကျေးရွာသူ၊ ကျေးရွာသားများအား သွားလာမှုခက်ခဲစေရန်နှင့် အထိတ်တလန့်ဖြစ်ပြီး ကြောက်ရွံ့လာစေရန်ရည်ရွယ်၍ ယခုကဲ့သို့ ဖောက်ခွဲဖျက်ဆီးခြင်းဖြစ်ကြောင်း၊ အဆိုပါ မိုင်းထောင် ဖောက်ခွဲဖျက်ဆီးမှုကြောင့် လက်ရှိတွင် မော်တော်ယာဉ်များ ဖြတ်သန်းသွားလာနိုင်ခြင်း မရှိကြောင်းနှင့် တံတားပျက်စီးမှုကို သက်ဆိုင်ရာ တာဝန်ရှိသူများက အမြန်ဆုံးပြင်ဆင်နိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

# CNN International သတင်းဌာနမှ မေးမြန်းမှုကို ပြန်လည်ဖြေကြား

**ဗိုလ်ချုပ်ဇော်မင်းထွန်းရှင့်**

ကျွန်မကတော့ ဟောင်ကောင်အခြေစိုက် CNN International သတင်းဌာနမှာ တာဝန်ထမ်းဆောင်နေတဲ့ စန္ဒီစီဒူဖြစ်ပါတယ်။

မြန်မာ့တပ်မတော်က အောက်တိုဘာ ၂၄ ရက်တုန်းက ကချင်ပြည်နယ်မှာ လုပ်တဲ့ နှစ်ပတ်လည်အထိမ်းအမှတ်ပွဲ တစ်ခုကို တိုက်ခိုက်မှုအပေါ် ထွက်ပေါ်လာတဲ့ ထုတ်ပြန်ချက်တွေနဲ့ပတ်သက်ပြီး လူကြီးမင်းတို့ထံက ထုတ်ပြန်ချက် သို့မဟုတ်ပြန်ကြားချက်ကိုတောင်းခံလိုတဲ့အတွက် အခုစာကို ရေးသားလိုက်ရခြင်းဖြစ်ပါတယ်။

လေကြောင်းကနေတိုက်ခိုက်မှုကြောင့် အရပ်သား ၁၀၀ ကျော်ထိခိုက်မှုတွေရှိပြီး အများအပြားသေဆုံးတယ်လို့ ထုတ်ပြန်ချက်တွေမှာ ဖော်ပြထားပါတယ်။

ကုလသမဂ္ဂကလည်း လုံခြုံရေးတပ်ဖွဲ့ အနေနဲ့ လက်နက်မဲ့အရပ်သားတွေအပေါ် အင်အားအလွန်အကျွံအသုံးပြုပြီးတိုက်ခိုက်တာဟာ လက်ခံနိုင်ဖွယ်ရာမရှိကြောင်းနဲ့ တာဝန်ခံဖို့ တောင်းဆိုထားကြောင်း ထုတ်ပြန်ထားပါတယ်။ဒီထုတ်ပြန်ချက်နဲ့ ပတ်သက်ပြီးဘယ်လိုများ တုံ့ပြန်မလဲဆိုတာ သိပါရစေ။ ကျေးဇူးတင်ပါတယ်။

➤ သည်ဖြစ်စဉ်နဲ့ပတ်သက်ပြီး ၂၄ ရက်က နိုင်ငံပိုင်သတင်းမီဒီယာတွေက တစ်ဆင့် သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်ပါပြီ။ နိုင်ငံတော်ရဲ့ သတင်းထုတ်ပြန်ထားတဲ့ အကြောင်းအရာတွေကိုတော့ ခင်ဗျား ဖတ်ပြီးလောက်ပြီထင်ပါတယ်။ ဖတ်ပြီးလောက်ရင်တော့ သည်မေးခွန်းကိုခင်ဗျား မေးမှာမဟုတ်ပါဘူး။သည်သတင်းထဲ အကုန်ပါပြီးသားဖြစ်ပါတယ်။ ဒါကကျွန်တော် ပြောချင်တဲ့ နံပါတ်တစ်အချက်ပါ။

➤ ဒုတိယတစ်ချက်အနေနဲ့ ခင်ဗျားမေးတဲ့မေးခွန်းဟာ ဘယ်အချက်အလက်ကို ကိုးကားပြီးပြောတာလဲ။ ဘယ်လောက်တရားဝင်ခိုင်မာလို့လဲလို့ မေးချင်ပါတယ်။


➤ တတိယအချက် ကောလာဟလသတင်းတွေမှာပါတဲ့ ပြည်သူနဲ့အနုပညာရှင်တွေ သေဆုံးတယ်ဆိုတာ၊ သည်နေရာဟာ ဘယ်လိုနေရာလဲ။ အဲဒီအနုပညာရှင်တွေဟာ ဘယ်လိုပတ်သက်ပြီးရောက်ရှိလဲ။ တချို့ဓာတ်ပုံမှတ်တမ်းတွေဟာ KIA ဝတ်စုံတွေနဲ့ ပုံနှံ့နေပါတယ်။ အဲတော့ သူတို့ကဘာလဲ။ အဲဒီနေရာမှာရောက်တဲ့ အနုပညာရှင် ဘယ်လောက်ရှိလို့လဲ။ နီးစပ်တဲ့အသိုင်းအဝိုင်းက အသက်ရှင်သန်ဆဲလို့ ပြောနေတာတွေရှိပါတယ်။ အတည်မပြုနိုင်သေးတာကိုမေးတာလို့ ကျွန်တော် ထင်ပါတယ်။

➤ စတုတ္ထအချက် KIA ပြောရေးဆိုခွင့် ရှိသူကိုယ်တိုင်ကပြောတယ်။ KIA ထိန်းချုပ်နယ်မြေလို့သုံးနှုန်းပြောတယ်။ ဒါဆိုရင် သည်နယ်မြေဟာဘယ်လိုသူတွေရှိနေမလဲ။ KIA တပ်ဖွဲ့ဝင်တွေနဲ့အတူ PDFတွေနဲ့ သူတို့နဲ့ နီးစပ်သူတွေပဲရှိတယ်။ ဒါလည်း ကျွန်တော်တို့မှာ အထောက်အထားရှိပါတယ်။ သည်နယ်မြေသည် KIA ရဲ့ အပြောအရ ထိန်းချုပ်နယ်မြေ၊ ကန့်သတ်နယ်မြေဖြစ်လို့ ဘယ်အရပ်သားပြည်သူကမှလည်းသွားလို့မရဘူး။ သွားဖို့မလွယ်ဘူး။ ကံဆီးကသွားရင်တောင် ဘူဇာဒီးရွာပျက် ဥရုမြစ်ချောင်းအတိုင်း ချောင်းဖျားအတိုင်းသွားရတယ်။ ဒေသအခေါ် ဥရာခချောင်းဖျား။ ဒါကိုဖြတ်ပြီးမှသာ လက်ရှိနေရာကိုရောက်မှာ။ ခင်ဗျားတို့ ကောင်းကင်ဂြိုဟ်တုပုံတွေကြည့်ပါ။သိနိုင်တယ်။အဲဒီရဲ့ အဆောက်အအုံကိုကြည့်ပါ။ ဂွမ်မော်ပြောတဲ့ ဈေးတန်း။ ဘာဈေးတန်းမှ မရှိဘူး။ ဒေသခံတွေသည် ကံဆီးဈေးမှာ ဝယ်တယ်။ အောင်ဘာလေ(တန်ဂွမ်း) ဈေးမှာဝယ်တယ်။ အဲဒီမှာဘာဈေးတန်းမှ မရှိဘူး။ ဒါဆိုရင် KIA ပြောခွင့်ရသူနဲ့ ဂွမ်မော်ရဲ့ ပြောဆိုမှုတွေအရင်ညီနှိုင်းဖို့ လိုပါလိမ့်မယ်။ ဘယ်ခရီးသွားမှမရှိဘူး။ ဘူဇာဒီးရွာကျော်ပြီး ဘယ်ဒေသခံကမှ မသွားဘူး။ သွားတဲ့ သူတွေကဘယ်သူတွေလဲ ခင်ဗျားစဉ်းစားကြည့်ပါ။

➤ ပဥ္စမအချက်အနေနဲ့ ထုတ်ပြန်ထားမှုတွေအရ KIA ရဲ့ တပ်မဟာမှူးအဆင့်ရှိသူ၊ တပ်ရင်းမှူးအဆင့်ရှိသူတွေ အပါအဝင် PDF တွေ၊ NLD ရဲ့ အဖွဲ့တွေပဲပါတယ်။ အဆင့်တွေ၊ အမည်တွေ၊ ရာထူးတွေ၊ အဖွဲ့အစည်းတွေရဲ့ အထောက်အထားရှိပါတယ်။ အရပ်သားအမည်စာရင်းတောင် မပါဘူး။ ထူးခြားတာက NLD ပါတီဝင် အမည်အချို့၊ PDF အမည်အချို့တွေ့ရတော့ အကြမ်းဖက်လို့သတ်မှတ်ထားတဲ့ အဖွဲ့တွေနဲ့ ဆက်စပ်မှုရှိတယ်။အကြမ်းဖက်လုပ်ငန်းတွေကို ပူးတွဲလုပ်ဆောင်နေတာဟာထင်ရှားပါတယ်။ နောက်တစ်ချက်ကတော့ စစ်ကိုင်းတိုင်းမှာဖြစ်ပျက်နေတဲ့ ဖြစ်စဉ်တွေနောက်ကွယ်က ဘယ်သူတွေ ပါသလဲ။ ခင်ဗျားတို့ကြည့်ရင်သိပါမယ်။ KIA ဟာ စစ်ကိုင်းတိုင်းအတွင်းက PDF တွေကို လေ့ကျင့်ပေးရုံတင်မကဘူး၊ လက်နက်နဲ့ခဲယမ်းတွေ၊ မိုင်းတွေကိုပါ ထောက်ပံ့ပါတယ်။ဖမ်းဆီးရမိသိမ်းဆည်းရမိလက်နက်တွေကိုကြည့်ရင် KIA ထုတ် လက်နက်တွေကအများဆုံးပါပဲ။ မန္တလေးတိုင်းဒေသဘက်ကမိတဲ့ လက်နက်တွေလည်း KIA ထုတ်တွေချည်းပဲဖြစ်ပါတယ်။ နောက်ကွယ်က KIA ရဲ့ အရာရှိတွေရဲ့ ပါဝင်ပတ်သက်မှုတွေဟာ များစွာရှိကြောင်း အချက်အလက်တွေရှိပါတယ်။ ဒါ့ကြောင့် တပ်မတော်အနေဖြင့် လိုအပ်တဲ့ စစ်ဆင်ရေးကိုဆောင်ရွက်ရခြင်းဖြစ်ပါတယ်။ ပြီးခဲ့တဲ့နှစ်ကဆိုရင် သည်အဖွဲ့တွေပဲ ကျွန်တော်တို့ရဲ့ နယ်မြေထိန်းစခန်းတွေဖြစ်တဲ့ အောင်ဘာလေရွာအနီးက စခန်းတွေကို ဝင်တိုက်တာတွေရှိပါတယ်။

လက်ရှိ Online ဓာတ်ပုံအထောက်အထားတွေကြည့်ပါ။ ယူနီဖောင်းနဲ့ သေဆုံး၊ စာမျက်နှာ ၂၃ သို့













ဖားကန့်နယ်မြေအတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေလုံခြုံရေးဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်ခဲ့သည့် ဖြစ်စဉ်နေရာပြပုံ



# နိုင်ငံတကာစစ်မှုရေးရာအပြာပြာ

## NATO ၏ လေ့ကျင့်မှုတွင် UK Royal Navy က CAMCOPTER S-100 UAS ကို အောင်မြင်စွာသရုပ်ပြနိုင်ခဲ့



NATO အဖွဲ့၏ လေ့ကျင့်မှုတွင် CAMCOPTER S-100 UAS ကို ISR၊ ရှာဖွေရေးနှင့်ကယ်ဆယ်ရေး (SAR) နှင့် ကုန်တင်ပို့ဆောင်ခြင်း လုပ်ငန်းများကို အောင်မြင်စွာသရုပ်ပြနိုင်ခဲ့ပြီး ပေါ်တူဂီနိုင်ငံတွင် Thales နှင့် UK Royal Navy မှ ဦးဆောင်ပြုလုပ်သော REPMUS (Robotic Experimentation and Prototyping using Maritime Uncrewed Systems) နှင့် Dynamic Messenger 2022 ကုမ္ပဏီတို့ ပါဝင်ခဲ့ကြသည်ဟု ယခုနှစ် အောက်တိုဘာ ၂၄ ရက်တွင် Schiebel က ထုတ်ဝေသော သတင်းအချက်အလက်များအရ သိရသည်။

NATO ၏ လေ့ကျင့်မှုတွင် CAMCOPTER S-100 UAS နှင့်အတူ ၎င်း၏ရေငုပ်သင်္ဘောတိုက်ဖျက်ရေး (ASW)၊ ထောက်လှမ်းရေး၊ စောင့်ကြည့်ခြင်းနှင့် ကင်းထောက်မှု(ISR)၊ ကုန်စည်ပို့ဆောင်မှုစွမ်းရည်တို့ကို အောင်မြင်စွာ သရုပ်ပြခဲ့သည်။ CAMCOPTER S-100 UAS ၏ အောင်မြင်သောစစ်ဆင်ရေးစွမ်းရည် သရုပ်ပြမှုသည် မောင်းသူမဲ့စနစ်များကိုပြသခြင်းနှင့် နောက်ဆုံးပေါ်နည်းပညာတိုးတက်မှုများကို လက်တွေ့အသုံးချမှုအတွက် ပြသခြင်းလည်းဖြစ်သည်။

မောင်းသူမဲ့လေယာဉ်စနစ်များသည် အစဉ်အလာအားဖြင့် ISR တာဝန်များအပေါ် အာရုံစိုက်ခဲ့ကြသော်လည်း ယခုအခါ Schiebel သည်Thales နှင့်ပူးပေါင်းလုပ်ဆောင်နေသည်။

သရုပ်ပြသမှုတွင် မဟာဗျူဟာမြောက်ဆိပ်ကမ်းတစ်ခုဆီသို့ ရန်သူရေငုပ်သင်္ဘောချဉ်းကပ်လာမှုများကို စောင့်ကြည့်ခြင်းနှင့် ကာကွယ်ခြင်းပင်ဖြစ်သည်။ Sonobuoys များကို အတားအဆီးအဖြစ် ချထားမှုနှင့်အတူ CAMCOPTER S-100 UAS တွင် Wescam MX-8 EO/IR အာရုံခံကိရိယာနှင့် Thales BlueScan ဒေတာ ထပ်ဆင့်ပို့နိုင်သည့် အာရုံခံကိရိယာ တပ်ဆင်ထားပြီး Sonobuoys များမှ ဒေတာများပေးပို့ခြင်းကို စောင့်ကြည့်လျက် ရန်သူ့ရေငုပ်သင်္ဘောများကို ရှာဖွေထောက်လှမ်းတွေ့ရှိခြင်းနှင့် အမျိုးအစားခွဲခြင်းတို့ကို လုပ်ဆောင်က ကမ်းပေါ်ရှိ ကွပ်ကဲမှုဌာနချုပ်သို့ ထပ်ဆင့်ပေးနိုင်ခဲ့သည်။

**Royal Navy successfully operates Schiebel Camcopter S-100 UAS during NATO exercise ကို ဘာသာပြန်ဆိုပါသည်။**

## Kakhovka ရေအားလျှပ်စစ်စက်ရုံသို့ နိုင်ငံတကာစောင့်ကြည့်ရေးမစ်ရှင်စေလွှတ်ရန် ယူကရိန်းတောင်းဆို

ယူကရိန်းရှိ Kakhovka ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံသို့ နိုင်ငံတကာစောင့်ကြည့်ရေးမစ်ရှင်စေလွှတ်ရန် ကုလသမဂ္ဂနှင့် EU ကို တောင်းဆိုခဲ့ကြောင်း အောက်တိုဘာ ၂၀ ရက်တွင် ယူကရိန်းဝန်ကြီးချုပ် Denis Shmygal က ပြောကြားခဲ့သည်။

ယူကရိန်းတွင် Kakhovka ရေအားလျှပ်စစ်စက်ရုံကို ဖောက်ခွဲဖျက်ဆီးခြင်းသည် Zaporozhye နျူကလီးယားဓာတ်အားပေးစက်ရုံအတွက် အန္တရာယ်အနည်းဆုံးဖြစ်စေနိုင်သော်လည်း နျူကလီးယားစက်ရုံတည်ရှိရာ Energodar မြို့သည် ပျက်စီးသွားနိုင်သည်ဟု စက်ရုံအော်ပရေတာ Rosenergoatom CEO ၏အကြံပေး Renat Karchaa က TASS သို့ ပြောကြားခဲ့သည်။

ရေအားလျှပ်စစ်စက်ရုံ ဖောက်ခွဲခံရမှု၏အလားအလာရှိသော အကျိုးဆက်များနှင့်ပတ်သက်၍ မှတ်ချက်ပေးရာတွင် Renat Karchaa က "Zaporozhye NPP အတွက် သေစေလောက်သော အန္တရာယ်များမှာ နည်းပါးနေပြီး Energodar မြို့ကတော့ လွတ်နိုင်မဲ့အနေအထားမရှိပါဘူး"ဟု ပြောကြားခဲ့သည်။

Karchaa ၏အဆိုအရ ထိုကဲ့သို့သော အခြေအနေမျိုးတွင် ဓာတ်အားပေးစက်ရုံ၏အအေးပေးစနစ် အလုပ်မလုပ်ဆောင်နိုင်တော့သည့် အနေအထားမျိုးလည်း ပါဝင်နေသည်။ ရုရှားနိုင်ငံသည် Kakhovka ရေအားလျှပ်စစ်စက်ရုံနှင့် ဆည်တို့ကိုတိုက်ခိုက်ရန် ခြိမ်းခြောက်နေသည်ဟု အောက်တိုဘာ ၂၀ ရက်တွင် ယူကရိန်းနိုင်ငံသမ္မတ ဗလာဒီမာဇီလန်စကီးက ဗီဒီယိုမိန့်ခွန်းတွင် ဥရောပကောင်စီသို့ ပြောကြားခဲ့သည်။ Novokakhovka ခရိုင်အကြီးအကဲ ဗလာဒီမာလီယွန်တီယက်ဗ်က "ယူကရိန်းနိုင်ငံသာ အကျိုးအမြတ်ရနိုင်သောကြောင့် ရုရှားအနေဖြင့် Kakhovka ရေအားလျှပ်စစ်စက်ရုံနှင့် ဆည်ကို ဖျက်ဆီးစရာအကြောင်းလုံးဝမရှိကြောင်း" TASS သို့ ပြောကြားခဲ့သည်။ လွန်ခဲ့သည့်ငါးလအတွင်း ထိုဒေသသည် ယူကရိန်း၏တိုက်ခိုက်မှုများကို နေ့စဉ်နှင့်အမျှခံခဲ့ရကြောင်း ၎င်းက ဆက်လက်ပြောပြသည်။

ယူကရိန်းဝန်ကြီးချုပ် Denis Shmygal က Kakhovka ရေအားလျှပ်စစ်စက်ရုံသို့ နိုင်ငံတကာစောင့်ကြည့်ရေးမစ်ရှင်စေလွှတ်ရန် ယူကရိန်းအနေဖြင့် ကုလသမဂ္ဂနှင့် EU ကို တောင်းဆိုခဲ့ကြောင်း အောက်တိုဘာ ၂၀ ရက်တွင် ပြောကြားခဲ့သည်။ ယူကရိန်းသည် ၎င်း၏ကိုယ်ပိုင်နှင့် အနောက်တိုင်းထောက်လှမ်းရေးအေဂျင်စီများကို စက်ရုံသို့ခေါ်ဆောင်ရန် တောင်းဆိုထားကြောင်း We Together with Russia လှုပ်ရှားမှု၏ဥက္ကဋ္ဌ ဗလာဒီမာရော်ဂော့က TASS သတင်းဌာနသို့ ပြောကြားခဲ့သည်။




**https:// tass.com/ ukraine ကို ဘာသာပြန်ဆိုပါသည်။**

## ယူကရိန်းနှင့်ပတ်သက်ပြီး ရုရှား၏စွပ်စွဲချက်များကို အမေရိကန်က ပယ်ချခဲ့

ယူကရိန်းနှင့်ပတ်သက်၍ ရုရှား၏စွပ်စွဲချက်များကို အမေရိကန်က ပယ်ချခဲ့ကြောင်း ပင်တဂွန်စစ်ဌာနချုပ် သတင်းထုတ်ပြန်ရေးအတွင်းရေးမှူး Patrick Ryder က အောက်တိုဘာ ၁၇ ရက်တွင် ပြောကြားခဲ့သည်။

အဆိုပါပြောကြားချက်အရ အမေရိကန်ကာကွယ်ရေးဝန်ကြီးသည် Austin နှင့်စကားပြောဆိုရာတွင် ရုရှားနိုင်ငံအထူးစစ်ရေးစစ်ဆင်ရေးကို တန်ပြန်နိုင်ရန် ယူကရိန်း၏စွမ်းရည်ကို ထောက်ခံအားပေးရေးအတွက် မယိမ်းယိုင်သော အမေရိကန်ကတိကဝတ်ကို ထပ်မံအတည်ပြုပြောကြားခဲ့ကြောင်း သိရသည်။




"အရပ်ဘက်အခြေခံအဆောက်အအုံတွေအပေါ် ရုရှားရဲ့တိုက်ခိုက်မှုကိုရှုတ်ချခဲ့ပြီး ယူကရိန်းနှင့်ပတ်သက်ပြီး ရုရှားက လူသိရှင်ကြား မှားယွင်းသောစွပ်စွဲချက်များကို အမေရိကန်နိုင်ငံက ပယ်ချပြီး ရုရှား၏တင်းမာမှုကို အကြောင်းပြချက်အဖြစ်အသုံးပြုရန် ကြိုးပမ်းမှုမှန်သမျှကို ပယ်ချပါသည်"ဟု ပင်တဂွန်စစ်ဌာနချုပ်သတင်းထုတ်ပြန်ရေး အတွင်းရေးမှူး Patrick Ryder က ထပ်လောင်းပြောကြားခဲ့သည်။

ထို့ပြင် နှစ်နိုင်ငံ ကာကွယ်ရေးဝန်ကြီးများက အနီးကပ်အဆက်အသွယ်ရှိနေရန် ကတိပြုခဲ့ကြသည်။

အမေရိကန်ကာကွယ်ရေးဝန်ကြီး Austin သည် ပြီးခဲ့သည့်သီတင်းပတ်က ရုရှားကာကွယ်ရေးဝန်ကြီး Sergey Shoigu နှင့် နှစ်ကြိမ်တိုင်တိုင်စကားပြောဆိုခဲ့ကြသည်။ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး Antony Blinkent သည် ယူကရိန်းနိုင်ငံက Dirty Bomb ဗုံးကို အသုံးပြုရန် ပြင်ဆင်နေကြောင်း၊ ရုရှား၏ လူသိရှင်ကြား မှားယွင်းသောစွပ်စွဲချက်များကို အမေရိကန်ကပယ်ချခဲ့ကြောင်း အောက်တိုဘာ ၂၄ ရက်တွင် ပြောကြားခဲ့သည်။

ရုရှားနိုင်ငံခြားရေးဝန်ကြီး Sergey Lavrov က ယူကရိန်းနိုင်ငံ၏ Dirty Bomb ဗုံးကို အသုံးပြုနိုင်ဖွယ်ရှိမှုနှင့်ပတ်သက်၍ ကုလသမဂ္ဂလုံခြုံရေးကောင်စီ အစည်းအဝေးခေါ်ယူသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ရုရှားက ယူကရိန်း၏ Dirty Bomb ဗုံးအသုံးပြုမှုနှင့် ပတ်သက်ပြီး စိုးရိမ်နေသည်ကိုယုံကြည်ရလောက်သည့် အထောက်အထားများရှိကြောင်း ၎င်းက အလေးပေးပြောကြားခဲ့သည်။

အနောက်နိုင်ငံ လုပ်ဖော်ကိုင်ဖက်များသည် "ဒါတွေဟာ လိမ်လည်လှည့်ဖြားမှုတွေဖြစ်ပြီး ယူကရိန်းသမ္မတ ဗလာဒီမာဇီလန်စကီးအပေါ် အပြစ်တင်ဖို့ ရုရှားကိုယ်တိုင်က အလားတူတစ်ခုခုလုပ်ဖို့ စီစဉ်နေတာဖြစ်ပါတယ်"ဟု ရုရှားနိုင်ငံခြားရေးဝန်ကြီး Sergey Lavrov က ပြောကြားခဲ့သည်။

**Pentagon tells Ukraine defense chief that US rejects Moscow's `allegations' about Kiev (https://tass.com/world/1526913) ကို ဘာသာပြန်ဆိုပါသည်။**

**မင်းမျိုး**

# ငပုတောမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၉၆၁ ဧက လျာထားစိုက်ပျိုးသွားမည်



**ငပုတော အောက်တိုဘာ ၂၆**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်တွင် လာမည့်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၉၆၁ ဧက လျာထားစိုက်ပျိုးသွားမည်ဖြစ်ကြောင်း ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းမျိုးသန့်က ပြောပြ၍ သိရသည်။

လာမည့် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ငပုတောမြို့နယ်၌ နှမ်း ၉၆၁ ဧကကို နိုဝင်ဘာလပထမပတ်တွင် စိုက်ကွက်ဖော်မြေပြုပြင်မှုများလုပ်ဆောင်ပြီး ဒီဇင်ဘာလပထမပတ်တွင် စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ ယခုနှစ် နှမ်းလျာထားဧကအတိုင်း စိုက်ပျိုးနိုင်ရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် စီမံအုပ်ချုပ်ရေးအဖွဲ့တို့က ဒေသခံတောင်သူများနှင့် ပူးပေါင်းဆောင်ရွက်နေကြောင်း သိရသည်။

"ဆီထွက်သီးနှံနှမ်းက နှစ်စဉ်ဆောင်းကာလမှာ စိုက်ပျိုးပါတယ်။ ဒီနှစ်လဲ ဧက ၉၀၀ ကျော် စိုက်ပျိုးသွားမှာဖြစ်ပါတယ်။ နှမ်းကို ကျွန်တော်တို့ဒေသက တောင်သူတွေ စိုက်ဖူးတဲ့အတွေ့အကြုံရှိပါတယ်။ ဒါကြောင့် နှမ်းစိုက်ဖို့ရာအတွက် ဒေသခံတောင်သူတွေကို နည်းပညာနဲ့ပတ်သက်လို့ အထူးတလည် သင်ကြားပေးဖို့မလိုပါဘူး။ တောင်သူတွေနဲ့ အကျွမ်းတဝင်ရှိတဲ့ သီးနှံဖြစ်ပါတယ်။ စိုက်ပျိုးရေးဦးစီးဌာနအနေနဲ့ကတော့ နှမ်းလျာထားချက်ပြည့်မီဖို့နဲ့ စိုက်ပျိုးပြီးစိုက်ခင်းတွေ ရာသီဥတုနဲ့အခြားအကြောင်းအရင်းတွေကြောင့် ပျက်စီးတာမရှိစေဖို့ နည်းပညာပေးလုပ်ငန်းတွေကို ကူညီဆောင်ရွက်သွားမှာဖြစ်ပါတယ်" ဟု ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းမျိုးသန့်က ပြောပြသည်။

ငပုတောမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆောင်းသီးနှံအဖြစ် နှမ်းကို တောင်သူတစ်ဦးလျှင် တစ်ဧကမှငါးဧကထိ တောင်သူ ၂၅၉ ဦးက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ အဆိုပါနှမ်းများ လျာထားချက်အတိုင်း စိုက်ပျိုးနိုင်ပါက ဒေသ၏ စားဆီလိုအပ်ချက်ကိုလည်း တစ်ဖက်တစ်လမ်းက ဖြည့်တင်းနိုင်မည်ဖြစ်ကြောင်း သိရသည်။ **ကျော်ကျော်လင်း**

# မိုင်းခတ်မြို့နယ် ကျေးရွာသုံးရွာတွင် ကုန်ထုတ်လမ်းဖောက်လုပ်နေမှု စစ်ဆေး

**မိုင်းခတ် အောက်တိုဘာ ၂၆**

ကျိုင်းတုံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မိုင်းခတ်မြို့နယ်ရှိ ကျေးရွာသုံးရွာတွင် ကုန်ထုတ်လမ်းဖောက်လုပ်နေမှုများကို အောက်တိုဘာ ၂၅ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ကျိုင်းတုံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းနိုင်နှင့် တာဝန်ရှိသူများက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုခွင့်ပြု ရန်ပုံငွေကျပ် ၉၇ ဒသမ ၅ သန်းဖြင့် ပင်းကွေ့(လားဟူ)ကျေးရွာ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်း၊ ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၁၁၅ သန်းဖြင့် နမ့်ဟဲတောင်ကျေးရွာ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်း၊ ပြည်နယ်ခွင့်ပြုရန်ပုံငွေကျပ် ၇၂ ဒသမ ၅ သန်းဖြင့် ဟိုလင်းဝမ်မိုင်ကျေးရွာ ကုန်ထုတ်လမ်း ဖောက်လုပ်ခြင်း လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးရာ မိုင်းခတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးရန်ကျော်နှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသခဲ့ကြောင်း သိရသည်။

မိုင်းခတ်မြို့နယ် ပင်းကွေ့(လားဟူ)ကျေးရွာတွင် အရှည် နှစ်မိုင်၊ အကျယ် ၁၂ ပေ၊ အမြင့် နှစ်ပေ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းနှင့် Box Culvert နှစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းများကို ယခုနှစ် ဇွန်လပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ လက်ရှိတွင် လုပ်ငန်းများ ၉၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း၊ နမ့်ဟဲတောင်ကျေးရွာတွင် အရှည် နှစ်မိုင်၊ အကျယ် ၁၂ ပေ၊ အမြင့် နှစ်ပေ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းနှင့် Box Culvert လေးစင်း တည်ဆောက်ခြင်းလုပ်ငန်းများကို ဇွန်လပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ လက်ရှိတွင် လုပ်ငန်းများ ၈၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း၊ ဟိုလင်းဝမ်မိုင်ကျေးရွာတွင် အရှည် တစ်မိုင်သုံးဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် နှစ်ပေ ကုန်ထုတ်လမ်း ဖောက်လုပ်ခြင်းနှင့် Box Culvert နှစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းကို ဇွန်လပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ လက်ရှိတွင် လုပ်ငန်းများ ၆၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း မိုင်းခတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးရန်ကျော်က ပြောပြ၍ သိရသည်။



**ကျော်စောဦး(မောရှမ်းမြေ)**

# အုတ်ဖိုမြို့နယ် ထူးကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**အုတ်ဖို အောက်တိုဘာ ၂၆**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် အုတ်ဖိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ထူးကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ) အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ အုတ်ဖိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းမြင့်စိုးက မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ) ရန်ပုံငွေထုတ်ချေးပေးရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူး ဦးဝင်းမြင့်စိုးက မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် နေကြာအပါအဝင် အခြားဆီထွက်သီးနှံများစိုက်ပျိုးနိုင်စေရန် ရည်ရွယ်၍ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ထူးကုန်းကျေးရွာ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက နေကြာစိုက်ပျိုးရေးလုပ်ငန်းများလုပ်ကိုင်မည့်တောင်သူ ၄၈ ဦးတို့ကို မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ) ရန်ပုံငွေကျပ် ၁၀ သန်း ထုတ်ချေးပေးခဲ့ကြောင်း အုတ်ဖိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။ **အေးမြတ်**


# လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



**နိုင်ငံတော်မီဖွံ့ဖြိုးရေးအတွက်**

**အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို**

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၂၆-၁၀-၂၀၂၂

**ရွှေ**

| | | |
|---|---|---|
| ၁၆ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၅၃၀၀၀၀ |
| ၁၅ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၄၃၅၀၀၀ |

**(ဖွဲ့ထက်ရွှေဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)**

**ဆန်**

| | | |
|---|---|---|
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၈၂၀၀၀/၈၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၇၂၀၀၀/၇၅၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၇၀၀၀၀/၇၃၀၀၀ |
| မကျွမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၅၃၀၀၀/၅၆၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၄၂၀၀၀/၄၅၀၀၀ |
| ဧည့်ဗီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၄၁၀၀၀/၄၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၃၅၀၀၀/၃၉၀၀၀ |

**စားဆီ**

| | | |
|---|---|---|
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၁၀၀၀/၁၂၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၀၀၀၀/၁၁၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| စားအုန်းဆီ (တစ်ပိဿာ) | ကျပ် | ၅၈၃၅/၅၈၅၀ |

**စက်သုံးဆီ**

| | | |
|---|---|---|
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၆၅၅ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၇၃၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၀၀၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၀၁၀ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၁၀၀ |

**(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

**ဘိလပ်မြေ**

| | | |
|---|---|---|
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |

**သံချောင်း**

| | | |
|---|---|---|
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |

**အိမ်မိုးသွပ်**

| | | |
|---|---|---|
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၈၅)

# အာသံပြည်နယ်တွင် စီထရန်မုန်တိုင်းအန္တရာယ်နှင့်ကြုံတွေ့ရသူ ဦးရေ ၁၀၀၀ ကျော်ရှိလာ



**နယူးဒေလီ အောက်တိုဘာ ၂၆**

အိန္ဒိယနိုင်ငံ အာသံပြည်နယ်တွင် အောက်တိုဘာ ၂၅ ရက်က စီထရန် ဆိုင်ကလုန်းမုန်တိုင်း ဝင်ရောက် တိုက်ခတ်ခဲ့ပြီးနောက် သစ်ပင်ကြီးတချို့ လဲကျကာ လျှပ်စစ်မီးပြတ်တောက်မှုများဖြင့် ရင်ဆိုင်နေရသည်။ ထို့ပြင် နေအိမ်တချို့နှင့် အခြေခံအဆောက်အအုံတချို့ပျက်စီးခဲ့ပြီး မုန်တိုင်း အန္တရာယ်နှင့် ကြုံတွေ့ရသူ ဒေသခံဦးရေ ၁၀၀၀ ကျော်ရှိနေကြောင်း အာသံပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု NDTV သတင်းဌာနက ယနေ့ ရေးသားဖော်ပြခဲ့သည်။

စီထရန်ဆိုင်ကလုန်းမုန်တိုင်းသည် ဘင်္ဂလားပင်လယ်အော်မှအစပျိုးလာခြင်းဖြစ်ပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ကနဦးဝင်ရောက်တိုက်ခတ်ခဲ့ခြင်းဖြစ်ကြောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဝင်ရောက်တိုက်ခတ်ခဲ့ပြီးနောက် အောက်တိုဘာ ၂၅ ရက်တွင် အာသံပြည်နယ်သို့ ဝင်ရောက်လာခဲ့ခြင်းဖြစ်ကြောင်း၊ မုန်တိုင်းကြောင့် လဲကျခဲ့သောသစ်ပင်ကြီးများကြောင့် လမ်းမကြီးများပိတ်ဆို့မှု ဖြစ်ပေါ်နေပြီး သစ်ပင်ကြီးများ လဲကျ၍ နေအိမ်တချို့ပျက်စီးခဲ့ရကြောင်း၊ မုန်တိုင်းကြောင့် ကောက်ပဲသီးနှံစိုက်ခင်း ၃၂၅ ဧက ထိ ပျက်စီးခဲ့ကြောင်း သိရသည်။

"မုန်တိုင်းအန္တရာယ်နဲ့ရင်ဆိုင်နေရတဲ့ ဒေသအမြောက်အမြားရှိပါတယ်။ မုန်တိုင်းအန္တရာယ်နဲ့အဆိုးရွားဆုံးရင်ဆိုင်နေရတဲ့ ဒေသကတော့ ကာလီအာဘောဒေသဖြစ်ပြီးတော့ သစ်ပင်ကြီးတွေလဲကျမှုကြောင့် လမ်းမကြီးတွေ ပိတ်ဆို့မှုဖြစ်ပေါ်နေတယ်။ ဓာတ်တိုင်တွေ လဲကျမှုကြောင့်လဲ လျှပ်စစ်မီးပြတ်တောက်မှုတွေနဲ့ ရင်ဆိုင်နေရပါတယ်။ မိုးရွာသွန်းမှုကြောင့်လဲ ကုန်းနိမ့်ပိုင်းဒေသတွေမှာ ရေကြီးရေလျှံမှုတွေ ဖြစ်ပေါ်လာနိုင်တဲ့ အခြေအနေဖြစ်နေတယ်။ နေအိမ်တော်တော်များများ ပျက်စီးခဲ့ပါတယ်"ဟု အာသံပြည်နယ် အာဏာပိုင်အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

**စိုင်းဆက်**

# အီရတ်နိုင်ငံတွင် မိုးခေါင်ရေရှားမှုကြောင့် သောက်သုံးရေပြတ်ခဲ့ပြီး သီးနှံအထွက်နှုန်းကျဆင်း

**ဘဂ္ဂဒက် အောက်တိုဘာ ၂၆**

အီရတ်နိုင်ငံတွင် ယခုနှစ် မိုးခေါင်ရေရှားမှုကြောင့် အိမ်ထောင်စု ၁၀ စုလျှင် ခြောက်စုသည် သောက်သုံးရေ ပြတ်တောက်ခဲ့ပြီး တောင်သူလေးပုံတစ်ပုံသည် သီးနှံအထွက်နှုန်း သိသိသာသာကျဆင်းခဲ့ကြောင်း Dhaka Tribune သတင်းဌာနက ယနေ့ရေးသား ဖော်ပြထားသည်။

အီရတ်နိုင်ငံသည် ယခုနှစ်အတွင်း မိုးခေါင်မှု၊ မိုးရွာသွန်းမှု နည်းပါးခြင်းတို့ကြောင့် ကမ္ဘာပေါ်တွင် ရာသီဥတုဖောက်ပြန်မှု၏ အဓိကသက်ရောက်မှု ပဉ္စမ အထိခိုက်လွယ်ဆုံး နိုင်ငံတစ်နိုင်ငံအဖြစ် ကုလသမဂ္ဂက အဆင့်သတ်မှတ်ခဲ့ကြောင်း သိရသည်။

"အီရတ်နိုင်ငံ ရာသီဥတုနဲ့ ရေအကျပ်အတည်းကြောင့် ပျက်စီးဆုံးရှုံးမှုတွေဆက်ရှိနေတာကို ကျွန်တော်တို့မြင်တွေ့နေရပါတယ်"ဟု NRC ၏ ဒါရိုက်တာ James Munn က စစ်တမ်းတွေ့ရှိချက်နှင့်အတူ ကြေညာချက်တွင် ဖော်ပြထားသည်။

ရေနံကြွယ်ဝသော်လည်း အကူအညီလိုအပ်နေသည့် အီရတ်နိုင်ငံတွင် ဒုက္ခသည်ဆိုင်ရာ အကူအညီပေးရေးအဖွဲ့တစ်ဖွဲ့ဖြစ်သော Norwegian Refugee Council (NRC) က ပြည်နယ်ငါးခုတွင် အိမ်ထောင်စု ၁၃၄၁ စုကို စစ်တမ်းကောက်ယူခဲ့ခြင်းဖြစ်သည်။

NRC ၏စစ်တမ်းအရ ရေအကျပ်အတည်းသည် သောက်သုံးရေရှားပါးမှုနှင့် စိုက်ပျိုးရေရရှိရေးအပြင် ကောက်ပဲသီးနှံထုတ်လုပ်နိုင်မှုအပေါ် ချက်ချင်းအကျိုးသက်ရောက်မှုရှိပြီး နိုင်ငံတွင်းရှိ အိမ်ထောင်စု၏ ၃၅ ရာခိုင်နှုန်းက ၎င်းတို့၏ အစားအသောက်ပမာဏကို လျှော့ချခဲ့ရကြောင်း၊ ၆၀ ရာခိုင်နှုန်းက သောက်သုံးရေရရှိရန် လိုအပ်နေပြီး အိမ်တွင်းသုံးစွဲရေ ပြတ်တောက်ခဲ့ကြောင်း သိရသည်။

အီရတ်မြစ်ချောင်းများမှ ရေများပင်လယ်ကွေ့ထဲသို့ မစီးဝင်မီ တိုက်ဂရစ်မြစ်နှင့် ယူဖရေးတီးမြစ်တို့ပေါင်းဆုံရာ တောင်ပိုင်းပြည်နယ် Basra တွင် ရေပမာဏကျဆင်းခြင်းနှင့် ဆားပါဝင်မှုမြင့်မားခြင်းကြောင့် သန့်ရှင်းသောသောက်သုံးရေကို ရရှိရန်ခက်ခဲလျက်ရှိကြောင်း သိရသည်။ AZH

# ရာသီဥတုဖောက်ပြန်မှုမြင့်တက်လာသဖြင့် ၂၀၅၀ ပြည့်နှစ်တွင် ကမ္ဘာတစ်ဝန်းရှိ ကလေးငယ်နှစ်ဘီလီယံခန့် အပူလှိုင်းကြောင့် အသက်အန္တရာယ် ရင်ဆိုင်ရဖွယ်ရှိနေ

**နယူးယောက် အောက်တိုဘာ ၂၆**

ရာသီဥတု ဖောက်ပြန်မှုနှုန်း မြင့်တက်လာသည့်အတွက် ၂၀၅၀ ပြည့်နှစ်တွင် ကမ္ဘာတစ်ဝန်း အရွယ်မရောက်သေးသည့် ကလေးငယ် ဘီလီယံနှင့်ချီ၍ အသက်အန္တရာယ်ရှိလာနိုင်သည့် အခြေအနေဖြင့် ရင်ဆိုင်ရဖွယ်ရှိနေကြောင်း အမေရိကန်နိုင်ငံ နယူးယောက်အခြေစိုက် ကုလသမဂ္ဂ အပြည်ပြည်ဆိုင်ရာ ကလေးသူငယ်များအရေးပေါ်ရန်ပုံငွေအဖွဲ့(UNICEF) က ထုတ်ပြန်ခဲ့သည်ဟု CBS News သတင်းဌာနက ယနေ့ရေးသားဖော်ပြခဲ့သည်။

ရာသီဥတုဖောက်ပြန်မှုကြောင့် ယခုနှစ်အတွင်း၌လည်း အပူလှိုင်းဖြတ်သန်းမှု အကြိမ်ရေ မြင့်မားခဲ့သလို ၂၀၅၀ ပြည့်နှစ်မတိုင်မီ ကာလအတွင်း၌လည်း အပူလှိုင်းဖြတ်သန်းမှုဖြင့် အကြိမ်ကြိမ် ရင်ဆိုင်ရဖွယ်ရှိနေကြောင်း၊ ၂၀၅၀ ပြည့်နှစ် အရောက်တွင် အပူလှိုင်းကြောင့် အပူချိန်မှာ စံချိန်တင် မြင့်တက်ဖွယ်ရှိနေပြီး ကလေးငယ် နှစ်ဘီလီယံခန့်ထိ အသက်အန္တရာယ် ခြိမ်းခြောက်လာနိုင်ကြောင်း UNICEF က ထုတ်ပြန်ခဲ့ကြောင်း သိရသည်။



"ရာသီဥတုဖောက်ပြန်မှုကြောင့် အပူလှိုင်းဖြတ်သန်းမှုတွေ အကြိမ်ရေ စိပ်လာပါတယ်။ ၂၀၅၀ ပြည့်နှစ်လောက်ဆိုရင် အပူလှိုင်းဖြတ်သန်းမှုဟာ ရာသီမရွေးဖြစ်ပေါ်လာနိုင်ပြီးတော့ အပူချိန်တွေဟာလဲ တစ်ခါမှ မရောက်ဖူးသေးတဲ့ ပမာဏကို ရောက်ရှိလာလိမ့်မယ်။ အပူချိန်မြင့်တက်မှုကြောင့် အရွယ်မရောက်သေးတဲ့ ကလေးသူငယ် နှစ်ဘီလီယံလောက်ထိ အသက်အန္တရာယ်ရှိနိုင်တဲ့အခြေအနေနဲ့ ရင်ဆိုင်ရနိုင်တယ်။ အရွယ်မရောက်သေးတဲ့ ကလေးသူငယ်တွေအနေနဲ့ အပူချိန်မြင့်တက်မှုနဲ့ဆက်စပ်နေတဲ့ ရောဂါဝေဒနာတွေ ပြင်းထန်စွာခံစားရနိုင်တယ်"ဟု ကုလသမဂ္ဂအပြည်ပြည်ဆိုင်ရာ ကလေးသူငယ်များအရေးပေါ်ရန်ပုံငွေအဖွဲ့(UNICEF)မှ ညွှန်ကြားရေးမှူး ကက်သရင်းရက်ဆဲလ်က သတိပေးပြောကြားခဲ့သည်။

**စိုင်းဆက်**

# ဖိလစ်ပိုင်နိုင်ငံတွင် မြေငလျင်လှုပ်ခတ်မှုကြောင့် စာသင်ကျောင်းများ ယာယီပိတ်ထားရ

**မနီလာ အောက်တိုဘာ ၂၆**

ဖိလစ်ပိုင်နိုင်ငံ အေဗရာစီရင်စုတွင် ယနေ့အစောပိုင်း၌ ပြင်းအား ၆ ဒသမ ၇ မဂ္ဂနီကျူးရှိသည့် မြေငလျင်လှုပ်ခတ်သွားခဲ့ပြီး မြေငလျင်ကြောင့် စာသင်ကျောင်းတချို့ အသေးစား ပျက်စီးမှုများရှိခဲ့သည့်အတွက် မြေငလျင်ဒဏ်သင့်ဒေသမှ စာသင်ကျောင်းများကို ယာယီပိတ်ထားရကြောင်း အေဗရာစီရင်စု အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု MT သတင်းဌာနက ယနေ့ရေးသားဖော်ပြခဲ့သည်။

စာသင်ကျောင်းများအပြင် မြေငလျင်ဒဏ်သင့် အစိုးရရုံးတချို့ကိုလည်း ယာယီပိတ်ထားရပြီး မြေငလျင်ကြောင့် ပျက်စီးခဲ့သည့် အခြေခံ အဆောက်အအုံများကို အမြန်ဆုံး ပြင်ဆင်ပေးသွားမည်ဖြစ်ကြောင်း၊ မြေငလျင်သည် အေဗရာစီရင်စုရှိ တီနန်ဒေသတွင် ဗဟိုပြု လှုပ်ခတ်ခဲ့ခြင်းဖြစ်ပြီး အရေးပေါ်စီမံခန့်ခွဲရေးအေဂျင်စီက မြေငလျင်ဒဏ်သင့်ဒေသများတွင် အရေးပေါ်အခြေအနေဖြင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အေဗရာစီရင်စု အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့ကြောင်း၊ မြေငလျင်ကြောင့် အခြေခံအဆောက်အအုံတချို့ ပျက်စီးခဲ့သော်လည်း ထိခိုက်ဒဏ်ရာရရှိသူမရှိခဲ့ကြောင်း၊ မြေငလျင်ကြောင့် တီနန်ဒေသနှင့် လာဂါယန်ဒေသတို့တွင် လမ်းမကြီးတချို့ ပျက်စီးခဲ့သလို လမ်းဘေးဝဲယာရှိ တောင်ပြိုကျမှုကြောင့် လမ်းပိတ်ဆို့မှု ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

"ဒီနေ့အစောပိုင်းမှာ မြေငလျင်လှုပ်ခတ်မှုဖြစ်ပွားခဲ့ပါတယ်။ မြေငလျင်ပြင်းအားက ၆ ဒသမ ၇ မဂ္ဂနီကျူးရှိခဲ့ပါတယ်။ မြေငလျင်ဟာ တီနန်ဒေသကို ဗဟိုပြုပြီး လှုပ်ခတ်ခဲ့တာဖြစ်ပါတယ်။ မြေငလျင်ကြောင့် အခြေခံအဆောက်အအုံတချို့ပျက်စီးခဲ့ပါတယ်။ အသေးစားပျက်စီးမှုတွေပဲဖြစ်ပါတယ်။ လမ်းမကြီးတချို့ပျက်စီးပြီး လမ်းပိတ်ဆို့မှုတွေလဲ ဖြစ်ပေါ်နေပါတယ်။ မြေငလျင်ကြောင့် အစိုးရစာသင်ကျောင်းကော ပုဂ္ဂလိကစာသင်ကျောင်းတွေကိုပါ ယာယီပိတ်ထားရပါတယ်။ အစိုးရရုံးတချို့ကိုလဲ ယာယီပိတ်ထားရပါတယ်"ဟု အေဗရာ သဘာဝဘေးအန္တရာယ်လျှော့ချရေးနှင့် စီမံခန့်ခွဲရေးအေဂျင်စီက ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

**စိုင်းဆက်**

## ငလျင်လှုပ်ပြီးနောက် ပြုလုပ်ရန်အချက်များ

၁။ မိမိ၏ မိသားစုဝင်များကို စစ်ဆေးပါ။မိသားစုဝင်များပျောက်ဆုံးသွားပါက သက်ဆိုင်ရာသို့အကြောင်းကြားပါ။



၂။ ထိခိုက်ဒဏ်ရာရရှိသူများကို စစ်ဆေးပြီး လိုအပ်သော အကူအညီများပေးပါ။



၃။ သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန်ကြေညာသော သတင်းများကို စဉ်ဆက်မပြတ် နားထောင်ပြီး အကြံပြုချက်များကို လိုက်နာပါ။ အခြားသူများကိုမျှဝေပါ။ ကောလာဟာလ သတင်းများကို မယုံပါနှင့်။



၄။ မိမိအိမ်နှင့် ပတ်ဝန်းကျင်ရှိ လျှပ်စစ်ပစ္စည်းများ ပျက်စီးမှုများ အားလုံးကို ပြန်လည် စစ်ဆေးပါ။



# အမှတ်(၂၄)အကြီးစားစက်ရုံ(ဒဂုံ)ရှိ ဆိုလာအလုပ်ရုံကို ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံသူများနှင့် Public Private Partnership ဖြင့် ပူးပေါင်းဆောင်ရွက်မည်



**နေပြည်တော် အောက်တိုဘာ ၂၆**

အမှတ်(၂၄)အကြီးစား စက်ရုံ (ဒဂုံ)ရှိ ဆိုလာအလုပ်ရုံကို ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံသူများ နှင့် Public Private Partnership (PPP) ပုံစံဖြင့် ပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း စက်မှုဝန်ကြီးဌာန၏ သတင်းများ အရ သိရသည်။

စက်မှုဝန်ကြီးဌာန အမှတ်(၂) အကြီးစားစက်မှုလုပ်ငန်း လက်အောက်တွင် လမ်းပန်းဆက်သွယ်ရေးကဏ္ဍ၏ အဓိကကျသောသယ်ယူပို့ဆောင်ရေးယာဉ်များ၊ လူစီးမော်တော်ယာဉ်များနှင့် စက်မှုလယ်ယာသုံးယာဉ်များအတွက် လိုအပ်လျက်ရှိသော မော်တော်ယာဉ်တာယာများ၊ စက်မှုကုန်ကြမ်းဖြစ်သည့်သဘာဝရော်ဘာများ၊ နိုင်ငံတော်လိုအပ်ချက်အရ စက်နှင့်စက်ကိရိယာပစ္စည်းများ၊ လျှပ်စစ်နှင့် အီလက်ထရွန်နစ်ပစ္စည်းများ၊ ရေအားလျှပ်စစ် တာဘိုင်များ၊ ဂျင်နရေတာများ၊ ဘွိုင်လာများ၊ နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ပစ္စည်းများ၊ LED မီးသီးများ၊ ဘိလပ်မြေ၊ မီးခံအုတ်၊ ကြွေထည်ပစ္စည်းအမျိုးမျိုး၊ ဗို့အားမြင့်ကြွေသီးအမျိုးမျိုးနှင့် မှန်များထုတ်လုပ်ပေးနေသော စက်ရုံအလုပ်ရုံ ၂၇ ရုံရှိနေကြောင်း သိရသည်။

ယခုအခါဝန်ကြီးဌာနက လုပ်ကိုင်ဆောင်ရွက်နေသည့် အမှတ်(၂၄) အကြီးစားစက်ရုံ(ဒဂုံ)၊ ဆိုလာအလုပ်ရုံကို ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံသူများနှင့် Public Private Partnership(PPP)ပုံစံဖြင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သည်။

အဆိုပါစက်ရုံမှ Solar Panels, Solar Street Light များကို ထုတ်လုပ်လျက်ရှိကြောင်း၊ ထို့ကြောင့် အဆိုပါဆိုလာစက်ရုံတွင် ဆိုလာလုပ်ငန်းများအပြင် လျှပ်စစ်နှင့်အီလက်ထရွန်နစ် ပစ္စည်းထုတ်လုပ်မှုလုပ်ငန်းများနှင့် အခြားစက်မှုပစ္စည်းထုတ်လုပ်သည့် လုပ်ငန်းများကို Public Private Partnership (PPP)ပုံစံဖြင့် ပူးပေါင်းဆောင်ရွက်လိုသည့် ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံလိုသူများအနေဖြင့် အဆိုပြုလွှာများကို စက်မှုဝန်ကြီးဌာန၊ အမှတ်(၂) အကြီးစားစက်မှုလုပ်ငန်း၊ စီမံရေးရာဌာန၊ ရုံးအမှတ်(၄၁)၊ နေပြည်တော်သို့ နိုဝင်ဘာ ၂၅ ရက် ညနေ ၃ နာရီ နောက်ဆုံးထားပေးပို့တင်ပြရမည်ဖြစ်ကြောင်း သိရသည်။

SKL

# မြောက်ဦးမြို့နယ် သံချောင်း(ဟောင်း)ကျေးရွာ၌ မြေသားရေကန်တူးဖော်မှု ကွင်းဆင်းစစ်ဆေး

**မြောက်ဦး အောက်တိုဘာ ၂၆**

ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် သောက်သုံးရေဖူလုံစွာရရှိစေရန်ရည်ရွယ်၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် သံချောင်း(ဟောင်း)ကျေးရွာ၌ မြေသားရေကန်တူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို အောက်တိုဘာ ၂၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြောက်ဦးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ထွန်းလှနှင့် မြို့နယ်တာဝန်ခံအင်ဂျင်နီယာများက ကျေးရွာရေရရှိရေးကော်မတီဝင်များနှင့်အတူ သံချောင်း(ဟောင်း)ကျေးရွာ၌ မြေသားရေကန်တူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကွင်းဆင်းစစ်ဆေးပြီး တာဝန်ယူဆောင်ရွက်နေသော တာရာလင်းလက်ထွန်းကုမ္ပဏီတာဝန်ခံ အင်ဂျင်နီယာက လုပ်ငန်းဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြမှုအပေါ် မြို့နယ်ဦးစီးမှူး ဦးကျော်ထွန်းလှက သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အရည်အသွေးပြည့်မီစေရေး ကြီးကြပ်ဆောင်ရွက်သွားရန်နှင့် လိုအပ်သည်များ ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။

မြောက်ဦးမြို့နယ် သံချောင်း(ဟောင်း)ကျေးရွာ၌ အလျား ပေ ၁၀၀၊ အနံပေ ၁၀၀ အနက်ခြောက်ပေ မြေသားရေကန်တူးဖော်ခြင်း လုပ်ငန်းကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၁၀ သန်းဖြင့် တာရာလင်းလက်ထွန်းကုမ္ပဏီက မေ ၂၅ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၂၅ ရက်ထိ ၇၅ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ **ကိုသန်း**

# စစ်ကိုင်းတိုင်းဒေသကြီးတွင် ယခုဘဏ္ဍာနှစ်၌ အလုပ်အကိုင်အခွင့်အလမ်း ၁၅၀၀ ကျော်ဖန်တီးပေးနိုင်ခဲ့

**မုံရွာ အောက်တိုဘာ ၂၆**

စစ်ကိုင်းတိုင်းဒေသကြီးတွင် ယခုဘဏ္ဍာနှစ်၌ ဖြေလမှ စက်တင်ဘာလထိ အလုပ်အကိုင်အခွင့်အလမ်းပေါင်း ၁၅၀၀ ကျော်ကို ဖန်တီးပေးနိုင်ခဲ့ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်မမျိုးဇော်က ပြောပြ၍ သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ယခုဘဏ္ဍာနှစ်၏ ပထမ ခြောက်လပတ်တွင် စက်မှုကဏ္ဍ လေးခု၊ ဝန်ဆောင်မှုကဏ္ဍ တစ်ခု စုစုပေါင်း ငါးခု ရင်းနှီးမြှုပ်နှံခွင့်ပြုခဲ့ပြီး အလုပ်အကိုင်အခွင့်အလမ်း ၁၅၀၀ ကျော်ကို ဖန်တီးပေးနိုင်ခဲ့ရာ ယခု ဒုတိယ ခြောက်လပတ် ကာလတွင်လည်း ရင်းနှီးမြှုပ်နှံ ဝင်ရောက်လာရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုဖန်တီးပေးနိုင်ရေးတို့ကို ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"အခုဘဏ္ဍာနှစ်ရဲ့ ဒုတိယ ခြောက်လပတ်အတွင်းမှာ Ma Du Co., Ltd က မွေးမြူရေးလုပ်ငန်း လုပ်ကိုင်ဖို့အတွက် မြေလွတ်၊ မြေလပ်၊ မြေရိုင်းလျှောက်ထားတာရှိပါတယ်။ အခြားကုမ္ပဏီတွေကတော့ တည်ဆောက်ရေးလုပ်ငန်းတွေ သက်တမ်းတိုးဖို့ တင်ပြထားတာရှိပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွေအနေနဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနဲ့ စက်မှုလုပ်ငန်းတွေကို ဦးစားပေးဖိတ်ခေါ် ဆောင်ရွက်နေပါတယ်" ဟု ဒေါ်မမျိုးဇော်က ပြောပြသည်။



စစ်ကိုင်းတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီအနေဖြင့် လုပ်ထုံးလုပ်နည်းနှင့်အညီ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအဖြစ် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများနှင့် စက်မှုဇုန်များတွင်လည်း စက်မှုလုပ်ငန်းရှင်များကို ဦးစားပေးဖိတ်ခေါ် ဆောင်ရွက်လျက်ရှိကြောင်း ၎င်းက ဆက်လက်ပြောပြ၍ သိရသည်။

ASH

# မိုးမိတ်မြို့နယ် ကင့်နွယ်ကျေးရွာ၌ ဘက်စုံသုံးခန်းမတည်ဆောက်ပြီးစီးမှု စစ်ဆေး

**မိုးမိတ် အောက်တိုဘာ ၂၆**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုးမိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကင့်နွယ်ကျေးရွာ၌ ကျေးရွာဘက်စုံသုံးခန်းမတည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုးမိတ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမျိုးဇော်ထွန်း၊ မြို့နယ်ဦးစီးမှူး ဦးဘရန်ဆိုင်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ကင့်နွယ်ကျေးရွာ၌ ကျေးရွာဘက်စုံသုံးခန်းမတည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးမျိုးဇော်ထွန်းက လုပ်ငန်းများ ရေရှည်တည်တံ့စေရေး ဝိုင်းဝန်းထိန်းသိမ်း ဆောင်ရွက်ကြရန်နှင့် လိုအပ်သည်များကို ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

မိုးမိတ်မြို့နယ် ကင့်နွယ်ကျေးရွာတွင် အလျားပေ ၄၀၊ အနံပေ ၃၀၊ အမြင့် ၁၂ ပေရှိ ကျေးရွာဘက်စုံသုံးခန်းမ တည်ဆောက်ခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၀၀၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် ၇၆ ဒသမ ၃ သိန်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ဩဂုတ်လ ဒုတိယပတ်က စတင်ဆောင်ရွက်လျက်ရှိရာ ယခုအခါရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**ဖြိုးထက်အောင်(ပျော်ဘွယ်)**



# စဉ့်ကူးမြို့နယ် ကျေးရွာလေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**စဉ့်ကူး အောက်တိုဘာ ၂၆**

မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာ စီမံကိန်းဝင်ကျေးရွာ လေးရွာအတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါဦးစီးဌာန၌ ကျင်းပသည်။

ရှေးဦးစွာ စဉ့်ကူးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနိုင်အောင်စိုးက မြစိမ်းရောင်ကျေးရွာ စီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ၏ ဆင်းရဲမှုလျှော့ချနိုင်စေရန် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများနှင့် အခြားမိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက်စဉ့်ကူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံတို့က မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များနှင့်အတူ ခမ်းပါးကျေးရွာ၊ စားကျက်ကလေးကျေးရွာ၊ ရေပြာအိုင်ကျေးရွာ၊ ကျောက်ငှားကျေးရွာတို့မှ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၃၂၆ ဦးကို ငွေကျပ် ၁၀၉ ဒသမ ၆၅ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၃၉ ဦးကို ငွေကျပ် ၅၆ ဒသမ ၅ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၁ ဦးကို ငွေကျပ် ၃ ဒသမ ၃ သန်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ ၂၄ ဦးကို ငွေကျပ် ၅ ဒသမ ၈၅ သန်း၊ ကုန်ထုတ်လုပ်ငန်းလုပ်ကိုင်သူ ရှစ်ဦးကို ငွေကျပ် ၃ ဒသမ ၁၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၆၀၈ ဦးအတွက် ငွေကျပ် ၁၇၈ ဒသမ ၄၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း မြို့နယ်ဦးစီးမှူး ဦးနိုင်အောင်စိုးထံမှ သိရသည်။

**ကိုပြည်**

# တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ် သင်တန်းသူအမျိုးသမီးများအလိုရှိသည်

၁။ လျှောက်ထားသူသည် အောက်ပါအရည်အချင်းများနှင့်ပြည့်စုံရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ (အပျို)ဖြစ်ရမည်။

(ခ) လျှောက်ထားသူသည် ၁-၁-၂၀၂၃ ရက်နေ့တွင် အသက် ၁၆ နှစ်အောက်မငယ်ရ၊ ၁၈ နှစ် ၆ လထက်မကြီးရ။

(ဂ) တက္ကသိုလ်ဝင်စာမေးပွဲကို ရူပဗေဒ၊ ဓာတုဗေဒနှင့် ဇီဝဗေဒဘာသာတွဲများဖြင့် အောင်မြင်ပြီးသူဖြစ်ရမည်။

(ဃ) အနည်းဆုံးအရပ်(၅)ပေ(၃)လက်မ၊ ကိုယ်အလေးချိန်ပေါင်(၁၀၀)ထက်မနည်းရ၊ ပေါင်(၁၃၀)ထက်မကျော်ရ။ (အထက်ပါအတိုင်း ကိုယ်အလေးချိန်သတ်မှတ်ထားသော်လည်း အသက်ငယ်ရွယ်သူများဖြစ်သဖြင့် ကိုယ်အလေးချိန်အား ခြွင်းချက်အနေဖြင့် စဉ်းစားပါမည်။)

(င) မျက်မှန်တပ်ဆင်ထားသူများမဖြစ်စေရ။

၂။ လျှောက်လွှာများအား နီးစပ်ရာတပ်/ဌာနချုပ်များတွင် အခမဲ့ထုတ်ယူ၍ဖြစ်စေ [Myawady Webportal (www.myawady.net.mm/ nurse(Female))]တွင် Download ရယူ၍ဖြစ်စေ အောက်ပါစာရွက်စာတမ်းများနှင့်အတူ ၁၂-၁၀-၂၀၂၂ ရက်နေ့မှ ၁၂-၁၁-၂၀၂၂ ရက်နေ့အတွင်း နီးစပ်ရာတပ်/ဌာနချုပ်များသို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ ပေးပို့လျှောက်ထားရမည်-

(က) နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)။

(ခ) တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်။

(ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်/မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ တင်ပြသည့်နေ့မတိုင်မီ တစ်လအတွင်းရရှိသည့်ထောက်ခံစာ(မူရင်း)။

(ဃ) တစ်လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ရောင်စုံဓာတ်ပုံ(၃)ပုံ။

(င) အိမ်ထောင်စုလူဦးရေစာရင်းပုံစံ(၆၆/၆)(မိတ္တူ)။

(စ) မိဘ/အုပ်ထိန်းသူ၏သဘောတူညီကြောင်း ထောက်ခံချက်။

၃။ သင်တန်းဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲအတွက် အင်္ဂလိပ်စာနှင့်ဇီဝဗေဒဘာသာတွဲတို့ကို တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အမှတ်(၃)စစ်ကြောရေးနှင့်တည်းခိုရေးစခန်း၊ နေပြည်တော်၌ ၃-၁၂-၂၀၂၂ ရက်နေ့တွင် ဖြေဆိုကြရမည်ဖြစ်ပါသည်။

၄။ အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် ၁၃-၁၂-၂၀၂၂ ရက်နေ့မှ ၁၉-၁၂-၂၀၂၂ ရက်နေ့အတွင်း တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့မှ စစ်ဆေးအောင်မြင်သူများကို စစ်ဘက်ဆိုင်ရာဆေးစစ်ခြင်းများပြုလုပ်၍ ဆေးစစ်အောင်မြင်သူများကို သင်တန်းသားအဖြစ် အတည်ပြုရွေးချယ်မည်။

၅။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ်(၁၆၈၀၀၀)ကျပ်၊ ဒုတိယနှစ်(၁၇၄၀၀၀)ကျပ်၊ တတိယနှစ်(၁၈၀၀၀၀)ကျပ်၊ စတုတ္ထနှစ်(၁၈၆၀၀၀)ကျပ် ရရှိမည်။

၆။ သင်တန်းအောင်မြင်ပြီးလျှင် မိမိတို့သင်ယူခဲ့သည့် ဘာသာရပ်အလိုက် အောက်ပါဘွဲ့များအပ်နှင်းပေးမည် -

(က) သူနာပြုသိပ္ပံဘွဲ့ B.N.Sc(Bachelor of Nursing Science)

(ခ) ဆေးဝါးကျွမ်းကျင်မှုသိပ္ပံဘွဲ့ B.Pharm(Bachelor of Pharmacy)

(ဂ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာဓာတ်ခွဲနည်းပညာ) B.Med.Tech(Medical Laboratory Technology)

(ဃ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာခန္ဓာသန်စွမ်းမှုနည်းပညာ) B.Med.Tech(Physiotherapy)

(င) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာဓာတ်မှန်နှင့်ပုံရိပ်ဖော်နည်းပညာ) B.Med.Tech(Medical ImagingTechnology)

(စ) ခြေတုလက်တုနှင့်အားပြုကိရိယာနည်းပညာသိပ္ပံဘွဲ့ B.Med.Tech(Prosthetics and Orthotics)

၇။ သင်တန်းပြီးမြောက်အောင်မြင်သောအခါ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် သူနာပြု (Nurse)နှင့် ဆေးဘက်ကျွမ်းကျင်သူများအဖြစ် ခန့်အပ်ပေးမည်ဖြစ်ပြီး သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီပါက မိမိတို့သင်ယူခဲ့သည့်ဘာသာရပ်အလိုက် မဟာသိပ္ပံဘွဲ့(M.Sc)နှင့် ပါရဂူဘွဲ့ (Ph.D ) သင်တန်းများတက်ရောက်ခွင့်ရရှိမည်။

၈။ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် သူနာပြု(Nurse)/ဆေးဘက်ကျွမ်းကျင်သူ(တတိယတန်း) အမှုထမ်းသက် (၁)နှစ်၊ အထက်တန်းသူနာပြု/ဆေးဘက်ကျွမ်းကျင်သူ(ဒုတိယတန်း) အမှုထမ်းသက်(၂)နှစ်၊ စုစုပေါင်း(၃)နှစ် ပြည့်မြောက်ပြီး သက်ဆိုင်ရာတို့မှ ပြန်တမ်းဝင်အရာရှိအဖြစ်ထောက်ခံတင်ပြလျှင် ဒုတိယဗိုလ်[အထက်တန်းသူနာပြု/ကျွမ်းကျင်သူ (ဒုတိယတန်း)]အဖြစ် စတင်ခန့်အပ်ပေးမည်။

**မှတ်ချက်။** အသေးစိတ်သိရှိလိုပါက မိမိတို့လျှောက်လွှာထုတ်ယူခဲ့သည့် တပ်/ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်သည်။

# တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ်သင်တန်းသားများအလိုရှိသည်

၁။ လျှောက်ထားသူသည် အောက်ပါအရည်အချင်းများနှင့်ပြည့်စုံရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(လူပျို) ဖြစ်ရမည်။

(ခ) လျှောက်ထားသူသည် ၁-၁-၂၀၂၃ ရက်နေ့တွင် အသက် ၁၆ နှစ်အောက်မငယ်ရ၊ ၁၈ နှစ် ၆ လထက်မကြီးရ။

(ဂ) တက္ကသိုလ်ဝင်စာမေးပွဲကို ရူပဗေဒ၊ ဓာတုဗေဒနှင့် ဇီဝဗေဒဘာသာတွဲများဖြင့် အောင်မြင်ပြီးသူဖြစ်ရမည်။

(ဃ) အနည်းဆုံးအရပ်(၅)ပေ(၃)လက်မ၊ ကိုယ်အလေးချိန်ပေါင်(၁၀၀)ထက်မနည်းရ၊ ပေါင်(၁၄၀)ထက်မကျော်ရ။

(င) မျက်မှန်တပ်ဆင်ထားသူများမဖြစ်စေရ။

၂။ လျှောက်လွှာများအား နီးစပ်ရာတပ်/ဌာနချုပ်များတွင် အခမဲ့ထုတ်ယူ၍ဖြစ်စေ [Myawady Webportal (www.myawady.net.mm/ nurse(male))]တွင် Download ရယူ၍ဖြစ်စေ အောက်ပါစာရွက်စာတမ်းများနှင့်အတူ ၁၂-၁၀-၂၀၂၂ ရက်နေ့မှ ၁၂-၁၁-၂၀၂၂ ရက်နေ့အတွင်း နီးစပ်ရာတပ်/ဌာနချုပ်များသို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ ပေးပို့လျှောက်ထားရမည်-

(က) နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)။

(ခ) တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်။

(ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်/မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ တင်ပြသည့်နေ့မတိုင်မီ တစ်လအတွင်းရရှိသည့်ထောက်ခံစာ(မူရင်း)။

(ဃ) တစ်လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ရောင်စုံဓာတ်ပုံ(၃)ပုံ။

(င) အိမ်ထောင်စုလူဦးရေစာရင်းပုံစံ(၆၆/၆)(မိတ္တူ)။

(စ) မိဘ/အုပ်ထိန်းသူ၏သဘောတူညီကြောင်းထောက်ခံချက်။

၃။ သင်တန်းဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲအတွက် အင်္ဂလိပ်စာနှင့်ဇီဝဗေဒဘာသာတွဲတို့ကို တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အမှတ်(၃)စစ်ကြောရေးနှင့်တည်းခိုရေးစခန်း၊ နေပြည်တော်၌ ၃-၁၂-၂၀၂၂ ရက်နေ့တွင် ဖြေဆိုကြရမည်ဖြစ်ပါသည်။

၄။ အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် ၁၃-၁၂-၂၀၂၂ ရက်နေ့မှ ၁၉-၁၂-၂၀၂၂ ရက်နေ့အတွင်း တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့မှ စစ်ဆေးအောင်မြင်သူများကို စစ်ဘက်ဆိုင်ရာဆေးစစ်ခြင်းများပြုလုပ်၍ ဆေးစစ်အောင်မြင်သူများကို သင်တန်းသားအဖြစ် အတည်ပြုရွေးချယ်မည်။

၅။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ်(၁၆၈၀၀၀)ကျပ်၊ ဒုတိယနှစ်(၁၇၄၀၀၀)ကျပ်၊ တတိယနှစ်(၁၈၀၀၀၀)ကျပ်၊ စတုတ္ထနှစ်(၁၈၆၀၀၀)ကျပ်ရရှိမည်။

၆။ သင်တန်းအောင်မြင်ပြီးလျှင် မိမိတို့သင်ယူခဲ့သည့်ဘာသာရပ်အလိုက် အောက်ပါဘွဲ့များ အပ်နှင်းပေးမည်-

(က) သူနာပြုသိပ္ပံဘွဲ့ B.N.Sc(Bachelor of Nursing Science)

(ခ) ဆေးဝါးကျွမ်းကျင်မှုသိပ္ပံဘွဲ့ B.Pharm(Bachelor of Pharmacy)

(ဂ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာဓာတ်ခွဲနည်းပညာ)
B.Med.Tech (Medical Laboratory Technology)

(ဃ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာခန္ဓာသန်စွမ်းမှုနည်းပညာ)
B.Med.Tech(Physiotherapy)

(င) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာဓာတ်မှန်နှင့်ပုံရိပ်ဖော်နည်းပညာ)
B.Med.Tech(Medical ImagingTechnology)

(စ) ခြေတုလက်တုနှင့်အားပြုကိရိယာနည်းပညာသိပ္ပံဘွဲ့ B.Med.Tech(Prosthetics and Orthotics)

၇။ သင်တန်းပြီးမြောက်အောင်မြင်သောအခါ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် သူနာပြု(Nurse)နှင့် ဆေးဘက်ကျွမ်းကျင်သူများအဖြစ် ခန့်အပ်ပေးမည်ဖြစ်ပြီး သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီပါက မိမိတို့သင်ယူခဲ့သည့်ဘာသာရပ်အလိုက် မဟာသိပ္ပံဘွဲ့(M.Sc)နှင့် ပါရဂူဘွဲ့(Ph.D) သင်တန်းများတက်ရောက်ခွင့်ရရှိမည်။

၈။ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် သူနာပြု(Nurse)/ဆေးဘက်ကျွမ်းကျင်သူ(တတိယတန်း) အမှုထမ်းသက် (၁)နှစ်၊ အထက်တန်းသူနာပြု/ဆေးဘက်ကျွမ်းကျင်သူ(ဒုတိယတန်း) အမှုထမ်းသက်(၂)နှစ်၊ စုစုပေါင်း (၃)နှစ်ပြည့်မြောက်ပြီး သက်ဆိုင်ရာတို့မှ ပြန်တမ်းဝင်အရာရှိအဖြစ်ထောက်ခံတင်ပြလျှင် ဒုတိယဗိုလ်[အထက်တန်းသူနာပြု/ကျွမ်းကျင်သူ(ဒုတိယတန်း)]အဖြစ် စတင်ခန့်အပ်ပေးမည်။

**မှတ်ချက်။** အသေးစိတ်သိရှိလိုပါက မိမိတို့လျှောက်လွှာထုတ်ယူခဲ့သည့် တပ်/ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်သည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**
(က) စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။
(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။
(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

၂။ **စီးပွားရေး**
(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။
(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။
(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

၃။ **လူမှုရေး**
(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။
(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့်ပညာရည်မြင့်မားရေး။

ဒီမိုကရေစီစနစ်တွင် လွှတ်တော်သည် နိုင်ငံရေးအရ အမြင့်ဆုံးဖြစ်ပြီး တိုင်းရင်းသားများအနေဖြင့်လည်း မိမိတို့ဒေသ၏အခွင့်အရေးများကို တရားဥပဒေနှင့်အညီ တောင်းဆိုနိုင်ရေးအတွက် နိုင်ငံရေးစင်မြင့်လွှတ်တော်တွင် ပိုမိုပါဝင်လာရမည်ဖြစ်။

တပ်မတော်သည် တိုင်းပြည်ကို ထိန်းသိမ်းစောင့်ရှောက်သူ(Guardian) အဖြစ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်၊ တိုင်းရင်းသားအဖွဲ့များအနေဖြင့်လည်း ဒီမိုကရေစီနှင့် ဖက်ဒရယ်အခွင့်အရေးကိုရရှိရန်အတွက် တရားဥပဒေနှင့်အညီ၊ စည်းကမ်းနှင့်အညီ၊ ဒီမိုကရေစီကျင့်စဉ်နှင့်အညီ လုပ်ကိုင်ဆောင်ရွက်ကြရန်လို။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၂၀၂၂ ခုနှစ် ဩဂုတ် ၄ ရက်တွင် ရှမ်းပြည်တိုးတက်ရေးပါတီ(SSPP)မှ ဒုတိယဥက္ကဋ္ဌ(၁) စဝ်ခေးတိုင်း ဦးဆောင်သည့် ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့အား တွေ့ဆုံဆွေးနွေးစဉ် ပြောကြားမှုမှကောက်နုတ်ချက်)**
**၄-၈-၂၀၂၂**

# တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်နေ့သင်တန်းများ ဖွင့်လှစ်မည်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ပညာရေးဝန်ကြီးဌာန**
**အဆင့်မြင့်ပညာဦးစီးဌာန**
**ကြေညာချက်**

၁။ ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာနရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်များတွင် ပထမနှစ် (ဒုတိယနှစ်ဝက်)နှင့် ဒုတိယနှစ်မှ မဟာဘွဲ့သင်တန်းများထိ နေ့သင်တန်းများအားလုံးကို နိုဝင်ဘာ ၁၀ ရက်တွင် ဖွင့်လှစ်မည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။ ကျောင်းအပ်လက်ခံခြင်းကို အောက်တိုဘာ ၂၇ ရက်မှ နိုဝင်ဘာ ၁၈ ရက်ထိ (စနေနေ့နှင့်တနင်္ဂနွေနေ့များအပါအဝင်) လက်ခံဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

၂။ ၂၀၂၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများအတွက် ပထမနှစ် (ပထမနှစ်ဝက်) နေ့သင်တန်းများကို နိုဝင်ဘာ ၂၁ ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်ပါသည်။

**အဆင့်မြင့်ပညာဦးစီးဌာန**

# ကျွဲပွဲ-ဇရပ်ကြီးသွားကားလမ်းပေါ်ရှိ သက်နံ့တုန်းချောင်းကူးတံတားကို PDFအမည်ခံအကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲဖျက်ဆီး



**PDFအမည်ခံ အကြမ်းဖက်သမားများ၏မိုင်းထောင်ဖောက်ခွဲမှုကြောင့် ကျွဲပွဲ-ဇရပ်ကြီးသွားကားလမ်းပေါ်ရှိ သက်နံ့တုန်းချောင်းကူးတံတားပျက်စီးနေမှုကို တွေ့ရစဉ်။**

**နေပြည်တော် အောက်တိုဘာ ၂၆**
ပဲခူးတိုင်းဒေသကြီး ထန်းတပင်မြို့နယ် ကျွဲပွဲ-ဇရပ်ကြီးသွား ကားလမ်းပေါ်ရှိ သက်နံ့တုန်းချောင်းကူးတံတားကို ယနေ့နံနက် ၆ နာရီ ၁၅ မိနစ်ခန့်တွင် PDF အမည်ခံ အကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့ကြောင်း သိရှိရသည်။

အဆိုပါနေရာသို့ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ ဖက်ဝင်ကုန်းကျေးရွာ၏ အရှေ့ဘက် မီတာ ၁၀၀ ခန့်အကွာ ကျွဲပွဲ-ဇရပ်ကြီးသွားကားလမ်းပေါ်ရှိ အရှည် ၁၀၅ ပေ၊ အကျယ် ၁၄ ပေ သံကူကွန်ကရစ်အမျိုးအစား သက်နံ့တုန်းချောင်းကူးတံတားအား PDFအမည်ခံအကြမ်းဖက်သမားများက မိုင်းခွဲဖျက်ဆီးထားသည်ကို တွေ့ရှိရပြီး **စာမျက်နှာ ၂၁ ကော်လံ ၆** ☆

**CNN International သတင်းဌာနမှ မေးမြန်းမှုကို ပြန်လည်ဖြေကြား**

စာမျက်နှာ - ၂၂

**ယခုဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ အောက်တိုဘာ ၁၄ ရက်ထိ မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ ပြည်ပသို့ ပို့ကုန်အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၀၆ ဘီလီယံပိုး ဆောင်ရွက်နိုင်ခဲ့**

စာမျက်နှာ - ၅

**အမှတ်(၂၄)အကြီးစားစက်ရုံ(ဒဂုံ)ရှိ ဆိုလာအလုပ်ရုံကို ပြည်တွင်း၊ပြည်ပရင်းနှီးမြှုပ်နှံသူများနှင့် Public Private Partnership ဖြင့် ပူးပေါင်းဆောင်ရွက်မည်**

စာမျက်နှာ - ၂၇

**မွန်ပြည်နယ် သထုံမြို့နယ်တွင် ငွေကျပ် ၁၁ ဒသမ ၇၅ ဘီလီယံတန်ဖိုးရှိ အိုက်စ် (မက်သ်အဖက်တမင်း) ကီလို ၄၇၀ ဖမ်းဆီးရမိ**

စာမျက်နှာ - ၂၁

